# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက် ၊ ကြာသပတေးနေ့ ၊ (17-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၀၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

စာမျက်နှာ - ၁၈

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။


**နေပြည်တော် နိုဝင်ဘာ ၁၆**

(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**(၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုပါ၏။**

Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်
Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ဝန်ထမ်းလစာများပေးချေခြင်း၊ လျှပ်စစ်မီတာပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခပြည့်သွင်းခြင်း၊
ပြည်တွင်းပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း၊ နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊
ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ပြဲ၀တီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်
အယ်ဒီတာ့အာဘော်

# အမျိုးသားအောင်ပွဲနေ့

နယ်ချဲ့ဗြိတိသျှတို့ချမှတ်သော ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ပထမဆုံးကန့်ကွက်သည့် ကျောင်းသားသပိတ်ကြောင့် တစ်နိုင်ငံလုံး အမျိုးသားရေးစိတ်ဓာတ်များနိုးကြားလာပြီး နယ်ချဲ့ဗြိတိသျှကို တွန်းလှန်နိုင်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့သည်။

နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို ကိုလိုနီလက်အောက်ခံနိုင်ငံအဖြစ် သိမ်းပိုက်ရာတွင် နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှုကိုသာမက အသိပညာဆိုင်ရာ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ၊ ကာကွယ်ရေးဆိုင်ရာ အတတ်ပညာများကိုသင်ကြားတတ်မြောက်စေသော အမျိုးသားပညာရေးတစ်ခုလုံးကို ဖျောက်ဖျက်ပစ်ခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေသည် စတင်အာဏာတည်ခဲ့ပြီး ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့ပါဝင်ဖွဲ့စည်းသော ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်လာသည်။

ရန်ကုန်တက္ကသိုလ်အက်ဥပဒေသည် မြန်မာကျောင်းသားအများစုကို ဖိနှိပ်လွှမ်းခြင်း၊ တက္ကသိုလ်မှဘွဲ့ရဦးရေ မထွက်နိုင်ရန် ချုပ်ကိုင်ထားခြင်း စသည့်ချုပ်ချယ်မှုအမျိုးမျိုးဖြင့် ရေးဆွဲထားသော ဥပဒေဖြစ်သည်။ ထိုသို့ရေးဆွဲထားသောကြောင့် ရန်ကုန်ကောလိပ်နှင့်ဂျပ်ဆင်ကောလိပ်မှ ကျောင်းသားများသည် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ရန်ဆုံးဖြတ်ခဲ့သည်။ ထိုသို့ နယ်ချဲ့ဗြိတိသျှကို ဆန့်ကျင်ကန့်ကွက်ခဲ့သည့် ပထမဆုံးကျောင်းသားသပိတ်သည် တစ်နိုင်ငံလုံး ပျံ့နှံ့သွားခဲ့သည်။

ထိုအချိန်မှစ၍ နိုးကြားလာသော အမျိုးသားရေးစိတ်ဓာတ်ကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ ဗမာ့မျိုးချစ်တပ်မတော်တို့ပေါ်ပေါက်လာကာ မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်လာခဲ့သည်။ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို စတင်သပိတ်မှောက်သည့် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်)ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ နှစ်စဉ် အမျိုးသားအောင်ပွဲနေ့ရောက်တိုင်း တစ်နိုင်ငံလုံးရှိ ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ၏ ပဒေသာကပွဲများ၊ စကားရည်လုပွဲများကို ပျော်ရွှင်စွာဖြင့် ခြိမ့်ခြိမ့်သဲသဲဆင်နွှဲကြသည်။

၁၉၂၀ ပြည့်နှစ်မှ ယခုနှစ်ထိ အမျိုးသားအောင်ပွဲနေ့သည် (၁၀၂) နှစ်မြောက်ပြီဖြစ်သည်။ ၂၀၂၂ ခုနှစ် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များမှာ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေး၊ ကောင်းမြတ်မှန်ကန်သောမျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် ထာဝရရှင်သန်ထက်မြက်ရေး၊ အမျိုးသားပညာရည်မြင့်တင်လျက် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများပေါ်ထွန်းလာစေရေး၊ မြန်မာ့လူမှုစီးပွားရေးကို ခေတ်မီနည်းပညာစွမ်းအားဖြင့် မြင့်မားအောင် ဆောင်ရွက်ရေးတို့ဖြစ်သည်။ ၂၀၂၂ ခုနှစ် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်မှာ "နိုင်ငံဘက်စုံဖွံ့ဖြိုးဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့"ဟူ၍ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားအောင်ပွဲနေ့သည် သူ့ကျွန်ဘဝမှ လွတ်မြောက်လိုသောစိတ်ဓာတ်နှင့် လွတ်လပ်ရေးကို အရယူနိုင်ရန် ကြိုးပမ်းခဲ့ကြသည့်စိတ်ဓာတ်ကို ပေါက်ဖွားလာစေခဲ့သောနေ့ဖြစ်ရာ မြန်မာတို့၏ သမိုင်းအစဉ်အလာကို ထိန်းသိမ်းသည့်အနေဖြင့် နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ရောက်တိုင်း နိုင်ငံကိုချစ်မြတ်နိုးသည့်စိတ်ဓာတ်၊ ကာကွယ်စောင့်ရှောက်လိုသည့်စိတ်ဓာတ်တို့ဖြင့် အမျိုးသားအောင်ပွဲနေ့ကို ပါဝင်ဆင်နွှဲအပ်ကြောင်း ဂုဏ်ပြုလိုက်ရပေသည်။

# မန္တလေး-တကောင်းရေလမ်းကြောင်းတစ်လျှောက် ရေပေါ်ကမ်းပေါ် ပြရေလမ်းညွှန်အမှတ်အသား ၁၃၆ ခု စိုက်ထူပြီးစီး



**မန္တလေး နိုဝင်ဘာ ၁၆**

မန္တလေး-တကောင်းရေလမ်းကြောင်းတစ်လျှောက် ရေပေါ်၊ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသား ၁၃၆ ခု စိုက်ထူပြီးစီးပြီဖြစ်ကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ရေဝတီမြစ် မန္တလေး-တကောင်းရေလမ်းကြောင်းတစ်လျှောက် သင်္ဘောများ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ရေပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၁၄၀ နှင့် ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၂၀၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသားအခုရေ ၃၄၀ ကို နိုဝင်ဘာ ၁၀ ရက်မှစ၍ စိုက်ထူပြသပေးလျက်ရှိရာ ယနေ့ထိ ရေပေါ်၊ ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား ၁၃၆ ခု စိုက်ထူပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မန္တလေး-တကောင်းရေလမ်းကြောင်းတစ်လျှောက်မှာ နိုဝင်ဘာ ၁၀ရက်ကနေ ကနေ့ထိ ရေပေါ်ပြရေလမ်းညွှန်အမှတ်အသားအခုရေ ၅၀ နဲ့ ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား ၈၆ ခု စိုက်ထူပြသပေးခဲ့ပြီးပါပြီ။ လုပ်ငန်းတွေပြီးစီးမှုအနေနဲ့ ၄၀ ရာခိုင်နှုန်းထိ ပြီးစီးသွားပါပြီ။ အခု ရေနည်းချိန်ကာလရောက်ပြီဆိုတော့ ဧရာဝတီမြစ်အတွင်းမှာ သောင်ထွန်းမှုတွေဖြစ်ပေါ်ပြီး ရေလမ်းကြောင်းပြောင်းလဲသွားတာတွေရှိပါတယ်။ ဒါကြောင့် မန္တလေးကနေ တကောင်းကိုသွားလာကြမဲ့ ခရီးသည်တင်သင်္ဘောနဲ့ ကုန်တင်သင်္ဘောတွေအထူးသတိပြုသွားလာကြဖို့လိုအပ်ပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

မန္တလေးဆိပ်ကမ်းကနေမန္တလေး-တကောင်းဘက်ကိုသွားလာကြမည့် ခရီးသည်တင်သင်္ဘောများအပြင် ကုန်တင်သင်္ဘောများပါ ရေနည်းချိန်ကာလတွင် သောင်တင်မှုများ မရှိစေရေးနှင့် ရေလမ်းကြောင်းမမှားစေရေးအတွက် ရေလမ်းညွှန်အမှတ်အသားများကို ဂရုပြုသွားလာကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# စိုက်ပျိုးရေးတောင်သူများကို သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်ပို့ချမည်

**မန္တလေး နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးတောင်သူများအား သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်နည်းသင်တန်းကို နိုဝင်ဘာ ၂၉ ရက်နှင့် နိုဝင်ဘာ ၃၀ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၌ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။

အဆိုပါ သင်တန်းတွင် စိုက်ပျိုးရေးတောင်သူများနှင့် စိုက်ပျိုးရေးဝါသနာရှင်များအား သဘာဝမြေဩဇာပြုလုပ်နည်း၊ ပိုးသတ်ဆေးပြုလုပ်နည်း၊ သဘာဝမြေဆွေးပြုလုပ်နည်းများကို စာတွေ့၊ လက်တွေ့ နှစ်ရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးနိုင်က ပြောပြသည်။

"စိုက်ပျိုးရေးတောင်သူတွေ သဘာဝမြေဩဇာတွေပြုလုပ်တတ်ပြီး သဘာဝမြေဩဇာတွေ စိုက်ခင်းထဲထည့်လို့ရအောင် သင်တန်းပေးတာပါ။ မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ ဈေးကောင်းပေးဝယ်ယူနေရတဲ့အချိန်မှာ အမြဲတမ်းသုံးနေတဲ့ သွင်းအားစုတွေဖြစ်တဲ့ မြေဩဇာနဲ့ ပိုးသတ်ဆေးတွေအစား စွန့်ပစ်ပစ္စည်းတွေကနေ မိမိတို့ကိုယ်တိုင် ထုတ်လုပ်ထားတဲ့ သဘာဝမြေဩဇာတွေ အသုံးပြုနိုင်အောင် အခုလို သင်တန်းပေးသွားမှာပါ။ အခုလိုသင်တန်းပေးတော့ တောင်သူတွေ ကိုယ်တိုင်ပြုလုပ်တဲ့ မြေဩဇာတွေ သုံးတဲ့အတွက် အစားအစာတွေ ဘေးကင်းလုံခြုံစိတ်ချရပါတယ်။ ဂျပန်နိုင်ငံက မြေဆွေးပြုလုပ်နည်းပါမယ်။ သင်တန်းနည်းပြကတော့ ပြင်ပက ပညာရှင်က လာရောက်ပို့ချပေးမှာပါ။ တစ်ရက်က စာတွေ့၊ တစ်ရက်က လက်တွေ့ပါ။ သင်တန်းသား စတင်ခေါ်ယူနေပါပြီ။ စာရင်းပေးထားတာတော့ ရှိပါတယ်။ တက်ရောက်လိုသူတွေအနေနဲ့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းကို ဆက်သွယ်ပြီး တက်ရောက်နိုင်ပါတယ်" ဟု ဦးကျော်စိုးနိုင်က ပြောပြသည်။

အဆိုပါ သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်နည်း သင်တန်းတွင် အသက်အရွယ်၊ ပညာအရည်အချင်းကန့်သတ်ထားခြင်းမရှိဘဲ စိုက်ပျိုးရေးကို စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး သင်တန်းသား၊ သင်တန်းသူ ဦးရေ ၃၀ သာ လက်ခံမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ရှမ်း)များ ၁၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၉၀၀၀ ပေါက်ဈေးရှိနေ

**မန္တလေး နိုဝင်ဘာ ၁၆**

မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ရှမ်း)များ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ၁၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၉၀၀၀ ပေါက်ဈေးရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြောင်းဖူး(ရှမ်း)များ မန္တလေးဈေးကွက်အတွင်း နိုဝင်ဘာလ ဒုတိယပတ်မှစ၍ အရောင်းအဝယ်ကောင်းမွန်လာကြောင်း၊ ရှမ်းပြည်နယ်ဘက်မှ အများဆုံးထွက်ရှိသည့် ပြောင်းဖူး(ရှမ်း)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာခြင်းကြောင့် ဈေးကောင်း ရရှိလာကြောင်း သိရသည်။

"အခုလတ်တလော ပြည်တွင်းဈေးကွက်အတွင်းမှာ ရှမ်းပြည်နယ်က အသစ်ဝင်လာတဲ့ပြောင်းဖူး(ရှမ်း)တွေတော့ မရှိသေးပါဘူး။ လက်ကျန်ပြောင်းဖူး(ရှမ်း)တွေ ဝယ်ယူမှုတော်တော်လေးများလာပြီး မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း၌ နိုဝင်ဘာလ ပထမပတ်အတွင်းက ပြောင်းဖူး(ရှမ်း)ဈေးနှုန်းမှာ ၁၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀ သာရှိခဲ့သော်လည်း နိုဝင်ဘာ ၁၅ ရက် ပေါက်ဈေးအရ ပြောင်းဖူး(ရှမ်း) ၁၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၉၀၀၀ ပေါက်ဈေးရှိနေကြောင်းသိရသည်။

အလားတူ ပြောင်းဖူး(CP)ဈေးနှုန်းမှာ ၁၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၉၀၀၀၊ ပြောင်းဖူး(ဗမာ)၁၄ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၇၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းပြားမြို့နယ် သင်္ဂနက်ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်မှုစစ်ဆေး

**မင်းပြား နိုဝင်ဘာ ၁၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သင်္ဂနက်ကျေးရွာအုပ်စု သင်္ဂနက်ကျေးရွာ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ညွန့်၊ မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သိန်းနှင့် ခရိုင်၊ မြို့နယ် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ သင်္ဂနက်ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော အိအိဖြိုးကုမ္ပဏီတာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ညွန့်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြောက်ဦးမြို့နယ်အတွင်း သင်္ဂနက်ကျေးရွာ၌ အလျားပေ ၉၀၊ အနံပေ ၉၀၊ အနက်သုံးပေ မြေသားရေကန်တူးဖော်ခြင်းနှင့် ပေ ၆၀၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇ ဒသမ ၈၇၅ သန်းဖြင့် အိအိဖြိုးကုမ္ပဏီမှ တာဝန်ယူ၍ စက်တင်ဘာ ၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၃၅၀၊ လူ ၁၆၅၈ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်း မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ညွန့်က ပြောပြ၍ သိရသည်။

**ကိုသန်း**

# မြစ်သားမြို့နယ် ဆင်ခြံကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှုစစ်ဆေး

**မြစ်သား နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ခြံကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ဆင်ခြံကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိစွာအသုံးပြုရန်နှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

မြစ်သားမြို့နယ် ဆင်ခြံကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၀ ဒသမ ၃၆ သန်းဖြင့် အနက်ပေ ၆၀၀၊ အကျယ် လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းများကို မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အောက်တိုဘာလ ပထမပတ်မှ နိုဝင်ဘာ ၁၀ ရက်ထိကာလအတွင်း ဆန်တန်ချိန် ၆၅၀၀၀ ကျော် တင်ပို့ထား



**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ နိုဝင်ဘာ ၁၀ ရက်ထိ ကာလအတွင်း ဆန်တန်ချိန် ၆၅၀၀၀ ကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ် (ရန်ကုန်တိုင်းဒေသကြီး)မှ ဇဟိုအလုပ်အမှုဆောင် ဦးငြိမ်းချမ်းအောင်ထံမှ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာဆန်ကို မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှု MoU ဖြင့် ဆန်တန်ချိန် ၂၀၀၀၀၀ တင်ပို့လျက်ရှိရာ အောက်တိုဘာလ ပထမပတ်မှ နိုဝင်ဘာ ၁၀ ရက်ထိ တန်ချိန် ၆၅၀၀၀ ကျော် တင်ပို့ပြီးဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလ ပထမပတ်ကစလို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဆန်တန်ချိန် ၂၀၀၀၀၀ တင်ပို့ရမှာဖြစ်ပြီး အရောင်းအဝယ်စာချုပ်အရ လာမဲ့ ဒီဇင်ဘာလကုန်ထိ သုံးလအတွင်း တင်ပို့ရမှာဖြစ်တယ်။ ဆန်တန်ချိန် ၂၀၀၀၀၀ ကို အချိန်မီတင်ပို့ရမှာဖြစ်ပြီး အလွန်ဆုံး နောက်ကျရင်တော့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလပထမပတ်လောက်ထိပဲဖြစ်မယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ် (ရန်ကုန်တိုင်းဒေသကြီး)မှ ဇဟိုအလုပ်အမှုဆောင် ဦးငြိမ်းချမ်းအောင်က ပြောပြသည်။

ထို့ပြင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှု MoU အရ မြန်မာနိုင်ငံမှ မြန်မာ့ပေါင်းဆန်တန်ချိန် ၅၅၀၀၀ ကျော်ကိုလည်း တင်ပို့ရမည်ဖြစ်ပြီး လက်ရှိတွင် ပေါင်းဆန်တင်ပို့နိုင်ရန် ပြင်ဆင်ဆောင်ရွက်နေဆဲဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၅ ဒေါ်လာခန့်ဖြင့် သတ်မှတ်ဝယ်ယူနေကြောင်း၊ မြန်မာနိုင်ငံက ငွေလက်ငင်းစနစ်ဖြင့် ရောင်းချနေခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ခွင့်ခဲ့တမ်းကို မြန်မာကုမ္ပဏီ ၃၀ ကျော်က ရရှိထားကြောင်း သိရသည်။

ASH

# တန့်ယန်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်

**တန့်ယန်း နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါဦးစီးဌာနရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းတွင် ပို့ချမည့် ဘာသာရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလက်သမား၊ ပန်းရန်သင်တန်းကို တန့်ယန်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ပြီး သင်တန်းတွင် အခြေခံအုတ်မြစ်စီခြင်းနှင့် အုတ်စီလုပ်ငန်းအမျိုးမျိုး၊ လက်သမားလုပ်ငန်းအမျိုးမျိုး၊ သံပန်း၊ သံချောင်းဆင်ခြင်းလုပ်ငန်းအမျိုးမျိုးနှင့် ကွန်ကရစ်လုပ်ငန်းအမျိုးမျိုး စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ဖြင့် ယနေ့မှ နိုဝင်ဘာ ၃၀ ရက်ထိ ၁၅ ရက်ကြာ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နီလာ**

# လဲချားမြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**လဲချား နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လဲချားမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းနွဲ့ဦးနှင့် ခရိုင်စာရင်းစစ်ရုံးမှ တာဝန်ရှိသူများ၊ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နန်းစန္ဒာဝင်း၊ တာဝန်ခံအင်ဂျင်နီယာနှင့်ဝန်ထမ်းများက နောင်မွန်းကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၀ ဒသမ ၃ သန်းဖြင့် Star Day ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း သုံးမိုင်၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်း၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၆၄ သန်းဖြင့် အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း တစ်မိုင်နှင့် အိမ်သွယ်ရေတိုင်ရေငုတ်ပေါင်း ၁၁ ခု တပ်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူများက ဝမ်ဟိုင်းကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၈ ဒသမ ၃၉ သန်းဖြင့် Hom Hway ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် အရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေနှင့် အမြင့်ကိုးလက်မရှိ ကုန်ထုတ်လမ်းအပိုင်း(၁) ဖောက်လုပ်ခြင်း၊ အဆိုပါလမ်းပေါ်တွင် Box Culvert နှစ်စင်းနှင့် Pipe Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း၊ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၅၇ ဒသမ ၇၅၈ သန်းဖြင့် လာဒ်ရှင်တောင်ကြီးကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေနှင့်အမြင့်ကိုးလက်မရှိ ကုန်ထုတ်လမ်းအပိုင်း(၂) ဖောက်လုပ်ခြင်း၊ အဆိုပါလမ်းပေါ်တွင် Box Culvert နှစ်စင်းနှင့် Pipe Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများကို ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နန်းစန္ဒာဝင်းက ပြောပြ၍ သိရသည်။

**အေးသူ**



# အမျိုးသားအောင်ပွဲနေ့မှာ တွေးစရာ

**မောင်စိန်**

တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် မြန်မာလူမျိုးတို့အတွက် အရေးကြီးသော နေ့ထူးနေ့မြတ်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာတစ်မျိုးသားလုံး၏ "အမျိုးသားအောင်ပွဲနေ့"ဖြစ်သောကြောင့်ပေတည်း။ ယခင်က အမျိုးသားနေ့ဟူ၍ သုံးနှုန်းခေါ်ဝေါ်ခဲ့ကြသည်။ တိုင်းတစ်ပါးနယ်ချဲ့ အုပ်ချုပ်မှုအောက်မှ လွတ်မြောက်ရန်ကြိုးပမ်းခဲ့သော နိုင်ငံတိုင်းလိုပင် National Day ခေါ် အမျိုးသားနေ့များ သတ်မှတ်ကျင်းပလေ့ရှိကြသည်။

**အမျိုးသားနေ့ဖြစ်ပေါ်လာပုံ**

"မဖြောင့်စွာလေလေ့ မဖြောင့်စွာ၊
တ(တစ်)မှောင့် တ(တစ်)အာဏာနှင့်၊
ထောင့်နှစ်ရာ ရှစ်ဆယ်နှစ်ဟာက၊
တ(တစ်)ခေတ် တ(တစ်)ခါထချိန်ထင့်၊
မြန်မာ့ဘောင် ပျော်ဘွယ်အချက်တွေနှင့်၊
လတန်ဆောင် ကျော်ဆယ်ရက်တွင်မှ၊
ပေါ်ထွက်ကာ တ(တစ်)မူပြီတဲ့၊
ယူနီဗာစီတီ အက်ကယ်လို့၊
အဆက်နွှံတွင် မကွာဖို့၊
တ(တစ်)သက် ဝန်တင်စရာပ၊
ကျွန်ပညာ နိသျှည်းကိုဖြင့်၊
ဟိတ်ကြီး တ(တစ်)ဟန်မထင်လို့မို့၊
မြန်ခွင်မှာ ကိုင်းယောက်ျားဟဲ့လို့
မခံချင်ရှာသူ "ဘွိုင်းကောက်တား"တွေမဖြင့်၊
စွန့်စားကာ ရုံးညာတန်းခဲ့သမို့"

အထက်ဖော်ပြပါကဗျာပိုဒ်လေးသည် အမျိုးသားနေ့ဖြစ်ပေါ်လာပုံကို ထင်ဟပ်ဖော်ပြနေသော မြန်မာနိုင်ငံနယ်ချဲ့အင်္ဂလိပ်လက်အောက်ကျရောက်နေချိန်တွင် မြန်မာအမျိုးသားများ ဇာတိသွေး၊ ဇာတိမာန်ထက်သန်လာကြစေရန် ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်တိုက်ပွဲကို ရည်ညွှန်းဖွဲ့ဆိုထားသော အမျိုးသားစာဆို ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ **နေရှင်နယ်ဒေးဘွဲ့လေးချိုးကြီး**မှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် နယ်ချဲ့ဗြိတိသျှလက်အောက်သို့ အပြီးတိုင်ကျရောက်ပြီးနောက် အင်္ဂလိပ်တို့သည် မြန်မာအမျိုးသားများ ပညာမတတ်မှသာ ပညာညံ့ဖျင်းပြီး ကျွန်သက်ပိုမိုရှည်ကြာစေရန်၊ ဗြိတိသျှနေမဝင်အင်ပါယာကြီး ပိုမိုရှည်ကြာခိုင်မြဲစေရန် နည်းမျိုးစုံဖြင့် ကြံဆောင်ခဲ့ကြသည်။

ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်တိုင်အောင် ကာလရှည်စွာတည်ရှိခဲ့ပြီးဖြစ်သော မြန်မာတို့၏ ရိုးရာအမျိုးသားပညာရေးစနစ်နေရာတွင် အုပ်စိုးသူ၊ ခြယ်လှယ်သူ ဗြိတိသျှနယ်ချဲ့တို့က နောက်ပေါ် ကိုလိုနီပညာရေးစနစ် (ဝါ) ကျွန်ဖြစ်ရုံသက်သက်သို့ ပေးစွမ်းသော ပညာရေးစနစ်ကို တဖြည်းဖြည်းအစားထိုးသင်ကြားခဲ့သည်။

ထိုစဉ်က ကျောင်းများတွင် အင်္ဂလိပ်ဘာသာစာပေနှင့် စကားကို တတ်ကျွမ်းကာ အင်္ဂလိပ်များကဲ့သို့တွေးခေါ်ပြီး အင်္ဂလိပ်စိတ်မျိုးရှိနေသော ပညာတတ်လူတန်းစားတစ်ရပ်မွေးထုတ်၍ ထိုလူတန်းစားကို တိုင်းရင်းသားလူမျိုးများနှင့် အုပ်စိုးသူ အင်္ဂလိပ်တို့ကြားတွင် ပေါင်းကူးတံတားသဖွယ်ဆောင်ရွက်စေရန်ဖြစ်သည်။ တစ်နည်းအားဖြင့် ၎င်းတို့၏ ဗျူရိုကရေစီယန္တရားကို အထောက်အကူဖြစ်စေမည့် ဗျူရိုကရက်များမွေးထုတ်ပေးသော ပညာရေးသာဖြစ်သည်။

ထိုကဲ့သို့ ကိုလိုနီပညာရေးစနစ် တစ်စတစ်စပြန့်ပွားထွန်းကားလာသည်နှင့်အမျှ တစ်ဖက်တွင် မြန်မာ့ရိုးရာ အမျိုးသားပညာရေးနိမ့်ကျလာသည်နှင့် တစ်ပြိုင်နက် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းထူထောင်မှုအရှိန်အဟုန်သည်လည်း သိသိသာသာ ကျဆင်းလာပါတော့သည်။ ထိုသို့သောအခြေအနေတွင် မြန်မာတို့သည် ကိုလိုနီထမ်းပိုးအောက်မှ ရုန်းထွက်လွတ်မြောက်နိုင်ရေးအတွက် လမ်းစကို ရှာဖွေကြိုးစားအားထုတ်လာကြပေသည်။

**မြန်မာ့ပညာရေးအလှည့်အပြောင်းမှတ် (Turning Point) (ဝါ) ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်**

အထက်တွင်ဖော်ပြခဲ့သည့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လေးချိုးကဗျာထဲတွင်ပါရှိသည့်အတိုင်း မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်(၁၉၂၀ ပြည့်နှစ်)တွင် ဗြိတိသျှအစိုးရက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို မကြိုက်ကြသဖြင့် ၁၉၂၀ ပြည့်နှစ်တွင် ကိုဘဦးတို့လူစုကတစ်ကြိမ်၊ ၁၉၃၆ ခုနှစ်တွင် ကိုနုတို့လူစုကတစ်ကြိမ် ခေါင်းဆောင်ကာသပိတ်မှောက်ခဲ့ကြ၏။ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကြီးကား မပျက်မပြင်ခဲ့ပေ။ ၁၉၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများဖြစ်သော ကိုနု၊ ကိုအောင်ဆန်း၊ ကိုကျော်ငြိမ်း၊ ကိုအောင်ကျော်၊ ကိုဘဦး၊ ကိုဘဟိန်း၊ ကိုဘဆွေ အစရှိသည့် မျိုးချစ်စိတ်ဓာတ်ပြင်းထန်သော မြန်မာကျောင်းသားများ ကျောင်းတက်နေချိန်ဖြစ်သည်။

> ❖ ရန်ကုန်တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း အပါအဝင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို စတင်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားနေ့အဖြစ်သတ်မှတ်ခဲ့ကြသည်။ နိုင်ငံတော်ကလည်း ထိုနေ့ကိုတရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးသည်။ နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ရောက်တိုင်း အမျိုးသားအောင်ပွဲနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၁၀၂ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ❖

ထို့ကြောင့်ပင် ၁၉၃၈ ခုနှစ်တွင် ပုသိမ်မြို့၌ကျင်းပသော ကျောင်းသားကွန်ဖရင့်တွင် ဥက္ကဋ္ဌ ကိုအောင်ဆန်းသည် "တက္ကသိုလ် အက်ဥပဒေသော်လည်း ပြင်ဆင်ပြီးဖြစ်ရမည်။ အောင်ဆန်းသော်လည်း ပြုတ်ရမည်"ဟု ကြိမ်းဝါးခဲ့၏။ ထို့ကြောင့်ပင် ဗြိတိသျှအစိုးရအဖွဲ့က ပြင်ဆင်ချက် ဥပဒေကြမ်းတစ်ခုကို ကျောင်းသားများနှင့်တိုင်ပင်ကာ ရေးဆွဲခဲ့၏။ ထိုပြင်ဆင်ချက်ဥပဒေကြမ်းကိုလည်း သမဂ္ဂအမှုဆောင်အဖွဲ့က ပယ်ချခဲ့၏။ ထိုအတွင်း ကုလား-ဗမာအဓိကရုဏ်းကြီးသည် တစ်မှုဟုတ်ချင်း ပေါ်ပေါက်ခဲ့၏။ အရေးတော်ပုံကြီးပြီးသည်နှင့်တစ်ပြိုင်နက် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကြီးကား ပြင်ဆင်ပြီးသားဖြစ်နေ၏။

ထိုကဲ့သို့ ၁၉၂၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်မှစ၍ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ခြင်း (Boycott)လုပ်ခဲ့ချိန်မှ စတင်ပေါ်ထွန်းလာခဲ့သော အမျိုးသားပညာရေးလှုပ်ရှားမှုဖြင့် ကိုလိုနီပညာရေးစနစ်ကို တွန်းလှန်ဖယ်ရှားရန် ဆက်တိုက်ကြိုးပမ်းအားထုတ်လာခဲ့ရာမှ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုတိုးပွားလာပြီး အမျိုးသားလွတ်မြောက်ရေးအတွက် ဆောင်ရွက်လာနိုင်ခဲ့ကြသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံတွင် အမျိုးသားကျောင်းများပေါ်ထွန်းလာပြီး မြန်မာ့ပညာရေးပြန်လည်ကောင်းမွန်လာခဲ့သည်။

**အမျိုးသားနေ့ပေါ်ထွန်းလာပြီ**

ရန်ကုန်တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း အပါအဝင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို စတင်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို **အမျိုးသားနေ့**အဖြစ်သတ်မှတ်ခဲ့ကြသည်။ နိုင်ငံတော်ကလည်း ထိုနေ့ကို တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးသည်။ နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ရောက်တိုင်း အမျိုးသားအောင်ပွဲနေ့ကို စည်ကားသိုက်မြိုက်စွာကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၁၀၂ နှစ်တိုင်ခဲ့ပြီဖြစ်သည်။

**အမျိုးသားအောင်ပွဲနေ့အတွေး**

မိမိသည် အမျိုးသားအောင်ပွဲနေ့ရောက်တိုင်း မြန်မာလူမျိုးတို့၏ အမျိုးသားရေးစိတ်ဓာတ်အခြေအနေကို သုံးသပ်မိသည်။ မိမိသည် နိုင်ငံ့အရေး(ဝါ) အမျိုးသားရေးကိုမူ စိတ်ပါဝင်စားမိသည်။ မိမိယေဘုယျလေ့လာသိရှိရသည်မှာ ယခုအခါ မြန်မာပြည်နှင့် မြန်မာလူမျိုးသည် ဂုဏ်သိမ်ညှိုးမှိန်နေသည်ဟု မြင်မိသည်။ အမျိုးဂုဏ်သိမ်ညှိုးရသည်မှာလည်း တချို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မထိန်းသိမ်းကြဘဲ မျိုးချစ်စိတ်နည်းပါးလာခြင်းကြောင့်ဖြစ်သည်။ မြန်မာလူမျိုးဖြစ်လျက် မိမိလူမျိုးကို မချစ်သောသူများကြောင့်ဟုဆိုလျှင် မှားမည်မထင်ပါ။ သူများက မချစ်လျှင်နေပါစေ။ မြန်မာလူမျိုးများက မိမိလူမျိုးကို ချစ်စေချင်သည်။

**အမျိုးကိုချစ်သင့်ကြောင်း နီတိစကား**

မိမိအမျိုး(လူမျိုး)ကို မိမိချစ်သင့်ကြောင်းနှင့် အလေးအမြတ်ပြုသင့်ကြောင်း ရှေးပညာရှိများက "မိမိကံအရင်းကြောင့်ဖြစ်စေအပ်သော မိမိအမျိုးဇာတ်ကို အမြဲမပြတ်ချီးမြှင့်အားပေးထိုက်ပေ၏။ မည်သည့်အခါမျှ မထီလေးစားမပြုထိုက်ပေ။ အကြောင်းမူကား မိမိအမျိုးဇာတ်မြင့်မြတ်လျှင် မိမိလည်းမြင့်မြတ်လေတော့သည်။ မိမိအမျိုးဇာတ်ယုတ်နိမ့်လျှင် မိမိသည်လည်း ယုတ်နိမ့်လေတော့သည်။ ထို့ကြောင့် ကိုယ့်အမျိုးဇာတ်ကို အမြဲမပြတ်အားပေးထိုက်၏။ မထီလေးစားမပြုထိုက်"ဟု ဆိုပေသည်။

**ဝံသာနုရက္ခိတစမ္မ**

ဝံသာနုရက္ခိတစမ္မဟူသော အမျိုးအနွယ်ကိုစောင့်ရှောက်သောတရားသည် ယခုခေတ်သမယတွင်မှ ဖြစ်ထွန်းပေါ်ပေါက်လာသော တရားလက်သစ်မဟုတ်။ ရှည်လျားဝေးလံလှစွာသော ပဝေသဏီကာလမဟာသမတမင်းလက်ထက်ကပင် ပေါ်ပေါက်လာခဲ့သည်ဖြစ်ရာ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ ကျင့်ဆောင်အပ်သော ကမ္ဘာ့နိယာမ၊ ကမ္ဘာ့လက်သုံး ထုံးဟောင်းကြီးအစစ်ဖြစ်ပေသည်။

ဟီရိဩတ္တပ္ပဟူသော လောကကိုစောင့်ရှောက်သောတရားသည် အကယ်၍မရှိငြားအံ့။ အမိဟူ၍လည်းကောင်း၊ မိထွေးဟူ၍လည်းကောင်း၊ အရီးဟူ၍လည်းကောင်း၊ ဆရာမယားဟူ၍လည်းကောင်းစသည်ဖြင့် မထင်ရာ။ တိရစ္ဆာန်များကဲ့သို့ လူအပေါင်းတို့သည် ရောယှက်ခြင်းသို့ ရောက်ကုန်ရာ၏။ ထိုပမာလျှင် အမျိုးကို စောင့်ရှောက်သောတရားမရှိငြားအံ့။ မြန်မာဟူ၍လည်းကောင်း၊ ကုလားဟူ၍လည်းကောင်း၊ တရုတ်ဟူ၍လည်းကောင်း၊ အင်္ဂလိပ်ဟူ၍လည်းကောင်း စသည်ဖြင့် လူမျိုးတစ်မျိုးစီ တစ်မျိုးစီခွဲခြား၍လည်း တစ်သီးပုဂ္ဂလထင်ရှားစွာရှိတော့မည်မဟုတ်ပေ။ လူမျိုးအပေါင်းတို့သည် ဆေးရောင်စုံများကို တစ်စုတည်းပေါင်းစပ်ဘိသကဲ့သို့ တစ်မျိုးနှင့်တစ်မျိုးရွေးချယ်၍ရနိုင်တော့မည်မဟုတ်ချေ။ ထို့ကြောင့် ဝံသာနုရက္ခိတတရားသည် များစွာအရေးကြီးလှပေ၏။ ဤတရားရှိကြမှသာ မြန်မာဟူသောအမျိုးတည်တံ့ခိုင်မြဲနေမည်ဖြစ်၏။ ဝံသာနုရက္ခိတတရားဖြင့် မိမိအမျိုးတည်တံ့ခိုင်မြဲအောင်လုပ်ဆောင်ရသကဲ့သို့ နီတိစကားအရ မိမိအမျိုးကိုမိမိတန်ဖိုးထားရန်လည်းလိုအပ်လှ၏။

မိမိအနေဖြင့် မြန်မာလူမျိုးဖြစ်ရသည်ကို အလွန်ဂုဏ်ယူမိပါ၏။ အဘယ်ကြောင့်ဆိုသော် ရှေးလူကြီးများ၏ဆိုစကားအရ မိမိတို့မြန်မာလူမျိုးသည် သာကီဝင်မင်းမျိုးဖြစ်သောကြောင့်ဖြစ်၏။ ထို့ပြင် မြန်မာလူမျိုးတို့၏ အခြေခံစရိုက်များဖြစ်သည့် ပြုံးချိုသောမျက်နှာရှိခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ ဖော်ရွေပျူငှာခြင်း၊ ပရဟိတစိတ်ရှိခြင်း၊ ဧည့်ဝတ်ကျေပွန်ခြင်း၊ သည်းခံတတ်ခြင်းတို့အပြင် ကောင်းသောအကျင့်ဓလေ့များဖြစ်သည့် အနန္တောအနန္တငါးပါးကိုရိုသေခြင်း၊ ကံကံ၏အကျိုးကို ယုံကြည်တတ်ခြင်း၊ ဖြဟ္မစိုရ်တရားလေးပါးနှင့်ပြည့်စုံခြင်း၊ သင်္ဂဟတရားလေးပါးနှင့်ပြည့်စုံခြင်း၊ ဟိရိဩတ္တပ္ပတရားရှိခြင်း၊ ဝံသာနုရက္ခိတတရားနှင့်အညီနေထိုင်ခြင်း စသည်ဖြင့် မြောက်မြားလှစွာသော ဂုဏ်အရည်အချင်းများနှင့် ပြည့်စုံသောကြောင့်ဖြစ်သည်။

**အမျိုးချစ်သူနှင့် မချစ်သူတို့၏ခေတ်လမ်း**

မြန်မာလူမျိုးတို့သည် အတုယူဖွယ်၊ သင်ခန်းစာယူဖွယ်ဖြစ်သော မြန်မာမင်းနှစ်ပါးအကြောင်းကို တင်ပြလိုသည်။ ပထမဦးစွာ အမျိုးချစ်သော၊ အမျိုးဂုဏ်ကိုစောင့်ထိန်းသော ပုဂံခေတ် ကျန်စစ်သားမင်းကြီးအကြောင်းကို တင်ပြပါမည်။

မင်းကြီးသည် သမီးတော် ရွှေအိမ်စည်မင်းသမီးနှင့် ပဋိက္ကယားမင်းသားတို့ ရည်ငံနေသည်ကိုကြားသိသဖြင့် အမတ်ကြီးများနှင့်တိုင်ပင်သောအခါ အမတ်ကြီးများက "ထိုမင်းသားအား သမီးတော်ကို ဆောင်နှင်းချေလျှင် နောင်ကုလားပြည်ဖြစ်ချေတော့မည်"ဟု ရဲဝံ့စွာလျှောက်ကုန်၍ မင်းကြီးက "ငါ့အရှင်ကို သားစဉ်မြေးဆက်သစ္စာမှုချေသည်၊ ငါ့အရှင်သားမြေးတို့ကို ငါမပစ်"ဟုဆိုကာ မင်းကြီးသည် သမီးတော်အား ပဋိက္ကယားမင်းသားနှင့်မပေးစားဘဲ စောလူးမင်း၏သားတော် စောယွန်းနှင့်သာ စုံဖက်ပေးခြင်းဖြင့် အမျိုးကိုထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ဤအချက်သည် မြန်မာလူမျိုးတို့အတွက် အလွန်ဂုဏ်ယူဖွယ်၊ အတုယူဖွယ်ကောင်းသောအချက်ဖြစ်သည်။

ဒုတိယအမျိုးမချစ်သောမင်းမှာ တောင်ငူဘုရင်၊ ရတုဘုရင် နတ်ရှင်နောင်ပင်ဖြစ်သည်။ နတ်ရှင်နောင်သည် ဟံသာဝတီအရေးတွင် မိမိနှင့် အမျိုးမတူသော ပေါ်တူဂီလူမျိုးကုလားဇင်ကာနှင့်ပူးပေါင်း၍ လုပ်ကြံသဖြင့် အနောက်ဘက်လွန်မင်း လက်ထက်သက္ကရာဇ် ၉၇၄ ခုနှစ် တန်ခူးလပြည့်ကျော် ၃ ရက်တွင် သန်လျင်မြို့လယ်၌ ကားစင်တွင် အသားတံကျင်ထိုးကာ အသတ်ခံခဲ့ရသည်။ အမျိုးသစ္စာ ဖောက်သူတို့၏ အဆုံးမလှသောဘဝနိဂုံးပင်ဖြစ်သည်။ သင်ခန်းစာယူဖွယ်ပါတကား။

**ကိုးကား –**


၁။ ဆရာကြီး"သခင်ကိုယ်တော်မှိုင်း၏ စာပေ ဒါန"စာအုပ်၊ ဗမာအမျိုးသမီးပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၂။ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ "နီတိမာလာကျမ်း" (တတိယတွဲ)။
၃။ ပညာရေးဝန်ကြီးဌာန၏ "မြန်မာနိုင်ငံပညာရေးသမိုင်း (အခြေခံပညာကဏ္ဍ)"။
၄။ ဆရာကြီး ဦးသန်းဦး၏"မြန်မာ့ပညာရေးသမိုင်း"၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့၊ ပညာရေးဝန်ကြီးဌာန။
၅။ မေတ္တာနွယ်၏ "ဝံသာနုရက္ခိတစမ္မ" ဆောင်းပါး၊ ရန်ကုန်တက္ကသိုလ်နှစ်ငါးဆယ်မဂ္ဂဇင်း။ (၁-၁၂-၁၉၇၀ ထုတ်)
၆။ တွင်းသင်းတိုက်ဝန် မဟာစည်သူပြုစုသော "တွင်းသင်း မြန်မာရာဇဝင်သစ်" ပထမတွဲ။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သို့ ရေလမ်းခရီးဖြင့် လာရောက်လည်ပတ်နိုင်ရန် ဆိပ်ခံဖောတံတားတည်ဆောက်မှု ၂၅ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သို့ ရေလမ်းခရီးဖြင့် လာရောက်လည်ပတ်နိုင်ရန် ဆိပ်ခံဖောတံတားကို ဩဂုတ်လက စတင်တည်ဆောက်နေရာ ယခုအခါ ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်) တာဝန်ခံညွှန်ကြားရေးမှူး ဦးမျိုးဝင်းထံမှ သိရသည်။

အဆိုပါ ဆိပ်ခံဖောတံတားကို ငွေကျပ် ၄၅၁ ဒသမ ၇၆၅ သန်း အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးစီးမည်ဖြစ်ကြောင်း၊ အဆိုပါဆိပ်ခံဖောတံတား၏ ချည်းကပ်ကွန်ကရစ်တံတားအရှည် ၉၆ ပေ၊ အကျယ် ၁၂ ပေရှိပြီး လက်ရှိ ဖောတံတား၌ တပ်ဆင်မည့် Steel Truss Bridge 80 Ft ကိုလည်း သံမဏိစက်ရုံတွင် လုပ်ဆောင်နေကြောင်း သိရသည်။

"အခု ချည်းကပ်ဘိုးပိုင် ၂၂ လုံး စိုက်ပြီးပါပြီ။ ဘိုးပိုင်ရိုက်တဲ့ လုပ်ငန်းတွေပြီးရင် ကျန်လုပ်ငန်းတွေကတော့ မြန်သွားမှာ ဖြစ်ပါတယ်။ ဒီမှာသုံးမဲ့ ဆိပ်ခံဖောကိုလဲ ဒဂုံသင်္ဘောကျင်းမှာ လုပ်ဆောင်နေပါတယ်။ သန်လျင်ဘက်ခြမ်း Star City မှာ ဆိပ်ခံဖောတံတားရှိတယ်။ အဲဒီကနေ ပန်းဆိုးတန်းဆိပ်ကမ်းကို နေ့စဉ် Water Ferry ပြေးဆွဲနေပါတယ်။ အဲဒီကနေ တိုင်းရင်းသားကျေးရွာ ဆိပ်ခံဖောတံတားကိုလဲ လာလို့ရအောင် ဆက်ပြီး ချိတ်ဆက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ သန်လျင်ဘက်ခြမ်း ပဲခူးမြစ်ဘေးက ရွာတွေကလဲ တိုင်းရင်းသားကျေးရွာကို ရေလမ်းကနေ လာရောက်နိုင်မှာ ဖြစ်ပါတယ်"ဟု ဦးမျိုးဝင်းက ပြောပြသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် အသစ်တည်ဆောက်နေသည့် ဆိပ်ခံဖောတံတားတွင် အသုံးပြုမည့်ဆိပ်ခံဖောကို ဒဂုံသင်္ဘောကျင်းတွင် ပြင်ဆင်လျက်ရှိကြောင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ သိရသည်။

ASH



# ပွင့်ဖြူမြို့နယ် မုန်တောကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ပွင့်ဖြူ နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ ရာသီမရွေး အလွယ်တကူသယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၅ သန်းဖြင့် မုန်တောကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာ ကော်မတီဝင်များနှင့်အတူ မုန်တောကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ မှာကြားခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပွင့်ဖြူမြို့နယ် မုန်တောကြီးကျေးရွာ၌ အရှည် ၆ ဒသမ ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းနှင့် Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ဇူလိုင်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၄၁၃ အိမ်၊ လူ ၆၅၅၁ ဦး၏ စိုက်ပျိုးမြေများမှ ထွက်ရှိသောသီးနှံများ ဈေးကွက်သို့လျင်မြန်စွာ သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

**ခင်မာ**

# မင်္ဂလာရှိသော အမျိုးသားနေ့

\- အမျိုးသားဆို ထိုခါနေ့
မမေ့သင့် တို့တစ်တွေ၊
ကျူးကျော်သူ ဗျူဟာခင်း
နှိပ်ခြင်းတို့ဝေ၊
တစ်ထောင့်ကိုးရာ့ နှစ်ဆယ်လေ
တက္ကသိုလ် ပညာရေး၊
နယ်ချဲ့တွေ နှိမ့်ချသမျှ
နိမ့်မခံလေး။

\- နယ်ချဲ့ကို ဆန့်ကျင်ရွှဲ
အမျိုးသားပွဲနေ့မဟာ၊
တို့တစ်တွေ ပညာရေး
သွေးစည်းခဲ့တာ၊
သည်ပွဲက ရှေ့ဆက်ကာ
တို့မြန်မာ မျိုးမာန်နိုး၊
ရှေ့ဦးချီ သည်ခါပွဲက
မျိုးကြဲမာန်ပျိုး။

\- ဗုဒ္ဓဘာသာ ကလျာဏ
ယုဝဆို အသင်းသည်၊
မြန်ပြည်မှာ ပေါ်ကာထွန်း
ဦးစွန်းရှေ့ချီ၊
အသင်းက ဦးဆောင်သည်
မြန်ပြည်မှာ ရှေ့ဆီသို့၊
အသင်းသည် ရောင်နီဦး
ဖူးခဲ့သည်မို့။

\- ထိုစဉ်ခါ ထိုကာလ
နွှဲခဲ့ကြ တို့တွေသည်၊
ဇာတိမာန် ဇာတိသွေး
နွှေးခဲ့ကြပြီ၊
အမျိုးသား ကျောင်းတွေသည်
ဖြစ်တည်ကာ ပြည့်အကျိုး၊
နယ်ချဲ့တွေ ဂုဏ်အင်ဆိုး
ညှိုးကျမာန်လျှိုး။

\- မင်္ဂလာဆို မြတ်သည်နေ့
မေ့မရ ဖြစ်မိသည်၊
အမျိုးသားဆို ထိုခါနေ့
မျိုးဟော့မာန်တည်၊
အမျိုးစိတ် မျိုးမာန်ချီ
မျိုးဂုဏ်ရည် ဝင်းကာလက်၊
တို့တစ်တွေ မြန်မာမျိုးမို့
ဖြိုးဝလာထက်။ ။

**ပြေအေးသက်**

# နိုင်ငံတကာ သတင်းများ

## ဝန်ကြီးချုပ် မိုဒီ ဂျီ-၂၀ ညီလာခံ၌ ဗြိတိန်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

**ဒေလီ နိုဝင်ဘာ ၁၆**

အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် ဗြိတိန်ဝန်ကြီးချုပ် ရီရှီဆူနက်ခ်တို့သည် ဂျီ-၂၀ ထိပ်သီးညီလာခံကာလ ယနေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲ၌ ဝန်ကြီးချုပ် မိုဒီနှင့် ဝန်ကြီးချုပ် ရီရှီဆူနက်ခ်တို့သည် နှစ်နိုင်ငံ ကုန်သွယ်မှု မြှင့်တင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယနေ့ ဆွေးနွေးပွဲသည် အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် ဗြိတိန်ဝန်ကြီးချုပ် ရီရှီဆူနက်ခ်တို့၏ ပထမဆုံးအကြိမ် လူချင်းတွေ့ဆုံဆွေးနွေးပွဲဖြစ်သည်။


အိန္ဒိယနွယ်ဖွား ဟိန္ဒူဘာသာဝင်တစ်ဦးဖြစ်သည့် ရီရှီဆူနက်ခ်သည် ဗြိတိန်ဝန်ကြီးချုပ်ရာထူးကို ယခုနှစ် အောက်တိုဘာလတွင် စတင်ရရှိခဲ့သည်။

ဗြိတိန်အစိုးရအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ် ရယူရေးအတွက် စေ့စပ်ဆွေးနွေးနေကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံးက ယနေ့မှာပင် သတင်းထုတ်ပြန်ထားသည်။

ဗြိတိန်နှင့် အိန္ဒိယတို့ကြား အားကောင်းခိုင်မာသည့် နှစ်နိုင်ငံဆက်ဆံရေးကို မိမိအနေဖြင့် လွန်စွာတန်ဖိုးထားသည်ဟု အိန္ဒိယဝန်ကြီးချုပ် မိုဒီက ဆွေးနွေးပွဲပြီးဆုံးပြီးနောက် တွစ်တာစာမျက်နှာ၌ ရေးသားထားကြောင်း သိရသည်။

KKO

## အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ တရုတ်သမ္မတနှင့် ဩစတြေးလျဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး



**ဂျကာတာ နိုဝင်ဘာ ၁၆**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီစီသည် နိုဝင်ဘာ ၁၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဆွေးနွေးပွဲသည် ၂၀၁၆ ခုနှစ်နောက်ပိုင်း တရုတ်နှင့် ဩစတြေးလျ ခေါင်းဆောင်များကြား ပထမဆုံး တွေ့ဆုံဆွေးနွေးပွဲဖြစ်သည်။

ဘာလီကျွန်း ဆွေးနွေးပွဲတွင် တရုတ်သမ္မတနှင့် ဩစတြေးလျဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံကုန်သွယ်ရေးပြဿနာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တရုတ်(တိုင်ပေ) ပြဿနာ၊ ကုန်သွယ်ရေးပြဿနာနှင့် ကိုဗစ်-၁၉ ရောဂါမူလအစ ပြဿနာတို့ကြောင့် တင်းမာနေသည့်နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်ဖြေလျှော့ရန် တရုတ်နှင့်ဩစတြေးလျတာဝန်ရှိသူများက ကြိုးစားလျက်ရှိသည်။

စီးပွားရေးနှင့် ကုန်သွယ်ရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာမြင့်မားသော တရုတ်နှင့်ဩစတြေးလျတို့ကြား၌ အကျိုးစီးပွားချင်းယှဉ်ပြိုင်ရသည့်အခြေခံပြဿနာမျိုး မည်သည့်အခါကမျှ မရှိခဲ့ဖူးကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ဩစတြေးလျဝန်ကြီးချုပ်နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံစဉ် ဩစတြေးလျဝန်ကြီးချုပ်သည် ပို့ကုန်များအပေါ် တရုတ်နိုင်ငံက အခွန်စျေးနှုန်းများမြှင့်တင်ထားမှု၊ တင်ပို့ခွင့် ပိတ်ပင်ထားမှုပြဿနာကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ KKO

## ယူကရိန်းနယ်စပ်အနီး ပိုလန်နယ်မြေပေါ် ကျရောက်ခဲ့သောဒုံးကျည်သည် ရုရှားဒုံးကျည်မဖြစ်နိုင်ကြောင်း သမ္မတဂျိုးဘိုင်ဒင် ပြောကြား

**ဝါဆော နိုဝင်ဘာ ၁၆**

ပိုလန်နိုင်ငံအတွင်းသို့ နိုဝင်ဘာ ၁၅ ရက်တွင် ကျရောက်ခဲ့သည့် ဒုံးကျည်သည် ရုရှားနိုင်ငံကပစ်လွှတ်ခဲ့သော ဒုံးကျည်ဖြစ်နိုင်ဖွယ်မရှိကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယနေ့တွင် ပြောကြားလိုက်သည်။

နိုဝင်ဘာ ၁၅ ရက်က ယူကရိန်းနယ်စပ်နှင့်ခြောက်ကီလိုမီတာခန့်အကွာရှိ ပိုလန်ကျေးရွာတစ်ခုအတွင်း ဒုံးကျည်ကျရောက်ခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ရကြောင်း ပိုလန်တာဝန်ရှိသူများ၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအတွင်းရှိ ပစ်မှတ်များကို နိုဝင်ဘာ ၁၅ ရက်က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်နေချိန်တွင် ပိုလန်နိုင်ငံအတွင်းသို့ ဒုံးကျည်ကျရောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ထောက်လှမ်းရေးသတင်း အချက်အလက်များအရ အဆိုပါဒုံးကျည်သည် ရုရှားတပ်များ ပစ်ခတ်ခဲ့သော ဒုံးကျည်မဖြစ်နိုင်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အနောက်အုပ်စု မဟာမိတ်များနှင့်ဆွေးနွေးပြီးနောက် ပြောကြားခဲ့သည်။

အဆိုပါဒုံးကျည်သည် ရုရှားတပ်များပစ်လွှတ်ခဲ့သော ဒုံးကျည်တစ်စင်းကို တားဆီးရေးအတွက် ယူကရိန်းတပ်များက ပစ်လွှတ်ခဲ့သော ဒုံးကျည်ဖြစ်နိုင်ကြောင်း အမေရိကန် ထောက်လှမ်းရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့အတူပိုလန်နယ်မြေအတွင်းသို့ မည်သည့်ရုရှား ဒုံးကျည်မျှ ကျရောက်ခဲ့ဖူးခြင်း မရှိသည်ဟု ရုရှား ကာကွယ်ရေးဝန်ကြီးဌာနကလည်း ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။ KKO

## တောင်ကိုရီးယား၌ တိုက်ခန်းဈေးများ ၁ ဒသမ ၂၀ ရာခိုင်နှုန်း ကျဆင်း



**ဆိုးလ် နိုဝင်ဘာ ၁၆**

တောင်ကိုရီးယား နိုင်ငံ၏ တိုက်ခန်းဈေးနှုန်းများသည် ယခုနှစ်အောက်တိုဘာလအတွင်းစံချိန်တင်ကျဆင်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ ယခုနှစ်အောက်တိုဘာလ တိုက်ခန်းဈေးနှုန်းများသည် စက်တင်ဘာလဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၂၀ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း တောင်ကိုရီးယားအစိုးရအိမ်ခြံမြေဈေးကွက်ကြီးကြပ်ရေးဘုတ်အဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ယခုနှစ်အောက်တိုဘာလအတွင်း တိုက်ခန်းဈေးများ ကျဆင်းလာမှုသည် ၂၀၀၃ ခုနှစ် နောက်ပိုင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းမှုဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဆိုးလ်မြို့၏ တိုက်ခန်းဈေးနှုန်းများမှာမူ ယခုနှစ်အောက်တိုဘာလတွင် ၁ ဒသမ ၂၄ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်းတိုက်ခန်းဈေးနှုန်းအနိမ့်ဆုံးကျဆင်းမှု ဖြစ်ကြောင်း သိရသည်။

တိုက်ခန်းဈေးနှုန်းများ စံချိန်တင်ကျဆင်းမှုကြောင့် တောင်ကိုရီးယားဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းများမြှင့်တင်မှုကို လာမည့်ရက်သတ္တပတ်များအတွင်းပြန်လည်လျှော့ချလာဖွယ်ရှိသည်။

သမိုင်းကြောင်းအရ အိမ်ခြံမြေဈေးကွက်အပြောင်းအလဲများသည် တောင်ကိုရီးယားအစိုးရ၏ငွေကြေးမူဝါဒများအပေါ် အကျိုးသက်ရောက်မှုရှိတတ်ကြောင်း သိရသည်။

KKO

## ဒုစရိုက်ဂိုဏ်းအကြမ်းဖက်မှုများထိန်းချုပ်ရေးအတွက် ဂျမေကာနိုင်ငံနေရာအချို့၌ အရေးပေါ်အခြေအနေကြေညာ

**ကင်းစတန်း နိုဝင်ဘာ ၁၆**

ဒုစရိုက်ဂိုဏ်း အကြမ်းဖက်မှုများနှင့်ဆက်စပ်နေသော ရာဇဝတ်မှုများမြင့်တက်လာမှုကို ထိန်းချုပ်ရန်ကြိုးစားသည့်အနေဖြင့်ဂျမေကာနိုင်ငံဝန်ကြီးချုပ် အင်ဒရူးဟိုးလ်နက်စ်သည် နိုဝင်ဘာ ၁၅ ရက်တွင် ကင်းစတန်းမြို့အချို့နေရာများ၊ ဂျမေကာအလယ်ပိုင်းနှင့် အနောက်ပိုင်းအချို့နေရာများအတွက် ပြည်သူလုံခြုံရေး အရေးပေါ်အခြေအနေကြေညာထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။




အဆိုပါပြည်သူလုံခြုံရေးအရေးပေါ်အခြေအနေကြေညာချက်အရ ဂျမေကာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နေအိမ်များကို စီးနင်းရှာဖွေမှု၊ မသင်္ကာသူများကို ဖမ်းဝရမ်းမပါဘဲ ဖမ်းဆီးထိန်းသိမ်းနိုင်မှုများ ပြုလုပ်မည်ဖြစ်သည်။

ဂျမေကာဝန်ကြီးချုပ် ကြေညာခဲ့သော ပြည်သူလုံခြုံရေးအရေးပေါ်အခြေအနေ ကြေညာချက်တွင် မွန်တီဂိုပင်လယ်အော် ကမ်းခြေကဲ့သို့ ခရီးသွားလုပ်ငန်းနယ်မြေများလည်းပါဝင်ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၃ ရက်ကြား ကာလအတွင်း ဂျမေကာနိုင်ငံ၌လူသတ်မှု ၁၃၆၀ မှု ဖြစ်ပွားခဲ့ရာ ယင်းလူသတ်မှုများအနက် ၇၁ ရာခိုင်နှုန်းမှာ ဒုစရိုက်ဂိုဏ်း အကြမ်းဖက်မှုများနှင့် ဆက်စပ်နေကြောင်း ဂျမေကာရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားထားသည်။

ဂျမေကာနိုင်ငံသည် ကာရစ်ဘီယံပင်လယ်ဒေသ၏ လူသတ်မှုဖြစ်ပွားနှုန်းအမြင့်မားဆုံးနိုင်ငံများထဲ၌ ပါဝင်သည်။

လက်ရှိအချိန်တွင် ဂျမေကာအစိုးရသည် အုပ်စုဖွဲ့ရာဇဝတ်မှုများ၊ တရားမဝင်လက်နက် ကိုင်ဆောင်မှုများကို ထိန်းချုပ်မည့် ဥပဒေများဖြင့် ဒုစရိုက်ဂိုဏ်းများကို နှိမ်နင်းရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

KKO

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## PLA ရေတပ်၏တတိယမြောက် Type 075 LHD သင်္ဘော တိုက်ပွဲဝင်လေ့ကျင့်မှုများ ပြုလုပ်



တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (PLA) ရေတပ်၏တတိယမြောက် Type 075 LHD ကုန်းနေရေ နှစ်သွယ် ချေမှုန်းရေးသင်္ဘော Anhui သည် မကြာသေးမီက လက်တွေ့ကျကျတိုက်ပွဲဝင် လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း ယခုနှစ် နိုဝင်ဘာ ၁၁ ရက်ထုတ် Global Times သတင်းစာမှ အချက်အလက်များအရ သိရသည်။

သင်္ဘောကိုယ်ထည်နံပါတ် ၃၃ ရေးထိုးထားသော Anhui သည် ပင်လယ်ပြင်တစ်နေရာတွင် စစ်ဆင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြောင်း PLA ရေတပ်က ကြေညာခဲ့သည်။ PLA ရေတပ်သည် ၎င်း၏တတိယမြောက် Type 075 LHD ကုန်းနေရေနှစ်သွယ် ချေမှုန်းရေးစစ်သင်္ဘောကို ရေယာဉ်၏အမည်နှင့် သင်္ဘောကိုယ်ထည်နံပါတ်တို့ကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့ခြင်းလည်းဖြစ်ကြောင်း လေ့လာသူများက ပြောကြားခဲ့သည်။

ပထမမြောက် Type 075 LHD ကုန်းနေရေနှစ်သွယ် ချေမှုန်းရေးသင်္ဘောနှစ်စင်းဖြစ်သည့် ဟိုင်နန်နှင့် ကွမ်ရှီးတို့ရရှိထားပြီးသား စစ်ဆင်ရေး၊ လေ့ကျင့်မှုအတွေ့အကြုံများဖြင့် Anhui သည် ကနဦးတိုက်ပွဲဝင် တာဝန်ထမ်းဆောင်နိုင်မှုစွမ်းရည်ကို ပိုမိုမြန်ဆန်စွာရရှိနိုင်သည်ဟု တရုတ်စစ်ဘက်ကျွမ်းကျင်သူက ပြောကြားခဲ့သည်။

Type 075 LHD ရဟတ်ယာဉ်တင်ကမ်းတက်စစ်သင်္ဘော (NATO) အစီရင်ခံအမည် -Yushen-အတန်းစား ကမ်းတက်ချေမှုန်းရေးစစ်ရေယာဉ်)သည် တည်ဆောက်ဆဲ တရုတ်နိုင်ငံထုတ် ကုန်းရေနှစ်သွယ် ချေမှုန်းရေးစစ်သင်္ဘောအမျိုးအစားဖြစ်သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ် (PLA) အတွက် Hudong-Zhonghua သင်္ဘောတည်ဆောက်ရေးကုမ္ပဏီက တည်ဆောက်ထားခြင်းဖြစ်သည်။

Type 075 LHD ကုန်းနေရေနှစ်သွယ် ချေမှုန်းရေးသင်္ဘောတွင် တန်ချိန် ၄၀၀၀၀ ရွှေ့ပြောင်းနိုင်ပြီး အမေရိကန်ထုတ် Wasp-Class နှင့်တူသည်။ သင်္ဘောတွင် ရဟတ်ယာဉ်ခြောက်စင်း တစ်ချိန်တည်း ရပ်နားဆင်းသက်နိုင်မည့် ရဟတ်ယာဉ်ရပ်နားရန်နေရာ ခြောက်ခုပါ သင်္ဘောကုန်းပတ်ပါရှိသည်။ လက်နက်စနစ်များ အနေဖြင့် Type 075 တွင် H/PJ-11 30 mm (1.2 in) Close-In Weapon System (CIWS) နှင့် HQ-10 မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် (SAM) နှစ်စင်းတို့လည်း တပ်ဆင်ထားသည်။

**Chinese Navy's 3rd Type 075 LHD conducts operational training ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနိုင်ငံက ရေတပ်ဆိုင်ရာဂြိုဟ်တုထောက်လှမ်းရေးစနစ် Liana ကို အသုံးပြုနိုင်တော့မည်

ရုရှားနိုင်ငံသည် ရေတပ်ဆိုင်ရာ ဂြိုဟ်တုထောက်လှမ်းရေးစနစ် Liana ကို အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၄ ရက်ထုတ် Tass မှ ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

Liana ကို အမေရိကန်လေယာဉ်တင်သင်္ဘောများကိုစောင့်ကြည့်သည့် ဆိုဗီယက်ခေတ်ထုတ် Legenda စနစ်မှ တိုးတက်ဖွံ့ဖြိုးတီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ Liana တွင် Passive Lotos-S1 ထောက်လှမ်းရေးဂြိုဟ်တုလေးလုံး (၂၀၁၄-၂၀၂၁ တွင် လွှင့်တင်ခဲ့သည်)နှင့် Active Pion-NKS ဂြိုဟ်တု နှစ်လုံးပါရှိပြီး တိကျသောလက်နက်များကိုလည်း လမ်းညွှန်ထိန်းကျောင်းပေးနိုင်မည်ဖြစ်သည်။

အဆိုပါဂြိုဟ်တုများကို Berg ရေဒီယိုသုတေသနဌာန၊Arsenal ဒီဇိုင်းဗျူရိုနှင့် Progress Center တို့က ဒီဇိုင်းရေးဆွဲခဲ့ကြသည်။

Liana သည် ပင်လယ်ပြင်ရှိ စစ်နယ်ဝန်းတစ်ခုလုံးကို စောင့်ကြည့်နိုင်မည်ဖြစ်ကာ ရန်သူ့စစ်သင်္ဘောများနှင့် ရေငုပ်သင်္ဘောများကို ရှာဖွေထောက်လှမ်းနိုင်မည်ဖြစ်သည်။ အဆိုပါထောက်လှမ်းရေးအချက်အလက်များတွင် ကမ္ဘာ့နေရာအနှံ့အပြားရှိ နိုင်ငံခြားတိုင်းပြည်များ၏စစ်ရေးလှုပ်ရှားမှုများဆိုင်ရာအချက်အလက်များ ပါဝင်လာမည်ဖြစ်သည်။

Liana သည် စမ်းသပ်ရေးစက်ပစ်ကွင်းများ၊ လေယာဉ်ကွင်းများ၊ ရေတပ်စခန်းများ၊ နျူကလီးယားဒုံးကျည်အခြေခံ အဆောက်အအုံများ၊ မဟာဗျူဟာမြောက်လုပ်ငန်းများ၊ စစ်သင်္ဘောအုပ်စုများနှင့် မြေပြင်တပ်ဖွဲ့များကို ထောက်လှမ်းနိုင်ခြင်းဖြစ်သည်။ ကျွမ်းကျင်သူများအဆိုအရ Liana ဂြိုဟ်တုသည် လေထုအခြေအနေ အပေါ် မှီခိုမနေဘဲတိကျသော ကိုဩဒိနိတ်များကို ၁ မှ ၁၀ မီတာထိ တိကျစွာဖော်ပြပေးနိုင်သည်ဟု သိရသည်။

ပွင့်လင်းသတင်းရင်းမြစ်များအရ Liana သည် စက်ဝိုင်းပတ်လမ်းကြောင်းအတိုင်း ကီလိုမီတာ ၈၀၀ မှ ၉၀၀ အတွင်း လည်ပတ်လုပ်ဆောင်သွားမည်ဖြစ်ရာ ၎င်းတို့ကို ဂြိုဟ်တုဖျက်လက်နက်များရန်မှ ကင်းဝေးစေမည်ဖြစ်ကြောင်း သိရသည်။

အနိမ့်ပျံပတ်လမ်း၏ အများဆုံး ကန့်သတ်ချက်များအတွင်း စစ်ဆင်ရေးသည် ပင်လယ်ပြင်နှင့် မြေပြင်တွင် ရန်လိုသည့်လှုပ်ရှားမှုများကို စောင့်ကြည့်ရန်၊ မဟာမိတ်တပ်ဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်မှုတို့ လုပ်ဆောင်နိုင်မည်လည်းဖြစ်သည်။

အဆိုပါစနစ်သည် Kalibr ခရုဇ်ဒုံးကျည်များအပြင် Kinzhal ဝေဟင်ပစ်ပဲ့ထိန်းဒုံးကျည်များနှင့် Tsirkon ဒုံးကျည်များအတွက် လမ်းညွှန်ထိန်းကျောင်းမှုကိုပါ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

**Russia to deploy Liana naval space intelligence system soon ကို ဘာသာပြန်ဆိုထားပါသည်။**



## ယူကရိန်းအထူးစစ်ဆင်ရေးတွင် ရုရှားလေကြောင်းကာကွယ်ရေးတပ်ဖွဲ့များက တိုက်ခိုက်ရေးမောင်းသူမဲ့လေယာဉ်များကို ကြားဖြတ်ဟန့်တားခဲ့

ရုရှားလေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့များသည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်ခြောက်စင်းနှင့် HIMARS ဒုံးကျည်သုံးစင်းကို ကြားဖြတ်ဟန့်တားခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး Igor Konashenkov က နိုဝင်ဘာ ၁၄ ရက် သတင်းထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

Lugansk ပြည်သူ့သမ္မတနိုင်ငံ Krasnorechenskoye၊ Peschanoye နှင့် Zolotoyea ဒေသ၊ Donetsk ပြည်သူ့သမ္မတနိုင်ငံ Valeryanovka နှင့် Yevgenovka၊ Zaporozhyea ဒေသ Burchak အခြေချနေထိုင်ရာနေရာများတွင် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များသည် မောင်းသူမဲ့လေယာဉ်ခြောက်စင်းကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း ၎င်းက ပြောပြသည်။

ထို့ပြင် Lugansk ပြည်သူ့သမ္မတနိုင်ငံရှိ Melovatka အခြေချနေထိုင်ရာဒေသရှိ HIMARS ဒုံးကျည်သုံးစင်းကိုလည်း ကြားဖြတ်ပစ်ချနိုင်ခဲ့သည်ဟု ဒုတိယဗိုလ်ချုပ်ကြီး Igor က ပြောကြားခဲ့သည်။

ရုရှားတပ်ဖွဲ့များသည် Lugansk ပြည်သူ့သမ္မတနိုင်ငံရှိ Kuzemovka ဆီသို့ Kupyansk စစ်ဆင်ရေးလမ်းကြောင်းရန်သူ၏ ထိုးစစ်ဆင်ကြိုးပမ်းမှုများ မအောင်မြင်ခဲ့ဘဲ စစ်သွေးကြွ ၁၂၀ ကျော်ကိုဖယ်ရှားနိုင်ခဲ့သည်ဟု Konashenkov က ဖော်ပြခဲ့သည်။ ရုရှားတပ်ဖွဲ့များသည် တိုက်ပွဲအတွင်း ရန်သူ၏လူအင်အားနှင့် စစ်ဘက်ဆိုင်ရာစက်ပစ္စည်းများကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ ယူကရိန်းတပ်ဖွဲ့ဝင် ၁၂၀ ကျော်၊ တင့်ကားခြောက်စီး၊ ခြေလျင်တိုက်ခိုက်ရေးယာဉ်ငါးစီး၊ သံချပ်ကာ ယာဉ်သုံးစီးနှင့် မော်တော်ယာဉ်ငါးစီးတို့ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ထို့ပြင် Lugansk ပြည်သူ့သမ္မတနိုင်ငံရှိ ရုရှားတပ်စခန်းများကို တိုက်ခိုက်ရန် ယူကရိန်းတပ်များ၏ ထိုးစစ်ဆင်ကြိုးပမ်းမှု မအောင်မြင်ခဲ့ဘဲ အသေအပျောက် ၉၀ ခန့်ဖြင့် ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်း Konashenkov က ပြောကြားခဲ့သည်။ ရုရှားတပ်ဖွဲ့များသည် တောင်ပိုင်း Donetsk ဒေသတွင်လည်း ယူကရိန်းစစ်ဘက်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကို တန်ပြန်ချေမှုန်းနိုင်ခဲ့ပြီး စစ်သွေးကြွ ၈၀ ကျော်ကို ဖယ်ရှားခဲ့သည်ဟုလည်းပါရှိသည်။

ရုရှား တိုက်ခိုက်ရေးလေယာဉ်နှင့် အမြောက်တပ်များသည် Kharkov၊ Kherson ဒေသများနှင့် Lugansk ပြည်သူ့သမ္မတနိုင်ငံရှိ ယူကရိန်းစစ်ဘက်ကွပ်ကဲမှုဌာနချုပ်သုံးခုကို ချေမှုန်းဖျက်ဆီးခဲ့ကြောင်း Konashenkov က ပြောကြားခဲ့သည်။ စစ်ဆင်ရေးဗျူဟာနှင့် ကြည်းတပ်လေကြောင်းတပ်ဖွဲ့မှ လေယာဉ်များ၊ ဒုံးကျည်များနှင့် အမြောက်တပ်များသည် Kharkov ဒေသရှိ Kupyansk၊ Lugansk ပြည်သူ့သမ္မတနိုင်ငံရှိ Stelmakhovka နှင့် Kherson ဒေသရှိ Chernobayevka နယ်မြေများရှိ ယူကရိန်းစစ်ဘက်ကွပ်ကဲမှုဌာနချုပ်သုံးခုကို ဖျက်ဆီးခဲ့သည်။ ထို့ပြင် နယ်မြေ ၁၇၄ ခုတွင် အမြောက်ပစ်ခတ်သည့်နေရာများ၊ လူအင်အားနှင့် စစ်ဘက်ဆိုင်ရာစက်ပစ္စည်းကိရိယာ စုစည်းရာနေရာများကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်ဟု Konashenkov က ပြောကြားခဲ့သည်။

ရုရှားတပ်ဖွဲ့များသည် Kharkov ဒေသနှင့် Donetsk ပြည်သူ့သမ္မတနိုင်ငံရှိ အမေရိကန်ထုတ် AN/TPQ-50 တန်ပြန်ထောက်လှမ်းရေးရေဒါ နှစ်စုံ၊ Zaporozhye ဒေသ Volnyansk အခြေချနေထိုင်ရာအနီး ယူကရိန်းတို့၏ S-300 လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်မှ ရေဒါတစ်စီး၊ Zaporozhye နှင့် Kherson ဒေသများရှိ ယူကရိန်း HIMARS နှင့် Olkha အတွဲလိုက်ဒုံးပျံစနစ်တပ်ခွဲ နှစ်ခွဲ၊ Kherson ဒေသရှိ ယူကရိန်းစစ်ဘက်လက်နက်သိုလှောင်ရုံနှင့် Kharkov အနီးရှိ လောင်စာဆီ သိုလှောင်ရုံတစ်ခုတို့ကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ယူကရိန်းတွင် အထူးစစ်ဆင်ရေးစတင်ချိန်မှစ၍ ရုရှားစစ်ဘက်သည် ယူကရိန်းတိုက်ခိုက်ရေးလေယာဉ် ၃၃၃ စင်း၊ ရဟတ်ယာဉ် ၁၇၆ စင်း၊ မောင်းသူမဲ့လေယာဉ် ၂၅၀၄ စင်း၊ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ် ၃၈၈ စုံ၊ တင့်ကားနှင့် အခြားတိုက်ခိုက်ရေးသံချပ်ကာယာဉ် ၆၅၉၃ စီး၊ အတွဲလိုက်ဒုံးပစ်လောင်ချာမျိုးစုံ ၈၉၁ စင်း၊ စစ်မြေပြင်သုံး အမြောက်၊ မော်တာစနစ် ၃၅၇၇ ခု၊ အထူးစစ်သုံးယာဉ် ၇၂၁၆ စီးတို့တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ထားပါသည်။

**Russian air defenses destroy six combat drones in Ukraine operation — top brass ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

## နိုင်ငံတကာ အားကစားသတင်းများ

# Nitto ATP Finals ပြိုင်ပွဲတွင် ဖိလစ်အူကာကို ရာဖေးလ်နာဒယ် ရှုံးနိမ့်

**တူရင် နိုဝင်ဘာ ၁၆**

အီတလီနိုင်ငံ တူရင်မြို့တွင် ကျင်းပနေသည့် Nitto ATP Finals တင်းနစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ရာဖေးလ်နာဒယ်နှင့် ဖိလစ်အူကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဖိလစ်အူကာက (၆-၃၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း N Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရာဖေးလ်နာဒယ်သည် ဖိလစ်အူကာကို ရှုံးနိမ့်ခဲ့ရသည့်အတွက် အုပ်စုပွဲစဉ်နှစ်ပွဲကစားခဲ့ရာ နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တက်ရောက်ခွင့်နှင့် လွဲချော်ခဲ့ရပြီး တတိယမြောက် အုပ်စုပွဲစဉ်အဖြစ် နော်ဝေ တင်းနစ်ကစားသမား ကပ်စပါရုဒ်နှင့် ဆက်လက်ကစားရမည်ဖြစ်သည်။

အဆိုပါပွဲစဉ်အပြီး ရာဖေးလ်နာဒယ်က "ကြံ့ခိုင်မှုမပြည့်ဝသလို ခံစားနေရတဲ့အတွက် ပုံစံကောင်းပြသဖို့ရုန်းကန်ခဲ့ရတယ်။ ဖိလစ်အူကာကစားသွားတာ ကောင်းပါတယ်။ ကျွန်တော့်အနေနဲ့ အခုလိုရလဒ်ဆိုးတွေနဲ့ ရင်ဆိုင်နေရတဲ့အခြေအနေကို စိတ်မပျက်ပါဘူး။ မကြာခင်ကရထားတဲ့ ဒဏ်ရာကြောင့် ကောင်းကောင်းမကစားနိုင်ခဲ့တာပါ။ဒဏ်ရာရာနွှန်းပြည့်သက်သာပျောက်ကင်းသွားရင်တော့ အရင်လိုပြန်ကစားနိုင်မယ်လို့ယုံကြည်ပါတယ်။ စိတ်ဓာတ်ပိုင်းကတော့ ဒီထက်ပိုပြီး ကြံ့ခိုင်လာဖို့တော့ လိုအပ်နေပါတယ်။စွမ်းဆောင်ရည်ပိုင်းက အရင်လိုအဆင့်မျိုးပြန်ရောက်နိုင်ပါ့မလားဆိုတာတော့ ကျွန်တော်မပြောနိုင်ဘူး။ ဒါကြောင့် အကောင်းဆုံးပုံစံနဲ့ပြန်လာနိုင်အောင်ကြိုးစားသွားပါမယ်"ဟုပြောကြားခဲ့သည်။

ရာဖေးလ်နာဒယ်သည် ၂၀၂၂ ခုနှစ် တင်းနစ်ရာသီကို ကမ္ဘာ့အဆင့်(၁)နေရာဖြင့် အဆုံးသတ်နိုင်ရေးအတွက် Nitto ATP Finals တင်းနစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်လိုအပ်နေသော်လည်း အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရပြီး လက်ရှိစပိန်ဆယ်ကျော်သက် တင်းနစ်ကစားသမား အယ်ကာရက်က ၂၀၂၂ ခုနှစ် တင်းနစ်ရာသီကို ကမ္ဘာ့အဆင့်(၁) နေရာဖြင့် အဆုံးသတ်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ AZL



# ဒဏ်ရာပြဿနာကြောင့် အဖွင့်ပွဲစဉ်ကို မာကွင်ဟိုလွဲချော်မည်ဟု ဘရာဇီးအသင်းထုတ်ပြန်

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၁၆**

ဘရာဇီးလက်ရွေးစင် အသင်းခံစစ်ကစားသမား မာကွင်ဟိုသည် ပီအက်စ်ဂျီအသင်းက အော့ဇေးအသင်းကို ငါးဂိုးပြတ်ဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ရရှိခဲ့သည့် ကြွက်သားဒဏ်ရာကြောင့် ဆားဘီးယားအသင်းနှင့်ကစားရမည့် ကမ္ဘာ့ဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်ကိုလွဲချော်မည်ဟု ဘရာဇီးအသင်းကထုတ်ပြန်ခဲ့ကြောင်း Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြတိုက်၏ ပွဲထွက်ကစားသမားစာရင်း၌ ဦးစားပေးပါဝင်နေသည့် မာကွင်ဟိုသည် ဒဏ်ရာအခြေအနေမှာ စိုးရိမ်စရာမရှိသော်လည်း ကြံ့ခိုင်မှုပြည့်ဝရန် လိုအပ်နေသေးသဖြင့် အဖွင့်ပွဲစဉ်ကစားရန်ကိုးရက်အလိုတွင် လိုအပ်သည့် ကုသမှုများဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၂၅ ရက်တွင် ကစားရမည့်ဆားဘီးယားအသင်းနှင့် ပွဲစဉ်ကိုလွဲချော်ရမည်ဖြစ်သည်။

ထို့အတူ အသင်းဖော်ကစားသမား နေမာသည်လည်း ပဲရစ်မြို့မှတူရင်မြို့သို့ လာရောက်ပူးပေါင်းချိန်နောက်ကျခဲ့မှုကြောင့် တနင်္လာနေ့ကပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်ကိုလွဲချော်ခဲ့ရပြီး အင်္ဂါနေ့ လေ့ကျင့်ခန်းအစီအစဉ်၌ မာကွင်ဟိုတစ်ဦးတည်းသာ ဒဏ်ရာကြောင့် ကျန်ရှိခဲ့သော်လည်း နည်းပြ တိုက်ရွေးချယ်ထားသည့် ကစားသမားအားလုံးပါဝင်နိုင်ခဲ့သည်။

လက်ရှိတွင် ဘရာဇီးအသင်းသည် ကာတာနိုင်ငံ ဒိုဟာသို့မသွားရောက်မီ အီတလီနိုင်ငံ တူရင်မြို့တွင် ခန္ဓာကိုယ်ကြံ့ခိုင်မှုပိုင်းဆိုင်ရာ လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ပြီး နိုဝင်ဘာ ၁၉ ရက်မှသာ ဒိုဟာသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ ML

# ကမ္ဘာ့ဖလားတွင် ကလပ်အသင်းအလိုက်ကစားသမားပါဝင်မှုအများဆုံးစာရင်း၌ ဘိုင်ယန်မြူးနစ်အသင်း ထိပ်ဆုံးမှရပ်တည်



**ဘာလင် နိုဝင်ဘာ ၁၆**

ကမ္ဘာ့ဖလားပြိုင်ပွဲအတွက်ပြိုင်ပွဲဝင်အသင်းများက အပြီးသတ်ကစားသမားစာရင်းများ အတည်ပြုထုတ်ပြန်ခဲ့ပြီးနောက် ပြိုင်ပွဲအသင်းများတွင် ကလပ်အသင်းလိုက်ကစားသမားပါဝင်မှု အများဆုံးအသင်းစာရင်း၌ ဘိုင်ယန်မြူးနစ်အသင်းက ထိပ်ဆုံးမှ ရပ်တည်နိုင်ခဲ့သည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကင်မရွန်းအသင်း၊ ကနေဒါအသင်း၊ ခရိုအေးရှားအသင်း၊ မော်ရိုကိုအသင်း၊ နယ်သာလန်အသင်းနှင့် ဆီနီဂေါအသင်းတို့ထံ ကစားသမားတစ်ဦးစီစေလွှတ်ထားရပြီး ပြင်သစ်အသင်းအတွက် လေးဦး၊ ဂျာမနီအသင်းအတွက် ခုနစ်ဦးထိစေလွှတ်ပေးခဲ့ရကာ ကစားသမား ၁၇ ဦးထိရှိခဲ့ပြီး ကစားသမားစေလွှတ်ပေးရမှု အများဆုံးကလပ်အသင်းအဖြစ် ထိပ်ဆုံးမှရပ်တည်ခဲ့သည်။

အလားတူ ဘိုင်ယန်မြူးနစ်အသင်း၏နောက်တွင် မန်စီးတီးအသင်းနှင့် ဘာစီလိုနာအသင်းတို့ စုစုပေါင်းကစားသမား ၁၆ ဦးစီ စေလွှတ်ပေးထားရပြီး ဒုတိယနေရာတွင်ရပ်တည်နေကာ မန်စီးတီးအသင်းကအများဆုံးအဖြစ် အင်္ဂလန်အသင်းအတွက် ငါးဦးထိစေလွှတ်ခဲ့ရသကဲ့သို့ ဘာစီလိုနာအသင်းကလည်းအများဆုံးအဖြစ် စပိန်အသင်းအတွက် ကစားသမား ခုနစ်ဦးထိစေလွှတ်ခဲ့ရခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ အတွက် ကလပ်အသင်းအလိုက် ကစားသမားပါဝင်မှု အများဆုံးကလပ်အသင်းစာရင်းတွင် ဘိုင်ယန်မြူးနစ်အသင်း၊ မန်စီးတီးအသင်းနှင့် ဘာစီလိုနာအသင်းတို့နောက်တွင် မန်ယူအသင်းက ကစားသမား ၁၄ ဦးဖြင့် တတိယနေရာတွင်လည်းကောင်း၊ ရီးရဲလ်မက်ဒရစ်အသင်းက ၁၃ ဦးဖြင့် စတုတ္ထနေရာတွင် လည်းကောင်း၊ ချဲလ်ဆီးအသင်းက ကစားသမား ၁၂ဦးဖြင့် ပဉ္စမနေရာတွင်လည်းကောင်း၊ အေတီကိုအသင်း၊ စပါးအသင်း၊ဒေါ့မွန်အသင်း၊ပီအက်စ်ဂျီအသင်း၊ဂျူဗင်တပ်အသင်း၊အေဂျက်အသင်းတို့က ကစားသမား ၁၁ ဦးစီဖြင့် ဆဋ္ဌမနေရာတွင်လည်းကောင်း၊ အာဆင်နယ်အသင်းနှင့် ဆီဗီလာအသင်းတို့က ကစားသမား ၁၀ဦးစီဖြင့် သတ္တမနေရာတွင်လည်းကောင်း အသီးသီး ရပ်တည်ခဲ့ကြကြောင်း သိရသည်။ STA

# လေ့ကျင့်ရေးကွင်းတွင်ရရှိခဲ့သည့်ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် အန်ကူကူ လွဲချော်

**ပဲရစ် နိုဝင်ဘာ ၁၆**

ပြင်သစ်အသင်းတိုက်စစ်ကစားသမား အန်ကူကူသည် ကမ္ဘာ့ဖလားယှဉ်ပြိုင်မည့် အသင်းလူစာရင်းတွင် ရွေးချယ်ခံခဲ့ရသော်လည်းလေ့ကျင့်ရေးအစီအစဉ်တွင် ရရှိခဲ့သည့် ဒူးဒဏ်ရာကြောင့် ပြိုင်ပွဲနှင့်လွဲချော်ခဲ့ရကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အန်ကူကူသည် အင်္ဂါနေ့က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ပြင်သစ်အသင်းက အန်ကူကူ၏ ဒဏ်ရာနှင့်ပတ်သက်၍ အသေးစိတ်ထုတ်ပြန်ခဲ့ခြင်းမရှိသော်လည်း ၎င်းအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို လိုက်ပါခြင်းမရှိဟုကြေညာခဲ့သည်။

လက်ရှိတွင် နည်းပြဒက်ချမ့်က အန်ကူကူ၏နေရာတွင် အစားထိုးရန် မိုနာကိုအသင်းမှ ဘန်ရယ်ဒါ၊ လိုင်ယွန်အသင်းမှ မိုအူဆာဒီယာဘီ၊ မော်ဂန်တာရီယာနှင့် ဖရန့်ဖတ်အသင်းမှ မူအာနီတို့ကိုအစားထိုးရန် စီစဉ်နေသည်။



အသက် ၂၅ နှစ်ရှိ အန်ကူကူသည် ယခုနှစ်အမှတ်ပေးပြိုင်ပွဲတွင်လည်း သွင်းဂိုး ၁၃ ဂိုးထိသွင်းယူခြေစွမ်းပြသနိုင်ခဲ့သည့်အပြင် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း သွင်းဂိုး ၃၇ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် ပြင်သစ်လက်ရွေးစင်အသင်းရှိ ဥရောပထိပ်သီးကလပ်ငါးခုတွင် ပီအက်စ်ဂျီအသင်းမှ အမ်ဘက်ပီပြီးလျှင် ဒုတိယသွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသောကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၎င်းကိုလက်လွှတ်ခဲ့ရသည့် ပြင်သစ်အသင်းအတွက် အဓိက ထိုးနှက်ချက်ဖြစ်လာနိုင်ကြောင်း သိရသည်။ ML

# မက်ဂွဲယားကိုပြန်လည်ခေါ်ယူရန်အသင့်ရှိဟု လက်စတာအသင်း ထုတ်ပြန်

**လန်ဒန် နိုဝင်ဘာ ၁၆**

လက်စတာအသင်းသည် ယခုနှစ်ဘောလုံးရာသီ မန်ယူအသင်းတွင် ပုံစံကောင်းရရှိရန် ရုန်းကန်နေရသည့် ခံစစ်ကစားသမား မက်ဂွဲယားကို မန်ယူအသင်းက ရောင်းချပါက ပြန်လည်ခေါ်ယူရန် အသင့်ရှိနေကြောင်း ထုတ်ပြန်ခဲ့သည်ဟု Goal.com က ယနေ့တွင်ဖော်ပြခဲ့သည်။



မက်ဂွဲယားသည် ၂၀၁၉ ခုနှစ်က လက်စတာအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၈၇ သန်းဖြင့် ရောက်ရှိခဲ့ပြီးနောက် မန်ယူအသင်းခံစစ်ပိုင်းတွင် အဓိကကစားသမားအဖြစ် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း နည်းပြတန်ဟတ်ရောက်ရှိခဲ့ပြီးနောက်ပိုင်း ကစားပုံကျဆင်းခဲ့သောကြောင့် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးခဲ့ပြီး အသင်းအနေဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပြန်လည်ရောင်းချရန် ပြင်ဆင်နေသည်။

ထို့ကြောင့် လက်စတာအသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဝန်းကျင်သာရှိတော့သည့် အသင်းမှ ကစားသမားဟောင်း မက်ဂွဲယားကို ပြန်လည်ခေါ်ယူရန် ပြင်ဆင်နေပြီး မန်ယူအသင်းက ရောင်းချပါက ခေါ်ယူရန်အသင့်ရှိကြောင်းထုတ်ပြန်ခဲ့သည်။

လက်စတာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အဓိကခံစစ်ကစားသမားများ ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်ခြင်းမရှိသဖြင့် ခံစစ်ပိုင်းကျဆင်းခဲ့ကာ ရာသီအစပွဲစဉ်များတွင် ရလဒ်များဆိုးရွားခဲ့ပြီး လက်ရှိအမှတ်ပေးပြိုင်ပွဲ ၁၅ ပွဲကစားအပြီးတွင် ခံစစ်ပိုင်းကပေးဂိုး ၂၅ ဂိုးထိခွင့်ပြုခဲ့ရသဖြင့် ဇန်နဝါရီအပြောင်းအရွှေ့တွင် ခံစစ်ပိုင်းဖြည့်တင်းရန် အသင်းကစားသမားဟောင်း မက်ဂွဲယားကို ပြန်လည်ခေါ်ယူရန် စီစဉ်ခဲ့ကြောင်း သိရသည်။ ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲပြီးဆုံးချိန်၌ ရှမ်းယူနိုက်တက်အသင်း တစ်ရာသီလုံး ရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံဆုဆွတ်ခူး

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်း၌ ရှမ်းယူနိုက်တက် အသင်းနှင့် ISPEအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက် တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ၂၀၂၂ ဘောလုံး ရာသီတစ်ရာသီလုံး ရှုံးပွဲမရှိစံချိန် ဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက် တက်အသင်းက ISPEအသင်းကို ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေး ကစားနိုင်ခဲ့ပြီး ပွဲချိန် ၅၁ မိနစ် တွင် သွင်းယူခဲ့သည့် နန္ဒကျော်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ဘောလုံးရာသီ မြန်မာ နေရှင်နယ်လိဂ်ပြိုင်ပွဲကို ၁၀ သင်း ဖြင့် ရန်ကုန်မြို့ သုဝဏ္ဏအားကစား ကွင်းတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

၂၀၂၂ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက် တက်အသင်းက ၁၅ ပွဲနိုင် သုံးပွဲ သရေ ရှုံးပွဲမရှိ ရမှတ် ၄၈ မှတ်ဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၃၉ မှတ်ဖြင့် အဆင့်(၂)၊ ဟံသာဝတီ ယူနိုက်တက်အသင်းက ရမှတ် ၃၂ မှတ်ဖြင့် အဆင့်(၃)၊မြဝတီအက်ဖ်စီ အသင်းက ရမှတ် ၃၀ မှတ်ဖြင့် အဆင့်(၄)၊ ရှေ့ာဝတီယူနိုက်တက် အသင်းက ရမှတ် ၂၈ မှတ်ဖြင့် အဆင့်(၅)၊ ရတနာပုံအက်ဖ်စီအသင်း က ရမှတ် ၂၈ မှတ်ဖြင့် အဆင့်(၆)၊ ISPEအသင်းက ရမှတ် ၂၅ မှတ် ဖြင့် အဆင့် (၇)၊ မဟာယူနိုက်တက် အသင်းက ရမှတ် ၁၁ မှတ်ဖြင့် အဆင့်(၈)၊ GFA အသင်းက ရမှတ် ၁၀ မှတ်ဖြင့် အဆင့်(၉)နှင့် ရခိုင်ယူနိုက်တက်အသင်းက ရမှတ် ၄မှတ်ဖြင့် အဆင့်(၁၀)နေရာတွင် အသီးသီးရပ်တည်ခဲ့ကြသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ သမိုင်းတစ်လျှောက် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် ရှမ်းယူနိုက်တက် အသင်းသည် တစ်ရာသီလုံးရှုံးပွဲမရှိ ခဲ့ဘဲ ရွှေဖလားဆွတ်ခူးနိုင်ခဲ့သည့် တစ်သင်းတည်းသောအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ယခုနှစ်ဘောလုံး ရာသီသွင်းဂိုးအများဆုံးကစားသမား ဆုကို ရှေ့ာဝတီယူနိုက်တက်အသင်း မှ ရန်ကျော်ထွေးကသွင်းဂိုး ၁၄ ဂိုး ဖြင့်ရရှိခဲ့ကြောင်း သိရသည်။

STA

# WBA အဖွဲ့ချုပ်က အမျိုးသမီးစူပါဖယ်သာ ဝိတ်တန်းချန်ပီယံ စိန်ခေါ်ပွဲအဖြစ် ဘမ်ဂါနာနှင့် ဟွန်မီချေတို့ထိုးသတ်ရန် ညွှန်ကြား

**ပနားမား နိုဝင်ဘာ ၁၆**

အမျိုးသမီးစူပါဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ တောင်ကိုရီးယား လက်ဝှေ့မယ် ဟွန်မီချေကို WBC၊ IBO အမျိုးသမီးစူပါဖယ်သာဝိတ် တန်း ကမ္ဘာ့ချန်ပီယံ အမေရိကန် လက်ဝှေ့မယ် ဘမ်ဂါနာနှင့်ထိုးသတ် သွားရန် WBA အဖွဲ့ချုပ်က ညွှန်ကြားခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

ဟွန်မီချေသည် WBA အမျိုး သမီးဖယ်သာဝိတ်တန်း ကမ္ဘာ့ ချန်ပီယံခါးပတ်ကို ၂၀၀၉ ခုနှစ်က စတင်ရရှိခဲ့သူဖြစ်ပြီး ချန်ပီယံ ကာကွယ်ပွဲကို ခုနစ်ကြိမ်ထိ ကာကွယ် နိုင်ခဲ့သူဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် WBA အမျိုးသမီးစူပါဖယ်သာဝိတ် တန်းကမ္ဘာ့ချန်ပီယံခါးပတ်ကိုရရှိခဲ့ ပြီး ယနေ့ထိ လက်ရှိချန်ပီယံအဖြစ် ရပ်တည်နေသူဖြစ်သည်။

ဟွန်မီချေသည် WBA အမျိုး သမီး စူပါဖယ်သာဝိတ်တန်းကမ္ဘာ့ ချန်ပီယံကာကွယ်ပွဲ ၁၁ ကြိမ်ထိ အောင်မြင်စွာ ကာကွယ်နိုင်ခဲ့ပြီး စိန်ခေါ်ပွဲပေါင်း ၂၁ ကြိမ် ထိုးသတ် ခဲ့ရာ နိုင်ပွဲ ၂၀ ထိရရှိထားပြီး သရေ ရလဒ်ထွက်ပေါ်ခဲ့သည့် စိန်ခေါ်ပွဲ တစ်ပွဲသာရှိခဲ့သည်။

ဘမ်ဂါနာသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှစတင်၍ WBC၊ IBF၊ WBO အမျိုးသမီးစူပါဖယ်သာ ဝိတ်တန်းကမ္ဘာ့ချန်ပီယံ ခါးပတ်များ ကိုရရှိထားသူဖြစ်ပြီး လက်ရှိချန်ပီယံ ကာကွယ်ပွဲအဖြစ် နှစ်ကြိမ်ထိုးသတ် ထားကာ စိန်ခေါ်ပွဲ ၁၄ ပွဲထိုးသတ် ပြီး တစ်ပွဲသာရှုံးနိမ့်ထားသည်။

WBA အဖွဲ့ချုပ်က "ဟွန်မီချေ နဲ့ ဘမ်ဂါနာကိုထိုးသတ်ဖို့ညွှန်ကြား ထားပါတယ်။အနိုင်ရရှိသူက အမျိုး သမီးစူပါဖယ်သာ ဝိတ်တန်းရဲ့ ပြိုင်ဘက်ကင်း ချန်ပီယံဖြစ်ခွင့်ရမှာ ပါ။ စိန်ခေါ်ပွဲအတွက် ထိုးသတ်မဲ့ အချိန်နဲ့နေရာကိုကစားသမားတွေရဲ့ ပြောရေးဆိုခွင့်ရှိသူတွေကိုညွှန်ကြား ထားပါတယ်"ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

AZL




# ဒဏ်ရာပြဿနာကြောင့် RSM Classic ဂေါက်သီးရိုက်ပြိုင်ပွဲမှ တိုနီဖီနော့နုတ်ထွက်

**ဝါရှင်တန် နိုဝင်ဘာ ၁၆**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာ ပြည်နယ်တွင် နိုဝင်ဘာ ၁၈ ရက်၌ စတင်ကျင်းပမည့် RSM Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိ ကန် ဂေါက်သီးရိုက်ကစားသမား တိုနီဖီနော့ ပါဝင်ယှဉ်ပြိုင်နိုင်မည် မဟုတ်တော့ဟု ပြိုင်ပွဲကျင်းပရေး ကော်မတီက ထုတ်ပြန်ခဲ့ကြောင်း SN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုနီဖီနော့သည် ဒဏ်ရာ ပြဿနာကြောင့် ပြိုင်ပွဲမှနုတ်ထွက် ရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း ကို ၎င်း၏တွစ်တာစာမျက်နှာမှ တစ်ဆင့် အသိပေးခဲ့သည်။

တိုနီဖီနော့က "ဒီနေ့မနက် လေ့ကျင့်ခန်းလုပ်တော့ လှုပ်ရှားရ တာ အဆင်မပြေခဲ့ပါဘူး။ လှုပ်ရှား ရတာလေးလံနေပြီးတော့ လေ့ကျင့် မှုတွေကိုလဲ ကောင်းကောင်းမလုပ် နိုင်ခဲ့ပါဘူး။ ဒဏ်ရာအခြေအနေ ပိုဆိုးလာမှာကို စိုးရိမ်တဲ့အတွက် စိတ်မကောင်းစွာနဲ့ RSM Classic ဂေါက်သီးရိုက်ပြိုင်ပွဲကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်လိုက်ရပါတယ်။ ကြံ့ခိုင်မှုလဲမပြည့်ဝသလို ခံစားနေ ရပါတယ်။ပြီးခဲ့တဲ့ Houston Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ချန်ပီယံဆု ကို ဆွတ်ခူးနိုင်ခဲ့လို့ စိတ်ဓာတ်ပိုင်း တက်ကြွနေသလို ယုံကြည်မှု မြင့်တက်နေတဲ့အချိန်အခုလို ဒဏ်ရာ ပြဿနာနဲ့ရင်ဆိုင်ခဲ့ရတာ စိတ်ပျက် စရာကောင်းပါတယ်။ Houston Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာကစား နိုင်ခဲ့တဲ့ပုံစံက အရမ်းအဆင်ပြေပါ တယ်။ ဒီပုံစံကောင်းကို ဆက်ပြီး ထိန်းသိမ်းနိုင်ဖို့ လေ့ကျင့်မှုတွေ ပိုပြီးလုပ်ခဲ့တာပါ။ဒဏ်ရာအမြန်ဆုံး သက်သာပြီး ပြိုင်ပွဲထဲအမြန်ဆုံး ပြန်ဝင်လာနိုင်အောင် ကြိုးစားသွား မှာပါ"ဟု ပြောကြားခဲ့သည်။

တိုနီဖီနော့သည် လက်ရှိကမ္ဘာ့ အဆင့်(၁၂)နေရာ၌ရပ်တည်နေပြီး ပြိုင်ပွဲဝင်ရန် စာရင်းပေးသွင်းထား သော်လည်း လေ့ကျင့်မှုပြုလုပ်စဉ် ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

AZL

# ကာဗယ်ဟိုက ပေါ်တူဂီအသင်းကို ကိုယ်စားပြုကစားတော့မည်မဟုတ်ဟု ပေါ်တူဂီဘောလုံးအဖွဲ့ချုပ် ထုတ်ပြန်ကြေညာ

**လစ္စဘွန်း နိုဝင်ဘာ ၁၆**

ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ် က လီဗာပူးအသင်းမှ လူငယ် ကြယ်ပွင့်ကစားသမား ကာဗယ်ဟို သည် ပေါ်တူဂီလူငယ်အသင်း အတွက် ကိုယ်စားပြုကစားတော့ မည်မဟုတ်ဟု အတည်ပြုကြေညာ ခဲ့ကြောင်း The Athletic သတင်း ဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



အသက် ၂၀ နှစ်ရှိ ကာဗယ်ဟို သည် ပေါ်တူဂီနိုင်ငံတွင် မွေးဖွားခဲ့ သော်လည်း အင်္ဂလန်နိုင်ငံတွင် သာနေထိုင်လျက်ရှိပြီး လူငယ် ကစားသမားဘဝ အင်္ဂလန်ယူ-၁၆၊ ၁၇၊ ၁၈အသင်းတို့တွင်ပါဝင်ကစား ခဲ့သူဖြစ်သည်။

သို့သော် ကာဗယ်ဟိုသည် နှစ်နိုင်ငံစလုံးတွင်ကိုယ်စားပြုပါဝင် ခွင့်ရှိသူဖြစ်သည့်အတွက် အင်္ဂလန် လူငယ်အသင်းများနှင့် ကစားခဲ့ပြီး နောက် ပေါ်တူဂီလက်ရွေးစင် ယူ-၂၁ အသင်းနှင့်လည်း နိုင်ငံ တကာပွဲ လေးပွဲကစားခဲ့သော်လည်း ယခုအခါ လီဗာပူးအသင်းနှင့်အတူ ကစားသမားဘဝ စတင်နေသည့် အတွက် အင်္ဂလန်အသင်းတွင် ကိုယ်စားပြုပါဝင်ကစားလိုနေသော ကြောင့် ပေါ်တူဂီလူငယ်အသင်း အတွက် မကစားရန်ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ် က "ကာဗယ်ဟိုထံက ပေါ်တူဂီ ယူ-၂၁အသင်းအတွက် မကစားပေး တော့ကြောင်းကို စာပို့အကြောင်း ကြားခဲ့ပါတယ်။ ကျွန်တော်တို့ ပေါ်တူဂီ ယူ-၂၁ အသင်းအနေနဲ့ မကြာမီနိုင်ငံတကာပွဲစဉ်ကစားဖို့ရှိ နေတဲ့အချိန် သူကအသင်းအတွက် မကစားပေးနိုင်တော့တဲ့အကြောင်း ကို အချိန်မီ ဆက်သွယ်အကြောင်း ကြားခဲ့တာဖြစ်ပါတယ်"ဟုထုတ်ပြန် ခဲ့သည်။

ကာဗယ်ဟိုသည် ပြီးခဲ့သည့် ကစားသမားအပြောင်းအရွှေ့ကာလ က ဖူလ်ဟမ်အသင်းမှ လီဗာပူး အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူ ဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် ၁၁ ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရ သည်။

STA

## အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းမှထွက်ခွာမည့် ဘက်စ်ကွက်ကို ဆော်ဒီ ကလပ်နှင့် မေဂျာလိဂ်ကလပ်အသင်းများက ခေါ်ယူရန် ကမ်းလှမ်းနေကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းက ကွင်းလယ်တွင် ခြေစွမ်းပြကစားနေသည့် မေဆင်မောင့်ကို ကာလရှည်သက်တမ်းတိုးရန် သဘောတူညီမှု ရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ယခုနှစ်ဘောလုံးရာသီကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည့် ဒေါ့မွန်အသင်း ညာတောင်ပံခံစစ်ကစားသမား ဂွါရဲရိုးကို လိဒ်အသင်းကခေါ်ယူရန် ကြိုးပမ်းလျက်ရှိနေ ကြောင်း သိရသည်။
- အနီကတ်ပြစ်ဒဏ်ကြောင့် သုံးပွဲပယ်ခံခဲ့ရသည့် တိုက်စစ်မှူး လီဝမ်ဒေါစကီးအတွက် ဘာစီလိုနာအသင်း အယူခံတင်သွင်း ခဲ့ကြောင်း သိရသည်။

ML

## နိုင်ငံတကာခြေစမ်းပွဲစဉ်ရလဒ်များ

| | | | | |
|---|---|---|---|---|
| ယူအေအီး | ၀ | - | ၅ | အာဂျင်တီးနား |
| အိုမန် | ၀ | - | ၁ | ဂျာမနီ |
| ပိုလန် | ၁ | - | ၀ | ချီလီ |
| တူရကီ | ၂ | - | ၁ | စကော့တလန် |

(ဝ၄ဝ)

## ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း

# အစားအသောက်များလေလွင့်ဆုံးရှုံးမှုမရှိစေရေးမှသည် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုဆီသို့

ကမ္ဘာ့လူဦးရေက တစ်စတစ်စများလာသည်။ စိုက်ပျိုးမြေကရှားပါးပြီး ရှိသည့်နေရာမှာ များများ ထွက်ရန် နည်းပညာများသုံးပြီး မွေးကြရသည်။ အစားအစာများကို အာဟာရဖြစ်ရန်ထက် တွက်ခြေကိုက်ရန်၊ လျှာအရသာနှင့်ထိစေရန် ဆူလွယ်နပ်လွယ်ဖန်တီးလာကြသည်။ အစားအစာပေါများသည့်မြို့ကြီးများတွင်ရနိုင်သည့်အစားအသောက်က အာဟာရပြည့်မီမှုမရှိပေ။ တောနယ်များဘက်တွင် စားနပ်ရိက္ခာမလောက်ငခြင်းများရှိနေပြန်သည်။ ထို့ကြောင့်လည်း စားနပ်ရိက္ခာလုံခြုံမှု တစ်နည်းအားဖြင့် စားနပ်ရိက္ခာဖူလုံမှုဆိုသည့်ခေါင်းစဉ်ဖြင့် အကြီးအကျယ်ဆွေးနွေးနေကြရခြင်းဖြစ်သည်။

စားနပ်ရိက္ခာနှင့်ပတ်သက်လာလျှင် လူသားများ ရင်ဆိုင်နေရသည့်ပြဿနာနှစ်ရပ်ရှိသည်။ တစ်ခုက စားနပ်ရိက္ခာမလောက်ငမှု၊ နောက်တစ်ခုကတော့ အာဟာရမပြည့်ဝမှုဖြစ်ပါသည်။ စားနပ်ရိက္ခာလောက်ငနေသည့်တိုင် စားနေသည့်အစားအသောက်များက အာဟာရပြည့်ဝမှုမရှိ၊ ကျန်းမာရေးနှင့်ကိုက်ညီမှုမရှိခြင်းဖြစ်ပါသည်။

ယနေ့ ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာမလောက်ငမှုကြောင့် ဆာလောင်မွတ်သိပ်နေကြရသည့် လူသားများ တစ်စတစ်စများလာသည်။ သန်းနှင့်ချီသော လူသားများက ဆင်းရဲမှုနှင့် စားနပ်ရိက္ခာမဝလင်မှုဟူသည့် အမှောင်တိုက်ထဲရောက်နေကြရသည်။ ၎င်းပြဿနာထဲသို့ တွန်းပို့ပေးသည့် အဓိကအကြောင်းရင်းများထဲမှာ ရာသီဥတုပြင်းထန်စွာပြောင်းလဲမှုက ရှေ့ဆုံးကပါနေသည်။ ရာသီဥတုမမှန်သဖြင့် အချို့နေရာတွင် မိုးခေါင်ပြီးစိုက်ပျိုးရေမလုံလောက်၊ အချို့နေရာများ၌ ရေကြီးပြီး စိုက်ပျိုးမြေများ ပျက်စီးရသည်။ ပျက်စီးသွားသည့်မြေကို ပြန်လည်ပြုပြင်ရန် အချိန်ယူကြရပြန်သည်။ ရာသီဥတုမမှန် ဖောက်ပြန်ခြင်း၏နောက်ကွယ်တွင်လည်း သစ်တောကြီးများ ပျက်သုဉ်းသွားရခြင်း အကြောင်းရင်းတစ်ရပ်က ရှိနေပြန်သည်။

လူသားများကို ပိုမိုဆင်းရဲသွားစေသည့်အကြောင်းရင်းနောက်တစ်ချက်က လူ့ဒေါသ၊ လောဘ၊ မာန်မာနများမှုကြောင့်ဖြစ်ရသည့် စစ်ပွဲများကြောင့်ဖြစ်ပါသည်။ လတ်တလော အရှေ့ဥရောပဒေသ၊ ရုရှားနှင့်ယူကရိန်း ပဋိပက္ခများ၊ မငြိမ်းချမ်းသောကမ္ဘာ့အရပ်ဒေသများမှ စစ်ပွဲများ၏ အကျိုးဆက်ပျက်စီးဆုံးရှုံးမှုများနှင့် စစ်အသုံးစရိတ်များစသည်တို့ကြောင့်လည်း ဆင်းရဲသူဦးရေတိုးလာရသည်။ နောက်အကြောင်းရင်းတစ်ချက်ကတော့ ၂၀၁၉ ခုနှစ်ကတည်းက စတင်ခဲ့ပြီး ယနေ့အချိန်ထိ ခြိမ်းခြောက်နေဆဲဖြစ်သည့် ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာ့စီးပွားရေးများစွာ ထိခိုက်ခဲ့ရပြီး လက်ရှိကာလထိ စီးပွားရေးပြန်လည် ဦးမော့လာစေရန် နိုင်ငံအများကြိုးစားနေကြရဆဲဖြစ်သည်။

အမှန်တကယ်တော့ ကမ္ဘာပေါ်တွင်ရှိသည့် စားနပ်ရိက္ခာများက မလောက်ငဟုဆိုနေချိန်တွင် တစ်ဖက်ကလည်း ကမ္ဘာ့စားနပ်ရိက္ခာများ၏သုံးပုံတစ်ပုံက နှစ်စဉ်လိုလို အလဟဿဖြုန်းတီးနေရသည်။ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သည့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏အဆိုအရ အမေရိကန်ဒေါ်လာ ၄၀၀ ဘီလီယံခန့်တန်ဖိုးရှိသည့် ကမ္ဘာ့စားနပ်ရိက္ခာများ၏ လေးပုံတစ်ပုံပမာဏမှာ စိုက်ပျိုးထုတ်လုပ်လိုက်သည့်နေရာမှ သုံးစွဲသူလက်ထဲမရောက်မီ ကြားနေရာများတွင် ပျက်စီးဆုံးရှုံးသွားရသည်ဟုဆိုသည်။

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) ကလည်း ကမ္ဘာ့စားနပ်ရိက္ခာများ၏ နောက်ထပ် ၁၇ ရာခိုင်နှုန်းခန့်မှာ ပြန်လည်ရောင်းချသူများနှင့် စားသုံးသူများ၏လက်ထဲရောက်မှ လေလွင့်ပျက်စီးကြရသည်ဟုဆိုထားပြန်သည်။ ဝင်ငွေအမြင့်စားနှင့် အလယ်အလတ်စားရရှိကြသည့် တိုင်းပြည်များမှ နိုင်ငံသားတစ်ဦးသည် တစ်နှစ်လျှင် ၇၄ ကီလို ဂရမ်ရှိမည့် အစားအစာများကို မစားဘဲဖြုန်းတီးပစ်ကြသည်။

**❖ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကဦးဆောင်လျက် ရေရှည်တည်မြဲသည့်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် (SDGs) များ ချမှတ်ထားခြင်းလည်းရှိသည်။ ၎င်းရည်မှန်းချက်များကို နံပါတ်အစဉ်လိုက်တပ်ပြီး အမည်ပေးထားသည်။ စုစုပေါင်းရည်မှန်းချက် (၁၇) ချက်ရှိသည်။ ဥပမာ-ဆင်းရဲမှုမှလွတ်မြောက်ရေးမျှော်မှန်းချက်သည် နံပါတ်(၁)၊ ဆာလောင်မွတ်မှုပပျောက်ရေးမျှော်မှန်းချက်သည် နံပါတ်(၂)၊ ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်ရေးမျှော်မှန်းချက်သည် နံပါတ်(၃) နှင့် ပညာရေးမျှော်မှန်းချက်သည် နံပါတ်(၄) ဖြစ်သည်။ ❖**

ထို့အတွက်ကြောင့် ယနေ့ရင်ဆိုင်နေရသည့် စားနပ်ရိက္ခာပြဿနာများနှင့် ရာသီဥတုအခြေအနေများအတွက် အစားအသောက်လေလွင့်ဆုံးရှုံးမှုများကို ထိန်းသိမ်းရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။ လေလွင့်ပိုလျှံနေသဖြင့် အမှိုက်သရိုက်အဖြစ် စွန့်ပစ်လိုက်သည့် အစားအသောက်အမှိုက်များကို မီးရှို့ဖျက်ဆီးရာမှ မီသိန်းဓာတ်ငွေ့၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များအပါအဝင် ကျန်းမာရေးကို အန္တရာယ်ပြုနိုင်သည့် ဓာတ်ငွေ့များထွက်ပေါ်လာနိုင်သည်။ စားနပ်ရိက္ခာလေလွင့်အမှိုက်များက ကမ္ဘာလုံးဆိုင်ရာဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လုပ်မှုများ၏ ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းထိရှိနေသည်။ ထိုအစားအသောက်ပိုလျှံအမှိုက်များကိုသာ ထိန်းချုပ်နိုင်မည်ဆိုပါက ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့မီသိန်းဓာတ်ငွေ့ထုတ်လုပ်မှု၏ ၁၅ ရာခိုင်နှုန်းထိလျှော့ချနိုင်မည်ဟုဆိုပါသည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)၏ အစီရင်ခံစာတစ်ခုတွင် ဆော်ဒီအာရေဗျနိုင်ငံ၏ ၂၀၁၆ ခုနှစ်အတွင်း စွန့်ထုတ်ခဲ့သည့် အစားအသောက်ပိုလျှံအမှိုက်များ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံထိရှိခဲ့ပြီး ၎င်းငွေကြေးပမာဏဖြင့် စာသင်ကျောင်း ၁၀၀၀၊ ဆေးရုံ ၅၀ နှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုဌာန ၁၅၀၀ ထိဆောက်လုပ်နိုင်သည့်အနေအထားရှိကြောင်း ပါရှိသည်။

စားနပ်ရိက္ခာဖူလုံမှုအတွက် စီးပွားဖြစ်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ကြရမည်ဖြစ်သလို တစ်ဖက်ကလည်း စားနပ်ရိက္ခာပိုလျှံလေလွင့်မှုများကို ဝိုင်းဝန်းထိန်းချုပ်ပေးကြရန် အရေးကြီးသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ဦးဆောင်လျက် ရေရှည်တည်မြဲသည့်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် (SDGs) များ ချမှတ်ထားခြင်းလည်း ရှိသည်။ ၎င်းရည်မှန်းချက်များကို နံပါတ်အစဉ်လိုက်တပ်ပြီး အမည်ပေးထားသည်။ စုစုပေါင်းရည်မှန်းချက် (၁၇) ချက်ရှိသည်။ ဥပမာ- ဆင်းရဲမှုမှလွတ်မြောက်ရေးမျှော်မှန်းချက်သည် နံပါတ်(၁)၊ ဆာလောင်မွတ်မှုပပျောက်ရေးမျှော်မှန်းချက်သည် နံပါတ်(၂)၊ ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်ရေးမျှော်မှန်းချက်သည် နံပါတ်(၃)နှင့် ပညာရေးမျှော်မှန်းချက်သည် နံပါတ်(၄) ဖြစ်သည်။

၎င်းတို့အထဲမှာမှ နံပါတ်(၁၂) မျှော်မှန်းချက်က ရေရှည်တည်မြဲသောထုတ်လုပ်မှုနှင့် စားသုံးမှုရှိရေးဖြစ်ပြီး ၎င်းအောက်တွင် မျှော်မှန်းချက်အသေးစိတ် ၁၁ ခုထပ်ခွဲထားပြန်သည်။ သည်ထဲမှာမှ မျှော်မှန်းချက်နံပါတ် (၁၂) နှင့် (၁၃) က လူတစ်ဦးချင်းစီ၏ အစားအစာပိုလျှံအမှိုက်များကို စားသုံးသူနှင့်ရောင်းချသူအဆင့်များမှာ ထက်ဝက်လျှော့ချနိုင်ရန်ဟူသည့် မျှော်မှန်းချက်ဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်ရောက်သည့်အခါ စိုက်ခင်း၊ မွေးမြူရေးခြံများမှထွက်လာသည့် စားသောက်ကုန်များ၏ လေလွင့်ပိုလျှံမှုများကို ထက်ဝက်ထိလျှော့ချရန် ရည်ရွယ်ခြင်းဖြစ်သည်။

ကုလသမဂ္ဂ၏ခေါင်းဆောင်မှုဖြင့် ကမ္ဘာ့နိုင်ငံများအားလုံးက အစားအစာလေလွင့်မှု၊ ဆုံးရှုံးမှုများမရှိရလေအောင် အရှိန်အဟုန်မြင့်ဆောင်ရွက်ပေးကြရန် လိုအပ်သည်။ ပြင်ဆင်မထားသည့်အချိန်တွင် စားနပ်ရိက္ခာမလုံလောက်မှုပြဿနာကို ရုတ်တရက် ဆိုးဆိုးရွားရွားရင်ဆိုင်ကြရသည့်အခါ ကျန်းမာရေးစောင့်ရှောက်မှုရလဒ်များကို ပြင်းပြင်းထန်ထန်ထိခိုက်စေပါသည်။ အထူးသဖြင့် စီးပွားရေးချို့တဲ့နိုင်ငံများ၏ ထိလွယ်ရှလွယ်ရှိလှသည့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းမှာ အောက်ဆုံးထိထိုးကျသွားတတ်သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း စားနပ်ရိက္ခာအခက်အခဲကြောင့် အခြေအနေ အလွန်ဆိုးရွားသွားနိုင်သည့် နိုင်ငံပေါင်း ၁၉ နိုင်ငံရှိနေပြီး ၎င်းတို့အနက်မှ အာဖဂန်နစ္စတန်၊ အီသီယိုးပီးယား၊ တောင်ဆူဒန်၊ ဆိုမာလီးယားနှင့် ယီမင်နိုင်ငံတို့ရှိ လူဦးရေ ၉၇၀၀၀၀ ခန့်မှာ အလုံးစုံပျက်စီးသွားနိုင်မည့်အခြေအနေရှိနေပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ထုတ်ပြန်ချက်တစ်ရပ်မှာ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့တစ်လွှားငတ်မွတ်သူဦးရေ ၄၆ သန်းသာရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၈၂၈ သန်းထိ များပြားလာခဲ့ကြောင်း ဖော်ပြထားသည်။

၎င်းထုတ်ပြန်ချက်ထဲတွင် ဆက်လက်ဖော်ပြထားသည်က ကမ္ဘာ့လူဦးရေ ၃ ဒသမ ၁ ဘီလီယံမှာ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို မှီဝဲရရှိနိုင်ခြင်းမရှိဘဲ အသက် ငါးနှစ်အောက်ကလေးငယ် ၄၅ သန်းခန့်မှာ အာဟာရချို့တဲ့မှုကြောင့် ကျုံလှီအားနည်းနေသည့် အခြေအနေတွင်ရှိကြောင်း တွေ့ရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အာဟာရနှင့်စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာညွှန်ကြားရေးမှူး၏ ပြောဆိုချက်အရ နှစ်စဉ် ကမ္ဘာတစ်လွှား ကျန်းမာရေးနှင့်မညီညွတ်သည့် အစားအသောက်များကြောင့် သေဆုံးရသူ ၈ သန်း၊ အဝလွန်ခြင်းကြောင့် သေဆုံးရသူ ၅ သန်းနှင့် မိခင်နှင့်ကလေး အာဟာရချို့တဲ့မှုကြောင့် သေဆုံးရသူ ၃ သန်းရှိနေကြောင်း သိရသည်။

စိုက်ခင်းနှင့် မွေးမြူရေးခြံများမှ ဈေးကွက်အတွင်း ရောက်ရှိလာသည့် စားနပ်ရိက္ခာများ အလေအလွင့်မရှိစေရေးအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် အစားအစာသိုလှောင်ရုံစနစ်များကောင်းမွန်ရန် လိုအပ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အထူးတလည်လိုအပ်နေသည့်ကဏ္ဍများဖြစ်သည်။ စားသုံးသူများဘက်ကလည်း အစားအစာများ လေလွင့်ဆုံးရှုံးမှု မဖြစ်အောင် အစားအစာစားသုံးသည့်အခါတိုင်း ကိုယ်စီကိုယ်င သတိပြုမှာယူစားသောက်ကြရန် လိုအပ်ပါသည်။

စားသောက်ဆိုင်များတွင် မှာယူစားသောက်ရာတွင်ဖြစ်စေ၊ မိမိတို့နေအိမ်မှာ ချက်ပြုတ်စားသောက်သည်သာဖြစ်စေ စားနပ်ရိက္ခာလေလွင့်မှုမရှိစေရေး စည်းကမ်းတကျဆောင်ရွက်ကြရန် လိုအပ်သည်။ ယုတ်စွအဆုံး မျက်မှောက်ခေတ်အင်တာနက်ကွန်ရက်များမှတစ်ဆင့် အစားအစာများ မှာယူသည့်နေရာများတွင်မှာပါ ချင့်ချိန်မှာယူစားသောက်နိုင်ကြရန်ဖြစ်ပါသည်။

လူသားတစ်ဦးချင်းစီက တစ်နပ်စာ စားသုံးမှုတိုင်းတွင် အစားအစာလေလွင့်ဆုံးရှုံးမှုမရှိစေရေး ဂရုပြုဆောင်ရွက်ကြခြင်းဖြင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံစေမှုကိုအားဖြည့်ပေးရာရောက်ပြီး ချွေတာရာလည်းရနိုင်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**ကိုးကား** –

**UN says a third of food wasted byJohn Zarocostas from Lancet Oct,2022**

**ဒေါက်တာလွှမ်းမိုးဟန်**

# တောင်တွင်းကြီးမြို့နယ်၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**တောင်တွင်းကြီး နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ဝက္ကသေးကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ဝက္ကသေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဝက္ကသေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည် နှစ်မိုင် တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၈၈ ဒသမ ၉၄၇ သန်းဖြင့် နယူးနောင်းကုမ္ပဏီက ယခုနှစ် ဩဂုတ်လ ပထမပတ်က ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၇၂၆ အိမ်၊ လူဦးရေ ၃၄၃၀ တို့၏ စိုက်ပျိုးမြေဧက ၂၁၀ ကျော်မှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ပြောပြ၍ သိရသည်။

သသ

# ရန်ကုန်၊ ပဲခူး၊ မန္တလေးမှ ပန်းပုဆရာများ၏ ပန်းပုကားချပ်များကိုစုစည်း၍ ZEC Art Studio & Gallery တွင် အွန်လိုင်းပြပွဲ ပြုလုပ်သွားမည်



**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ ZEC Art Studio & Gallery ပြခန်းတွင် ရန်ကုန်၊ ပဲခူး၊ မန္တလေးမှ ပန်းပုဆရာများ၏ပန်းပုကားချပ်များကို စုစည်း၍ ဒုတိယအကြိမ် အွန်လိုင်းပြပွဲကို နိုဝင်ဘာ ၂၁ ရက်မှ နိုဝင်ဘာ ၂၈ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း ZEC Art Studio & Gallery ပြခန်းမန်နေဂျာ ဦးအောင်အောင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပြပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒါးပိန် ပန်းပုကျေးရွာမှ ပန်းပုဆရာများ၊ ပဲခူးမြို့ မဇင်းရပ်မှ ပန်းပုဆရာများ၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ ပန်းပုဆရာများ၏ ပန်းပုလက်ရာပန်းပုကားချပ် ၃၀ ခန့်ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ပန်းချီပြခန်းကနေပြီးတော့ ပန်းပုကားချပ်တွေ လေလံဆွဲယူသူ၊ ပန်းချီစုဆောင်းသူတွေရှိလာတဲ့အတွက် မန္တလေး၊ ရန်ကုန်နဲ့ပဲခူးက ပန်းပုဆရာတွေရဲ့ ပန်းပုလက်ရာ ပန်းပုကားချပ်တွေကို အွန်လိုင်းကနေ ဒုတိယအကြိမ် အနေနဲ့ ပြသပေးမှာဖြစ်ပါတယ်" ဟု ဦးအောင်အောင်ဇော်က ပြောပြသည်။

အဆိုပါ ပန်းပုကားချပ်များမှာ အလျား ၅၃ လက်မ၊ အနံ ၂၁ လက်မ၊ ၃ နှစ်လက်မအရွယ်အစား၊ အလျားခြောက်ပေ၊ အနံ သုံးပေ၊ ၃ နှစ်လက်မအရွယ်အစားနှင့်အလျား ငါးပေ၊ အနံ နှစ်ပေခွဲ၊ ၃ နှစ်လက်မ အရွယ်အစားများဖြစ်ကြပြီး ဈေးနှုန်းများမှာ ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ် သိန်း ၂၀ ထိရှိကြောင်း သိရသည်။ ASH

# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် အရောင်မှိန်ယွန်းဗန်းငယ်များ အရောင်းသွက်နေ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် အရောင်မှိန်ယွန်းဗန်းငယ်များ အရောင်းသွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ယမင်းရွှေစင်အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင် မန်နေးဂျင်းဒါရိုက်တာ ဒေါ်ယမင်းရွှေစင်က ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် ယခုလအတွင်း ယွန်းထည်များ ပြန်လည်အရောင်းသွက်နေပြီး သယ်ယူရလွယ်ကူသည့် ယွန်းဗန်း၊ ယွန်းအစ်၊ ယွန်းဘူးများ အဓိက အရောင်းသွက်နေကြောင်း၊ လက်ရှိတွင် (၉×၅) လက်မအရွယ်အစား အရောင်မှိန်ယွန်းဗန်းငယ်များ ပိုအရောင်းသွက်နေကြောင်း သိရသည်။

"ရန်ကုန်မှာက ပြည်ပထွက်တဲ့သူတွေက ဟိုမှာ အမှတ်တရလက်ဆောင်ပေးဖို့ အရုပ်ဆိုလဲ အရုပ်သေးကလေးတွေ၊ ယွန်းထည်ဆိုလဲ ခပ်သေးသေးလေးတွေအမှတ်တရဝယ်ကြပါတယ်။ ကျောက်စီပန်းချီကားဆိုလဲ အလတ်၊ အသေးအရွယ်အစားတွေ အမှတ်တရဝယ်သွားကြတယ်။ အခုလမှာတော့ ယွန်းထည်က အရောင်းသွက်နေတယ်။ ယွန်းဗန်းက ပိုသွက်ပါတယ်။ သူက အရွယ်အစားသုံးမျိုးလောက်လာတာမှာ အသေးဆုံး (၉×၅) လက်မက အရောင်းသွက်နေပါတယ်"ဟု ဒေါ်ယမင်းရွှေစင်က ပြောပြသည်။



အဆိုပါ အရောင်းသွက်နေသည့် ယွန်းဗန်းများမှာ အရွယ်အစား (၉×၅) လက်မ ငွေကျပ် ၉၅၀၀၊ အရွယ်အစား (၁၃×၈) လက်မ ငွေကျပ် ၁၅၀၀၀၊ အရွယ်အစား(၁၈×၁၂) လက်မ ငွေကျပ် ၂၅၀၀၀ နှင့် အရွယ်အစား ၁၃ လက်မ ဗန်းဝိုင်း ငွေကျပ် ၂၅၀၀၀ ဖြစ်ပြီး လက်ရှိတွင် အရွယ်အစား (၉×၅) လက်မ ယွန်းဗန်းအချပ်ရေ ၁၀၀ ကျော် ရောင်းချထားပြီးဖြစ်ကြောင်း သိရသည်။

ASH

# တောင်ကြီးမြို့နယ် ကောင်းမှုစဉ်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**တောင်ကြီး နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နန်းဟောင်းကျေးရွာအုပ်စု ကောင်းမှုစဉ်ကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာ၊ မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်း၊ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ဝါဝါကျော်နှင့် စီမံကိန်းတာဝန်ခံများသည် ကောင်းမှုစဉ်ကျေးရွာတွင် အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းအညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ကောင်းမှုစဉ်ကျေးရွာတွင် အဆိုပါလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၇၅ သိန်းဖြင့် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ပြောပြ၍ သိရသည်။ **ရှိုင်းသန်းညွန့်**

# Gran Turismo ဇာတ်ကား ရိုက်ကူးမှု စတင်နေပြီဖြစ်

**နယူးယောက် နိုဝင်ဘာ ၁၆**

Gran Turismo ရုပ်ရှင်ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ဆိုနီရုပ်ရှင်ကုမ္ပဏီက စတင်နေပြီဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

Gran Turismo ဇာတ်ကားသည် Playstation of Gran Turismo ကားမောင်းဗီဒီယိုဂိမ်းကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် လန်းမာဒန်ဘရော့အမည်ရှိ Gran Turismo ဂိမ်းသမားလူငယ်တစ်ဦး၊ ဆုကြေးစား ပြိုင်ကားမောင်းသူတစ်ဦးအဖြစ် ပြောင်းလဲခဲ့ရပုံဖြစ်ရပ်မှန်ကို ပုံဖော်ရိုက်ကူးမည်ဖြစ်သည်။

Gran Turismo ဇာတ်ကား၌ မင်းသား အာချီမာဒီဝီ၊ ဒေးဗစ်ဟာဘာ၊ အော်လန်ဒိုဘလွန်းနှင့် ဂျီမွန်ဟွန်ဆူးတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို District-9 ဒါရိုက်တာ နီးဘလွမ်းကမ့်က တာဝန်ယူရိုက်ကူးနေပြီဖြစ်ကြောင်း ဆိုနီကုမ္ပဏီတာဝန်ရှိသူများက အတည်ပြုထားသည်။

Gran Turismo ဇာတ်ကားကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။ KKO




# Princess Diaries ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း စတင်နေ

**နယူးယောက် နိုဝင်ဘာ ၁၆**

Princess Diaries ဇာတ်ကားထုတ်လုပ်ရေးလုပ်ငန်းကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက စတင်နေပြီဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

မင်းသမီး အန်နီဟေသာဝေး ပါဝင်သရုပ်ဆောင်ခဲ့သည့် Princess Diaries ဟာသဒရာမာဇာတ်ကား (2001) သည် အအောင်မြင်ဆုံး အချစ်ဟာသဇာတ်ကားများထဲတွင် ပါဝင်သည်။

အဆိုပါဇာတ်ကားကို အမေရိကန်စာရေးဆရာမ မက်ကာဘော့၏ Princess Diaries အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးခဲ့ခြင်းဖြစ်ပြီး Princess Diaries ဇာတ်ကား၌ မင်းသမီး အန်နီဟေသာဝေး ပြန်လည်ပါဝင်လာနိုင်မှုရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။

Princess Diaries 2: A Royal Engagement (2004) ဇာတ်ကားတွင်မူ အန်နီဟေသာဝေး ပြန်လည်ပါဝင်ခဲ့သည်။

တတိယမြောက် Princess Diaries ဇာတ်ကားတွင် မိမိအနေဖြင့် ဆက်လက်သရုပ်ဆောင်လိုကြောင်း မင်းသမီး အန်နီဟေသာဝေးက ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။

KKO



# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses work coordination meeting of Steering Committee to hold 21st Myanmar Traditional Practitioners Conference and Myanmar Traditional Medicine Seminar and work committee


Vice-Senior General Soe Win addresses the work coordination meeting.



**Nay Pyi Taw November 16**

Steering Committee to hold 21st Myanmar Traditional Practitioners Conference and Myanmar Traditional Medicine Seminar and work committee held work coordination meeting at Ministry of Health here this afternoon, addressed by Patron of the steering committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present were members of the steering committee and the work committee and officials.

The Vice-Senior General said the meeting is held to resume the annual conference and seminar, which were adjourned since 2019, on 8 and 9 December during the pre-Diamond Jubilee Independence Day period in accord with the practice of holding them every year by Health Ministry in the leading role, with the participation of related ministries.

Multi-sector development of Myanmar traditional medicine profession and quality improvement of traditional medicines, capacity and ethical improvement of practitioners, further progress of traditional medicine science and production methods through internal and external involvement are the aims of the conference and concerted efforts are required to implement them.

The aims of the seminar are to bring about skilled practitioners, who can extend public healthcare through traditional therapies, to broaden research programs for manufacturing safe and potent medicines, and to cooperate with local practitioners in extending public primary healthcare services and health awareness campaigns till reaching rural areas.

Currently, it can be seen that people from global countries are still using the traditional medicines for public healthcare services. Efforts are being made to cure the Covid-19 pandemic with the traditional medicines across the world while Myanmar is conducting the research on 'Withama' medicine to cure Covid-19 and other seasonal flu for the patients safely. Now, it is reported that the final stage of research has been completed successfully. In fact, Myanmar traditional medicine practitioners have been providing healthcare of the people in successive eras.

The Vice-Senior General noted that it is necessary to arrange the forthcoming conference and seminar to be preserved as a national culture for the Myanmar traditional medicine science which is a traditional heritage of the nation.

As the government is giving special encouragement to development of Myanmar traditional medicine science, the Myanmar Traditional Medicine Council needs to supervise the acts of traditional medicine practitioners in abiding by the relevant ethics through the conferences.

The Vice-Senior General urged all to hold the conference and seminar on traditional medicines in order to make efforts to further improve development process of Myanmar traditional medicine science and stressed the expert representatives from the Ministry of Health and relevant ministries and those from various sectors to strive for successfully holding the conference.

Myanmar traditional medicine production industries included in the MSME businesses of the nation contribute to the increase of GDP of the State. The government also assists in production of Myanmar traditional medicines as much as it can.

The Vice-Senior General underlined the committees have to make utmost for successfully holding the conference and the seminar in their respective sectors.

Chairman of the Steering Committee Union Minister for Health Dr Thet Khaing Win reported on purpose of holding the conference and seminar and plans to successfully hold the seminar.

Chairman of the work committee Deputy Minister for Health Dr Aye Tun and Secretary of the work committee Director General Dr Su Su Dwe of Traditional Medicine Department reported on functions of the leading comittee and work committee for suessfully holding the seminar, annual holding of the conferences and seminars, progress of works and preparations for holding the conference and semimar and detailed functions.

Officials from work committee and subcommittees participated in discussions on successful holding of the conference and seminar. The Vice-Senior General coordinated the reports.

In conclusion, the Vice-Senior General stressed the need tosystematically carry out the assigned duties without fail, urging all to make concerted efforts for holding the conference and seminar on a grander scale as now is time to prepare the Diamond Jubilee Independence Day ceremony. 100

# Nasa's Artemis Moon rocket lifts off Earth

**Cape Canaveral November 16**

The American space agency Nasa has launched its most powerful ever rocket from Cape Canaveral in Florida.

The 100m-tall Artemis vehicle climbed skyward in a stupendous mix of light and sound.

Its objective was to hurl an astronaut capsule in the direction of the Moon.

This spacecraft, known as Orion, is uncrewed for this particular flight, but if everything works as it should, people will climb aboard for future missions that go to the lunar surface.

Wednesday's flight followed two previous launch attempts in August and September that were aborted during the countdown because of technical woes.

But such issues were overcome on this occasion, and the Space Launch System, as the rocket is often called, was given the "go" to begin its ascent from the Kennedy Space Center at 01:47 local time (06:47 GMT).

BBC

# Exclusive interview with Maj-Gen Zaw Min Tun over Thabyu mining site



Maj-Gen Zaw Min Tun, leader of the Information Team of the State Administration Council.

Q: There are some news reports that the Tatmadaw fighter jets launched airstrikes at Thabyu mine in Payathonzu. Some media outlets accused that the mine was being operated under the permission of the government and said that some people including foreigners were killed during the airstrikes. We would like to know the actual situation of the incident.

A: First of all, I would like to point out that there are no mining and exploration activities at Thabyu mining site in Payathonzu approved by the government. In the past, there were mining activities and some mines at the site before 2016. The mines were operated by Thabyu Mining Company Limited and other companies. Their mining contracts expired on 11 December and 12 December, 2016. So, they applied for renewals of their contracts. The government declared the contracts null and void and sent replies to the companies accordingly. The government informed Thabyu Mining Company Limited of the closure of the mines repeatedly. Evidence shows that the government informed the company of it on 18 September, 2019. The government launched an investigation into mining activities there and informed the company of the closures of the mine again on 11 August, 2020. Since then, mining operations have continued with the permission of KNU Brigade (6). I have seen some media reports, which wrongly accused that the mines were being operated with the official approval of authorities. Those who were involved in the mining activities will know the best. They were carrying out illegal mining activities there after negotiations with KNU Brigade (6), which is active in the area. We have already learnt what was happening there. In upper areas of the mines along Kanelay-Mawkhee road, the KNDO once abducted 47 civilians who were repairing the road including ten women and children. Later, 25 bodies who were wearing masks and whose hands were tied at their backs were found. On 20 September, KNU Brigade (6) and PDF terrorists attacked a security outpost in Kyaik (Mashin) village. In the area, incidents similar to what happened to Ukayita Outpost took place there in the past. Sabotage acts were carried out around Payathonzu area and fighting broke out along Payathonzu route. Illegal mining activities are being carried out under the instructions of the KNU Brigade (6) there. In photographs posted by some media, soldiers in guerilla uniforms could be seen clearly and it can be assumed that they were from KNU Brigade (6). It was just an accusation made by their side. We just took security measures against illegal activities and sabotage acts. We have seen some reports that there were some foreigners among the dead but we cannot verify them. Even if there were foreigners among the dead, they were staying there and carrying out illegal activities. I would like to point out that they would not have been there if KNU Brigade (6), which is active in the area, had not known who they were and who brought them there.

100

# Standardized paddy to fetch K630,000 per 100 baskets

**Yangon November 16**

The Myanmar Rice Federation stated that in harvesting period this year, paddy meeting the set standard will fetch K630,000 per 100 baskets, and the rice merchants have been instructed to purchase paddy at such set prices.

The price was set for 2022 monsoon paddy and 2023 summer paddy only. The federation arranges the prices for paddy for the sake of the farmers in line with the law, said central executive committee member U Nyein Chan Aung of the Myanmar Rice Federation (Yangon Region).

"The set price aims to arrange proper prices between the farmers and purchasers. The paddy must be in line with the prescriptions such as 14 per cent of moisture and must be free from low-quality seeds, dust, sand and pieces of stone. It must be 46 pounds per basket. Such kind of paddy will fetch K630,000 per 100 baskets," said the CEC member.

The farmers in difficulties may contact the township representatives of the federation for selling agricultural produce. Prices of paddy were also set at K540,000 per 100 baskets for 2021 monsoon paddy and 2022 summer paddy.

ASH


Newly harvested paddy being put into bags.

# More than 82,000 tons of fertilizers worth more than US$50 million imported

**Nay Pyi Taw November 16**

The Ministry of Commerce stated that Myanmar imported more than 82,000 tons of fertilziers worth more than US$50 million before cold season cultivation season.

No 4 fertlizer plant in Myaungdagar and No 5 plant under the supervision of Myanmar Petrochemical Entrprise in Kangyidaunt produce 300 tons each of fertilizers per day.

These Urea fertilizers manufactured by both plants are sold to farmers at fair prices through region and state governments. But, due to high demand of the farmers, fertilziers are still imported to the country.

In October 2022, 72,270 tons of fertilizers worth US$46.847 million were imported in shipping and more than 10,500 tons worth US$4.281 million through land borders, totalling 82,770 tons.

During the period, fertilizers were imported from India, China, the United Arab Emirates, Vietnam, Thailand, South Korea, Malaysia, Indonesia, Spain and India through shipping.

Likewise, border trade managed import of fertilizers through China, Thailand and India. At present, the authorities arranged fertilizer registration and warehouse registration online. 336

# Plan to build brick fence along Yangon circular railroads

**Yangon November 16**

According to the improvement of the Yangon circular railroad, the brick walls will be constructed along the railroad, according to a press release issued by the Myanma Railways on 14 November.

The project to upgrade Yangon circular railroad was launched by the Myanma Railways in 2016-17 fiscal year. The project comprises repairing of the rail tracks, overpasses, fencing of railway stations and roads.

The project will be implemented in phase by phase in years. In 2022-23 fiscal year, 11 parts of the circular railroad will be fenced with the brick walls.

These sections will be between Thamaing Myothit and Gyogon stations, Paywetseikkon and Kyaukyedwin stations, Kyaukyedwin and Tadagale stations, Tadagale and Parami stations, Parami and Kanbe stations, Kanbe and Tamway stations, Kamayut and Thiri Myaing stations, Kyimyindine and Hanthawady stations, Thiri Myaing and Okkyin stations, Okkyin and Thamaing stations and Thamaing and Thamaing Myothit stations.

The MR plans to invite open tender to businesspersons for fencing of brick walls. Tender proposals and disciplines can be bought at the logistics section of the MR at the corner of Merchant Street and 51st Street in Botahtaung Township as of 14 November.

Tender will be closed at 2:3om pm on 28 November. For further information dial 01-294352, 291985 and 291994. The length of the circular railroad is 59 miles. 336

# ဒုံးကျည်ကာကွယ်ရေးစနစ်များ အဆင့်မြှင့်တင်တည်ဆောက်နေသော ဂျပန်နိုင်ငံ



ဂျပန်နိုင်ငံသည် တရုတ်နှင့်မြောက်ကိုရီးယား နိုင်ငံတို့၏ လျင်မြန်စွာတိုးတက်ပြောင်းလဲလာသည့် အသံထက်မြန်သောလက်နက်စနစ်များ၏ခြိမ်းခြောက်မှုကို ကာကွယ်နိုင်ရေးအတွက် ဒုံးကျည်ကာကွယ်ရေးစနစ်များကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည်။ ထိုသို့တည်ဆောက်ရာတွင် ဒုံးကျည်ကာကွယ်ရေးစနစ်များရှိ လစ်ဟာချက်များကိုဖြည့်ဆည်းနိုင်ရန် မြေပြင်မှဝေဟင်ပစ်ဒုံးကျည် (SAM)များကို ဒီဇိုင်းပုံစံပြန်လည်ပြုပြင်အဆင့်မြှင့်တင်တည်ဆောက်ခြင်းအားဖြင့် အသံထက်မြန်သောဒုံးကျည်များကို ကြားဖြတ်ဟန့်တားတိုက်ခိုက်နိုင်ရန် သုတေသနပြုတည်ဆောက်လျက်ရှိသည်။

တိုကျိုသည် အသံထက်မြန်သော မောင်းသူမဲ့လက်နက်များကို ကြားဖြတ်ဟန့်တားတိုက်ခိုက်နိုင်ရန် ၂၀၀၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့သော Type 03 SAM များကို ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်လျက်ရှိသည်။ ၂၀၂၆ ခုနှစ်တွင် Type 03 ၏ပစ်ခတ်မှု ဆော့ဝဲလ်ပိုင်းအဆင့်မြှင့်တင်ပြီးနောက် ၂၀၂၉ ခုနှစ် ဧပြီလတွင် အဆင့်မြှင့်တင်ထားသော ဒုံးကျည်များကို အမြောက်အမြားထုတ်လုပ်သွားမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် အနိမ့်မှပျံသန်းလာသောဒုံးကျည်များကို ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိသည့် Type 03 ကို ၂၀၁၇ ခုနှစ်တွင် ပထမဆုံးအကြိမ် အဆင့်မြှင့်တင်တည်ဆောက်ခဲ့သည်။

ဂျပန်နိုင်ငံ၏ လက်ရှိ ဒုံးကျည်ကာကွယ်ရေးစွမ်းဆောင်ရည်သည် နည်းပညာဆန်းသစ်သော ကျည်ထိပ်ဖူးများတပ်ဆင်ထားသည့် အသံထက်ငါးဆမြန်သော လက်နက်စနစ်များကို ကြားဖြတ်ဟန့်တားနိုင်ရန် အခက်အခဲရှိနေကြောင်း ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (JSDF)မှ အဆင့်မြင့်အရာရှိတစ်ဦး၏ ပြောကြားမှုကို ဂျပန်တိုင်းမ်သတင်းစာက ကိုးကားဖော်ပြခဲ့သည်။

အနာဂတ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်မှုများသည် Type 03 အသံထက်မြန်သောလက်နက်များကို ခြေရာခံတွက်ဆနိုင်စွမ်းရှိလာစေမည်ဖြစ်ကြောင်း၊ သို့သော် အသံထက်မြန်သောလက်နက်စနစ်သည် ပုံမှန်တိုးတက်ပြောင်းလဲဖြစ်ပေါ်လျက်ရှိသောကြောင့် အဆင့်မြှင့်တင်ထားသော လက်နက်စနစ်သည် ထိရောက်မှုရှိ၊မရှိမှာမူ အသေအချာပြောဆိုနိုင်ဦးမည်မဟုတ်ချေ။ ဂျပန်နိုင်ငံသည် အစောပိုင်းက တရုတ်နှင့်မြောက်ကိုရီးယားတို့၏ ဒုံးကျည်များကို ဟန့်တားတိုက်ခိုက်နိုင်ရေး သင်္ဘောဖျက်ဒုံးကျည်များ၏ ရောက်ရှိနိုင်မှုအကွာအဝေးကို တိုးချဲ့ရန်စီစဉ်ထားသော်လည်း လက်ရှိအချိန်တွင် အသံထက်မြန်သောလက်နက်များကို ကြားဖြတ်တိုက်ခိုက်နိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာများ အဆင့်မြှင့်တင်လျက်ရှိသည်။

ဂျပန်နိုင်ငံသည် တရုတ်နှင့်မြောက်ကိုရီးယားတို့၏ ဒုံးကျည်များကိုတိုက်ခိုက်နိုင်ရန် Type 12 အမျိုးအစား သင်္ဘောဖျက်ဒုံးကျည်အစင်း ၁၀၀၀ ကို အဆင့်မြှင့်တင်ရန်ရည်ရွယ်ထားသည်။ ၎င်းဒုံးကျည်များကို ၂၀၂၄ ခုနှစ်တွင် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းနှင့် ကျူရှင်းကျွန်းစုများတွင် တပ်ဖြန့်ချသွားမည်ဖြစ်ပြီး သင်္ဘော၊ လေယာဉ်နှင့်မြေပြင်အခြေစိုက်ဒုံးပစ်စင်များမှပစ်ခတ်နိုင်မည်ဖြစ်သည်။ အသံထက်မြန်သော ဒုံးကျည်များ၏ခြိမ်းခြောက်မှုနှင့် အလုပ်မဖြစ်တော့သည့် အမေရိကန်၏ဒုံးကျည်ကာကွယ်ရေးစနစ်များသည် ဂျပန်နိုင်ငံကို တရုတ်နှင့်မြောက်ကိုရီးယားတို့၏ ဒုံးကျည်ခြိမ်းခြောက်မှုများ၏ အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နိုင်ရန် တွန်းအားတစ်ရပ်ဖြစ်လာစေခဲ့သည်။

သို့သော် ကြိုတင်တိုက်ခိုက်မှုကို အခြေခံသည့် မဟာဗျူဟာသည် ဂျပန်၊ တရုတ်နှင့်မြောက်ကိုရီးယားတို့ကြား ထိန်းမနိုင်သိမ်းမရနိုင်သည့် ပြဿနာများဖြစ်ပေါ်လာနိုင်သည်။ ထို့နောက် အမေရိကန်၊ ဗြိတိန်နှင့် ဩစတြေးလျတို့သည် ပြဿနာအတွင်း၌ ပါဝင်ပတ်သက်လာနိုင်ပေသည်။ ထို့ကြောင့် ဂျပန်နိုင်ငံအနေဖြင့် ဒေသတွင်းပဋိပက္ခဖြစ်ပွားလာနိုင်သည့် ကြိုတင်တိုက်ခိုက်မှုများလုပ်ဆောင်သည်ထက် အသံထက်မြန်သော လက်နက်များဝင်ရောက်လာမှသာ တိုက်ခိုက်ပစ်ချနိုင်သည့် ဒုံးကျည်ကာကွယ်ရေးစနစ်ကို ပိုမိုအဆင့်မြှင့်တင်သွားရန်လိုအပ်သည်။

ဂျပန်နိုင်ငံအနေဖြင့် အသံထက်မြန်သောလက်နက်များကို ဟန့်တားကာကွယ်နိုင်ရေးအတွက် ၎င်း၏ဒုံးကျည်စနစ်များအဆင့်မြှင့်တင်နိုင်ရေး အခြားရွေးချယ်စရာနည်းလမ်းကိုလည်း ရှာကြံဆောင်ရွက်သွားသင့်ပေသည်။ အမေရိကန်သည် တရုတ်နှင့်မြောက်ကိုရီးယားတို့၏အသံထက်မြန်သောလက်နက်များကို ကာကွယ်နိုင်ရေးအတွက်၎င်း၏ မဟာမိတ်ဖြစ်သည့် ဂျပန်နိုင်ငံ၏ဒုံးကျည်ကာကွယ်ရေးစွမ်းဆောင်ရည်များ မြှင့်တင်နိုင်ရေးရည်မှန်းချက်ဖြင့် အမေရိကန်ဒေါ်လာ သန်း ၄၅၀ တန်ဖိုးရှိသော Standard SM-6 Block I အမျိုးအစားကြားဖြတ်ဒုံးကျည် ၃၂ စင်းရောင်းချပေးသွားမည်ဖြစ်သည်။

သို့သော် SM-6 ဒုံးကျည်ကာကွယ်ရေးစနစ်သည် အသံထက်မြန်သောခြိမ်းခြောက်မှုများကို ဟန့်တားနိုင်ရေးအတွက် စွမ်းဆောင်ရည်ပိုင်းဆိုင်ရာတွင် ကန့်သတ်ချက်များရှိနေဆဲဖြစ်ပြီး ရွေ့လျားနေသော အသံလွန်ပစ်မှတ်များကို ထိရောက်စွာတိုက်ခိုက်နိုင်မလားဆိုသော မေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။ ထို့ပြင် ဂျပန်နိုင်ငံအသုံးပြုလျက်ရှိသော Patriot ဒုံးကျည်စနစ်သည် လက်တွေ့တိုက်ပွဲများတွင် မှီခိုအားထားနိုင်ခြင်းမရှိပေ။ အထူးသဖြင့် ကြားဖြတ်ဟန့်တားနိုင်စွမ်းနှင့် ပစ်မှတ်ခွဲခြားရာတွင် ပြဿနာရှိနေခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ဂျပန်နိုင်ငံသည် ဒုံးကျည်ကာကွယ်ရေးသင်္ဘောများတည်ဆောက်သွားမည့် အစီအမံများကိုလည်း ထုတ်ဖော်ကြေညာခဲ့သည်။ ဂျပန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၁ ဘီလီယံတန်ဖိုးရှိသောပင်လယ်ပြင်အခြေစိုက် Aegis Ashore စနစ်တည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။ ထို့ပြင် လေယာဉ်တင်သင်္ဘောနှင့် အရွယ်အစားညီမျှသော ပင်လယ်ပြင်အခြေစိုက်ဒုံးကျည်ကာကွယ်ရေး ဖျက်သင်္ဘောနှစ်စင်းတည်ဆောက်သွားရန်လည်း စီစဉ်ထားရှိသည်။

ပင်လယ်ပြင်အခြေစိုက်ဒုံးကျည်ကာကွယ်ရေးဖျက်သင်္ဘောများတည်ဆောက်သွားခြင်းသည် Aegis Ashore စနစ်အနေဖြင့် ဒုံးကျည်ခြိမ်းခြောက်မှုများကို ခြေရာခံတိုက်ခိုက်နိုင်မည်ဖြစ်သည့်အတွက် ပင်လယ်ပြင်ရှိခြိမ်းခြောက်မှုများကိုလျှော့ချစေနိုင်မည်ဖြစ်သည်။ ထို့ပြင် Aegis တပ်ဆင်ထားသော ဖျက်သင်္ဘောများကို အချိန်ပြည့်တပ်ဖြန့်ချထားခြင်းသည် မြေပြင်အခြေစိုက် ဒုံးကျည်ကာကွယ်ရေးစခန်းများကဲ့သို့ပင် တိုက်ပွဲဝင်အသင့်ဖြစ်နေမည်ဖြစ်သည်။ ဒုံးကျည်ကာကွယ်ရေးဖျက်သင်္ဘောများသည် တရုတ်နှင့် မြောက်ကိုရီးယားတို့၏ သင်္ဘောဖျက်ဒုံးကျည်များ၊ အသံထက်မြန်လွန်းသော ဒုံးကျည်များကို ကာကွယ်ရေးအတွက် ရည်ရွယ်တပ်ဖြန့်ချထားခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသည် ဒုံးကျည်အခြေခံသည့် ကာကွယ်ရေးစနစ်များအစား လျှပ်စစ်သံလိုက်သေနတ်ကိုလည်း အစားထိုးအသုံးပြုသွားရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သမားရိုးကျသေနတ်များနှင့်မတူညီသော လျှပ်စစ်သံလိုက်သေနတ်သည် ပစ်မှတ်များကိုတိုက်ခိုက်ဖျက်ဆီးနိုင်ရန်အတွက် ကျည်ထိပ်ဖူးများ၏တွန်းကန်အားကို အီလက်ထရိုမဂ္ဂနက်တစ်စွမ်းအင်နှင့် မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ဂျပန်နိုင်ငံသည် တရုတ်၊ မြောက်ကိုရီးယားနှင့်ရုရှားတို့ထံမှ အသံထက်မြန်သောလက်နက်များကိုချေမှုန်းနိုင်ရေးအတွက် လျှပ်စစ်သံလိုက်သေနတ်နည်းပညာကို သုတေသနပြုတည်ဆောက်သွားမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် လျှပ်စစ်သံလိုက်သေနတ်နည်းပညာသုတေသနပြုလုပ်ရေးအတွက် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ သန်းအသုံးပြုခဲ့ရာမှ ၂၀၂၂ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၅၆ သန်းထိ ခွဲဝေချထားသည်။ သုတေသနပြုလုပ်မှုသည် လျှပ်စစ်သံလိုက်သေနတ်ကို အသံထက်ခြောက်ဆမြင့်မားသော ကျည်ထိပ်ဖူးကို ပစ်ခတ်နိုင်စွမ်းရှိသည်ထိ သုတေသနပြုတိုးတက်တည်ဆောက်ထုတ်လုပ်သွားမည်ဖြစ်သည်။

လျှပ်စစ်သံလိုက်သေနတ်သည် ဒုံးကျည်များထက် အားသာချက်များစွာရှိသည်။ အသံထက်မြန်ဆန်ခြင်း၊ ကြားဖြတ်ဒုံးကျည်များထက် ကုန်ကျစရိတ်သက်သာခြင်း၊ ကျည်ထိပ်ဖူးဖြည့်ရာတွင် ပေါက်ကွဲမှုအန္တရာယ်မရှိခြင်း၊ ရာသီဥတုမရွေး ချိန်ရွယ်ပစ်ခတ်နိုင်ခြင်းစသည့်အားသာချက်များရှိသည်။ ဆိုခဲ့ပါအားသာချက်များစွာရှိနေသည့်တိုင်အောင် လျှပ်စစ်သံလိုက်သေနတ်များသည် ပစ်ခတ်ရန်အတွက် လျှပ်စစ်ဓာတ်အားများစွာ လိုအပ်သည်။ ဂျပန်နိုင်ငံ၏နျူကလီးယားကဏ္ဍသည် မြေပြင်အခြေစိုက် လျှပ်စစ်သံလိုက်သေနတ် တပ်ခွဲများနှင့် သင်္ဘောများအတွက် လျှပ်စစ်စွမ်းအင်ထောက်ပံ့ပေးနိုင်စွမ်းရှိသော်လည်း ၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဖူကူရှီးမားဒိုင်အီချိသဘာဝဘေးအန္တရာယ်သည် ဂျပန်နိုင်ငံ၏ပုံရိပ်ကို ကျဆင်းစေခဲ့သည်။

ဂျပန်နိုင်ငံ၏ ဒုံးကျည်စွမ်းဆောင်ရည်တိုးတက်ရေးရည်မှန်းချက်သည် အမေရိကန်၏လုံခြုံရေးထီးရိပ်အပေါ်မှီခိုအားထားနေရမှုမှ လျှော့ချသွားရန်နှင့် ၎င်း၏ကာကွယ်ဟန့်တားနိုင်မှုစွမ်းဆောင်ရည်တိုးတက်လာစေရန်ပင်ဖြစ်သည်။ ထို့ပြင် စွမ်းဆောင်ရည်မရှိသော အမေရိကန်လက်နက်စနစ်များအပေါ်မှီခိုမှုလျှော့ချသွားရန်အပြင် တရုတ်၊ မြောက်ကိုရီးယားနှင့် ရုရှားတို့၏ခြိမ်းခြောက်မှုများကိုလည်း ဟန့်တားသွားနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**❖ ဂျပန်နိုင်ငံသည် ဒုံးကျည်ကာကွယ်ရေးသင်္ဘောများ တည်ဆောက်သွားမည့် အစီအမံများကိုလည်း ထုတ်ဖော်ကြေညာခဲ့သည်။ ဂျပန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၁ ဘီလီယံတန်ဖိုးရှိသော ပင်လယ်ပြင်အခြေစိုက် Aegis Ashore စနစ် တည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။ ထို့ပြင် လေယာဉ်တင်သင်္ဘောနှင့် အရွယ်အစားညီမျှသော ပင်လယ်ပြင်အခြေစိုက်ဒုံးကျည်ကာကွယ်ရေး ဖျက်သင်္ဘောနှစ်စင်း တည်ဆောက်သွားရန်လည်း စီစဉ်ထားရှိသည်။ ❖**

**Japan building missile defense sword and shield by Asia Times ကို ဘာသာပြန်ဆိုပါသည်။**

**ဝင်းဇင်(သုတေသန)**

# ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာ ၁ ရက်မှ ၁၅ ရက်တာကာလအတွင်း နေလှန်းဆားတန်ချိန် ၇၀၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာ ၁ ရက်မှ ၁၅ ရက်တာကာလအတွင်း ဒေသထွက် နေလှန်းဆားတန်ချိန် ၇၀၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် နေလှန်းဆား ထုတ်လုပ်ရေးလုပ်ငန်းရှင်များအသင်း ကုန်သွယ်ရေးတာဝန်ခံ ကိုဆန်းမင်းက ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ နေလှန်းဆား ထုတ်လုပ်သည့် လုပ်ငန်းရှင်များသည် နေလှန်းဆားများကို အဆင့်ဆင့် စနစ်တကျ ထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့်အောက်တိုဘာလတစ်လအတွင်း နေလှန်းဆားတန်ချိန် ၂၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း နိုဝင်ဘာ ၁ ရက်မှ ၁၅ ရက်ကာလအတွင်း ရန်ကုန်ဈေးကွက်သို့ နေလှန်းဆား တန်ချိန် ၇၀၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဆားဈေးကွက်ကို တခြားဒေသကနေ နေလှန်းဆားတွေ မဝင်သေးတာရယ်၊ ငါးပိငါးခြောက်လုပ်ငန်းတွေ စတင်လာတာကြောင့် ဧရာဝတီတိုင်းဒေသကြီးက နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်က အဝယ်များနေတာပါ။ နိုဝင်ဘာလအတွင်းမှာ အတော်ကို အဝယ်လိုက်လာပါတယ်။ လက်ရှိ နိုဝင်ဘာလဟာ ဧရာဝတီတိုင်းဒေသကြီးမှာ နေလှန်းဆားတွေ စတင်ထုတ်လုပ်နေတဲ့ကာလဖြစ်ပါတယ်။ နေလှန်းဆား စတင်ထုတ်လုပ်တဲ့ ရာသီမှာ အခုလိုအရောင်းအဝယ်ကောင်းတော့ အားလုံးအတွက် အဆင်ပြေပါတယ်"ဟု လပွတ္တာမြို့နယ် နေလှန်းဆားထုတ်လုပ်ရေးလုပ်ငန်းရှင်များအသင်း ကုန်သွယ်ရေးတာဝန်ခံ ကိုဆန်းမင်းက ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် နေလှန်းဆားများကို ဖျာပုံမြို့နယ်၊ လပွတ္တာမြို့နယ်၊ ငပုတောမြို့နယ် စသည့်မြို့နယ်တို့တွင် ထွက်ရှိကြောင်း၊ အဆိုပါဒေသများမှ ထွက်ရှိသည့် နေလှန်းဆားများကို ဒေသဆားစက်များတွင် စနစ်တကျ သန့်စင်ထုတ်လုပ်ပြီး ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက် နေလှန်းဆား ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၄၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# သီပေါမြို့နယ် ကြံခင်း(ဆွန်အွဲ့)ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သီပေါ နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြံခင်း(ဆွန်အွဲ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများ အဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သီပေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆောင်က ကြံခင်း(ဆွန်အွဲ့)ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များနှင့် ပြန်ဆပ်ရမည့်ကာလတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များက ကြံခင်း(ဆွန်အွဲ့)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးအတွက် ငွေကျပ် ၄၇ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးအတွက် ငွေကျပ် ၁၂ ဒသမ ၉ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၇ ဦးအတွက် ငွေကျပ် ၆၀ ဒသမ ၈ သန်းကို ထုတ်ချေးပေးရာ သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇော်ဦး(မောရှမ်းမြေ)**

# ချောက်မြို့နယ် ဇီးချိုပင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ချောက် နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ချောက်မြို့နယ် ဆားတောင်ကျေးရွာအုပ်စု ဇီးချိုပင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၁၅ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ဇီးချိုပင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇီးချိုပင်ကျေးရွာ၌ 5.5 KW ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ဇီးချိုပင်ကျေးရွာနေ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၅ သိန်းတို့ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုး၍ စက်တင်ဘာ တတိယပတ်ကစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ဇီးချိုပင်ကျေးရွာရှိ အိမ်ခြေ ၁၃၅ အိမ်၊ လူဦးရေ ၇၃၈ ဦးတို့အတွက် ရာသီမရွေး သန့်ရှင်းသော သောက်သုံးရေကို အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ပြောပြ၍ သိရသည်။ **သုတ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မိဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၆-၁၁-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၀၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၈၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၃၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

**နေပြည်တော် နိုဝင်ဘာ ၁၇**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ကျရောက်သည့် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ယနေ့မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ခရစ်သက္ကရာဇ် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွက် လွန်စွာထူးခြားလေးနက်သော (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်ပါသည်။ ကိုလိုနီလက်အောက်ကျရောက်ခဲ့စဉ်က နယ်ချဲ့အင်္ဂလိပ်တို့၏ ကျွန်ပညာရေးစနစ်ကို မြန်မာတစ်မျိုးသားလုံး မျိုးချစ်စိတ်အပြည့်အဝဖြင့် စည်းလုံးညီညွတ်စွာ ဆန့်ကျင်တော်လှန်ခဲ့သည့် အထိမ်းအမှတ်နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ မြန်မာတို့၏ သမိုင်းဝင် အမျိုးသားအောင်ပွဲနေ့အခါသမယတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကာယသုခ၊ စိတ္တသုခနှစ်ဖြာနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

တိုင်းရင်းသားလူမျိုးများ ချစ်ကြည်ရင်းနှီးစွာဖြင့် စုပေါင်းနေထိုင်သောမြန်မာနိုင်ငံတွင် မြန်မာဆိုသည့်ဝေါဟာရကို မြန်မာသက္ကရာဇ် ၄၅၂ ခုပုဂံခေတ် တောင်ဂူနီဘုရားကျောက်စာ၌ စတင်တွေ့ရှိရပြီး လွန်စွာအနက်အဓိပ္ပာယ်ပြည့်ဝ၍ ထူးခြားသည့်ဝိသေသလက္ခဏာများ ပြည့်ဝသည်ဟု ဆိုနိုင်ပါသည်။ မြန်မာဆိုသည်မှာ လူမျိုးတစ်မျိုးတည်း၏ အမည်နာမ မဟုတ်ဘဲ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားလူမျိုးများအားလုံးကို ကိုယ်စားပြုဆိုလိုခြင်းဖြစ်ပါသည်။

မြန်မာတို့သည် ရှေးပဝေသဏီကတည်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ကြသော်လည်း ဗြိတိသျှတို့၏ နယ်ချဲ့စနစ်ကြောင့် ၁၈၈၅ ခုနှစ်မှစ၍ မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရပါသည်။ နယ်ချဲ့တို့သည် မြန်မာတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ ပညာရေးတို့ကို နည်းမျိုးစုံဖြင့် ဖိနှိပ်ချုပ်ချယ်ကာ ကျွန်သက်ရှည်အောင် လုပ်ဆောင်ခဲ့ကြပါသည်။ မြန်မာတိုင်းရင်းသားများသည် သူ့ကျွန်ဘဝမှလွတ်မြောက်ရန် မျိုးချစ်စိတ်ဓာတ်၊ စည်းလုံးညီညွတ်သောစိတ်ဓာတ်တို့ဖြင့် ရာဇဝင်တွင် မော်ကွန်းတင်နိုင်သည်အထိ တွန်းလှန်ခဲ့ကြပါသည်။ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများကိုပြန်ကြည့်ပါက တစ်မျိုးသားလုံး နေရာစုံ၊ အလွှာစုံတို့က တော်လှန်ခဲ့ကြသည်မှာလည်း သမိုင်းကသက်သေခံလျက်ရှိပါသည်။ ထိုသို့ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုများသည် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်များပိုမိုနိုးကြားတက်ကြွလာစေပြီး အမျိုးသားအောင်ပွဲနေ့အတွက် မျိုးစေ့ချပေးနိုင်ခဲ့သည်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။ ကိုလိုနီနယ်ချဲ့တို့သည် ပညာရေးစနစ်ကို အကောင်းဆုံးလက်နက်တစ်ခုအဖြစ် အသုံးချ၍ မြန်မာတို့ကို အသိဉာဏ်ပညာနိမ့်ပါးအောင်ပြုလုပ်ခဲ့ကြပါသည်။

၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၂၄ ရက်တွင် ဗြိတိသျှအစိုးရက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုခဲ့ပြီး ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ် နှစ်ခုတို့ ပါဝင်ဖွဲ့စည်းကာ ရန်ကုန်တက္ကသိုလ်အဖြစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ပြဋ္ဌာန်းဖွဲ့စည်းခဲ့ပါသည်။ ထိုအက်ဥပဒေသည် မြန်မာလူမျိုးအများစု တက္ကသိုလ်ပညာသင်ယူခွင့်မရအောင် ကန့်သတ်ထားခြင်းဖြစ်၍ ရန်ကုန်တက္ကသိုလ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများက ဆန့်ကျင်ခဲ့ကြပြီး ထိုလှုပ်ရှားမှုတွင် တစ်နိုင်ငံလုံးပါဝင်ခဲ့ကြပါသည်။

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများဆန့်ကျင်ကန့်ကွက်ခဲ့သည့် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို ၁၉၂၂ ခုနှစ် ဇွန် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ဂျူဗလီဟော၌ကျင်းပခဲ့သော ဂျီစီဘီအေအထူးကွန်ဖရင့်က **“အမျိုးသားနေ့”**ဟု သတ်မှတ်ခဲ့ကြပါသည်။ ယင်းနေ့သည် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ဖိနှိပ်မှုအပေါ် အောင်ပွဲခံသောနေ့ဖြစ်၍ **“အမျိုးသားအောင်ပွဲနေ့”**ဟုလည်းခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ အမျိုးသားနေ့ကို တိုင်းရင်းသားအားလုံးတို့က အမြတ်တနိုးတန်ဖိုးထားကာ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေးရည်မှန်းလျက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို နိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်ကျင်းပခဲ့ကြပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်သည် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။ အမျိုးသားရေးစိတ်ဓာတ်အခြေခံဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မြဲရေး၊ တိုင်းရင်းသားတို့၏ ညီညွတ်သော စုပေါင်းစွမ်းပကားဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး အောင်မြင်စွာ တည်ဆောက်ရေးကို ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်လာအောင် စီမံဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားအောင်ပွဲနေ့၏ စည်းလုံးညီညွတ်မှုအနှစ်သာရကိုအခြေခံလျက် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး၏စုစည်းညီညွတ်မှုအားဖြင့် ငြိမ်းချမ်းသာယာသော ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် သမိုင်းဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တို့အပေါ်တွင်အခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို တည်ဆောက်လျက်ရှိပါသည်။ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ငြိမ်းချမ်းရေးရရှိစေရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ဒေသအသီးသီးမှ သက်ဆိုင်ရာကိုယ်စားလှယ်များကို ဖိတ်ခေါ်ဆွေးနွေးကာ ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားတို့၏အကျိုးကို ရှေးရှု၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးညှိနှိုင်းလျက်ရှိပါသည်။ ဆွေးနွေးညှိနှိုင်းခြင်းဖြင့်သာ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ကို အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းလုပ်ဆောင်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်သည့်အားလျော်စွာ ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ ကျောင်းတက်ရောက်နိုင်ရေးအတွက် အခမဲ့ပညာရေးဖြင့် အကောင်အထည်ဖော်လျက်ရှိရာ မိဘပြည်သူများနှင့် ဆရာ၊ ဆရာမများအားလုံး ပူးပေါင်းပါဝင်ရေးမှာ အရေးကြီးလှပါသည်။ နိုင်ငံသားတိုင်းပညာတတ်မြောက်ပြီး အသိပညာ၊ အတတ်ပညာတတ်မြောက်သော ပညာရည်မြင့်မားသော ပညာတတ်များ၊ စွမ်းဆောင်ရည်မြင့်မားသောနိုင်ငံသားများ ပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပညာရေးက လေ့ကျင့်ပျိုးထောင်ပေးသည့် တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်သည်။

သို့မှသာ ဆရာဇော်ဂျီ၏ စာပေလောက ကဗျာကဲ့သို့- **“ကိုယ့်အားကိုကိုယ်ယုံကိုးကာပါ၊ ကိုယ့်မျိုးဂုဏ်တစ်မာန်တက်”** နိုင်မည်ဖြစ်ပေသည်။ **“သူကတစ်ဖြာ၊ ငါကတစ်ဖုံ၊ ထုံတာတ်သည်မှာ၊ မွေတာပြစ်သော်လည်း၊ ငါ့ခွဲမသို၊ ကိုယ်ခွဲမထားဘဲ”** အမျိုးသားတိုးတက်ရေးကို ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ မှန်ကန်သောမျိုးချစ်စိတ်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားအောင် စွမ်းဆောင်ကြရမည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင်ပြီး စိတ်ရင်းစေတနာကောင်းများဖြင့် တိုင်းပြည်တိုးတက်အောင် စွမ်းဆောင်ကြရမည်ဖြစ်ပါသည်။

နိုင်ငံသားတိုင်းက ၂၀၂၂ ခုနှစ် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များဖြစ်သော-

- **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေး၊**
- **ကောင်းမြတ်မှန်ကန်သော မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ထာဝရရှင်သန်ထက်မြက်ရေး၊**
- **အမျိုးသားပညာရည်မြင့်တင်လျက် စွမ်းဆောင်ရည်မြင့်မားသောနိုင်ငံသားများ ပေါ်ထွန်းလာစေရေး၊**
- **မြန်မာ့လူမှုစီးပွားရေးကို ခေတ်မီနည်းပညာစွမ်းအားဖြင့် မြင့်မားအောင် ဆောင်ရွက်ရေး၊**

တို့အတွက် ခိုင်မြဲသောစိတ်ဓာတ်၊ မလျှော့သောဇွဲလုံ့လ၊ ကြီးမားသောဉာဏ်ပညာတို့ဖြင့် ဆက်လက်ကြိုးပမ်း အကောင်ထည်ဖော်ဆောင်ရွက်ကြရပါမည်။

ဤသို့အနှစ်သာရပြည့်ဝပြီး ထူးခြားလေးမြတ်လှသော အမျိုးသားအောင်ပွဲနေ့အခါသမယ၌ **“နိုင်ငံဘက်စုံဖွံ့ဖြိုးဖို့၊ တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်ရို့”**ဟူသော (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်နှင့်အညီ-

- ဘိုးဘွားအမွေ အမိပြည်ထောင်စုကြီးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားကြပါရန်၊
- တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်သွားကြပါရန်၊
- အတွေးအခေါ်မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သောလူစွမ်းအားအရင်းအမြစ်များကို အားလုံးကကြိုးစားပြုစုပျိုးထောင်ပေးကြပါရန်၊
- ခေတ်စနစ်လိုအပ်ချက်များနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်စေသောပညာရေးစနစ်ဖြစ်ပေါ်ရေးကို ဝိုင်းဝန်းစွမ်းဆောင်ပေးကြပါရန်

အလေးအနက်တိုက်တွန်းအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နဖားကြုံး(ခ)အမြီးဝိုင်းငှက်ပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးသွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌သာ ကျက်စားသည့် ဒေသရင်းငှက်မျိုးစိတ်အဖြစ်မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် မြန်မာ့ဒေသရင်း **“နဖားကြုံး(ခ)အမြီးဝိုင်း”** ငှက်ပုံ (၂၀၀ ကျပ်တန်)စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို ၂၀၂၂ခုနှစ် နိုဝင်ဘာ ၂၃ ရက်၊ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်ပါသည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ နိုဝင်ဘာ ၂၃ ရက်တွင် ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မော်စကိုမြို့ရှိ Obninsk တက္ကသိုလ်၊ Rosatom Technical Academy နှင့် Obninsk Nuclear Power Plant တို့သို့ သွားရောက်လေ့လာ





ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မော်စကိုမြို့ရှိ Obninsk တက္ကသိုလ်၊ Rosatom Technical Academy နှင့် ကမ္ဘာ့ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံ Obninsk Nuclear Power Plant တို့သို့ သွားရောက်လေ့လာစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၅ ရက်တွင် မော်စကိုမြို့ရှိ Obninsk တက္ကသိုလ်၊ Rosatom Technical Academy နှင့် ကမ္ဘာ့ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံ Obninsk Nuclear Power Plant တို့သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသောင်းဟန်၊ ဒေါက်တာမျိုးသိန်းကျော်တို့ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Obninsk တက္ကသိုလ်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အစည်းအဝေးခန်းမတွင် ပါမောက္ခချုပ် Alexey Panov Tatiana Osipova နှင့် တာဝန်ရှိသူတို့က နိုင်ငံပေါင်း ၆၈ နိုင်ငံတို့မှ လာရောက်၍ ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများကို စာတွေ့၊လက်တွေ့ လေ့ကျင့်သင်ကြားပေးနေမှုဆိုင်ရာများ၊ တက္ကသိုလ်တွင် ဖွဲ့စည်းထားရှိသော ဌာနတစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက နှုတ်ခွန်းဆက်စကားများ ပြောကြားပြီး တက္ကသိုလ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို အသေးစိတ်မေးမြန်းကြသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Obninsk တက္ကသိုလ်အတွင်း Engineering၊ Obninsk Institute For Nuclear Power၊ Rosatom Resource Center တို့ကိုလည်းကောင်း၊ Innovation and Technology Center ရှိ Design Laboratories and student office တို့ကိုလည်းကောင်း၊ Nuclear Power Plant Sinmulator များ၊ Pharmaceutical Center for Practical Competencies and Training and Simulation Center တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသမှုများအပေါ် သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြကာ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Rosaton Technical Academy သို့ သွားရောက်လေ့လာကြရာ တက္ကသိုလ်ရှင်းလင်းဆောင်၌ ပါမောက္ခချုပ် Yuri Seleznev က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ ဘာသာရပ်ဆိုင်ရာများအလိုက် လေ့ကျင့်သင်ကြားပေးမှုများ၊ သင်တန်းသားများကို စာတွေ့၊လက်တွေ့ သင်ကြားပေးနေမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ပါဝါပွိုင့်များဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အဆိုပါတက္ကသိုလ်အတွင်း စာပေဌာနတစ်ခုချင်းစီအလိုက် စာတွေ့လက်တွေ့ လေ့ကျင့်သရုပ်ပြသမှုများ၊ ဓာတ်ခွဲစမ်းသပ်ခန်းများ၊ ဆေးပညာရပ်ဆိုင်ရာ လေ့ကျင့်သင်ကြားပေးနေမှုများ၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပုံအဆင့်ဆင့်ကို 3D နည်းပညာဖြင့် ရှင်းလင်းပြသမှုများကို လိုက်လံကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာလုကာခရိုင်ရှိ ကမ္ဘာ့ပထမဆုံး နျူကလီးယား ဓာတ်အားပေးစက်ရုံ Obninsk Nuclear Power Plant ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ Obninsk Nuclear Power Plant သည် ၁၉၅၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် စက်ရုံစတင်လည်ပတ်ခဲ့သည်။ 6 MW တပ်ဆင်အင်အားရှိသည့်စက်ရုံမှ ၁၉၅၄ ခုနှစ်တွင် မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပြီး စတင်ဓာတ်အားဖြန့်ဖြူးခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ဓာတ်အားပေးစက်ရုံကို ဓာတ်အားထုတ်လုပ်ခြင်းအားရပ်ဆိုင်းထားပြီး ပြန်လည်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ နှစ်ပေါင်း ၄၈ နှစ်ကြာသည့်တိုင်အောင် လည်ပတ်မောင်းနှင်ခဲ့ရာတွင် မည်သည့်ထိခိုက်မှုတစ်စုံတစ်ရာမျှမရှိဘဲ နိုင်ငံတကာက အလေးထားလာရောက်လေ့လာနေရသည့် စက်ရုံတစ်ခုလည်းဖြစ်သည်။ ယခုအခါတွင် စက်ရုံကို ပြတိုက်အဖြစ်ဆောင်ရွက်ထားရှိပြီး Hight Power Channel Type Reactor သုံး ဓာတ်အားပေးစက်ရုံအမျိုးအစားဖြစ်ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



ရောဝတီတိုင်းဒေသကြီး ဟသ်ာတမြို့အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၆၁၅ ဦး၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့၌ ဒေသခံပြည်သူ ၅၁၆ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၇၇၇၂ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၅၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၃၃၃၅ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား၊ ကျောင်းသူ ၉၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီး သွားလာကြရန်လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေး ပထမနေ့ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမ အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇဗက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာကို မြွက်ကြားတော်မူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာ အကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသက တင်သွင်းလျှောက်ထားပြီး အဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီ ဒွါဒသမအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီ၌ ဆက်လက်ကျင်းပပြီး သာသနာရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကိုမွန်းလွဲပိုင်း၌ ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများကို အရှေ့ဆွမ်းအလှူရှင်အဖြစ် ဒေါ်မြို့ဝေသီ (သဒ္ဓမ္မဇောတိကဓဇ)၏ မွေးနေ့ကုသိုလ်အထိမ်းအမှတ်နှင့် နေ့ဆွမ်းအလှူရှင်အဖြစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)၊ ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသည့် ဓမ္မမိတ်ဆွေများက ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝေးလံခေါင်းပါးသောဒေသများရှိ တိုက်နယ်ဆေးရုံများတွင် သွားရောက်တာဝန်ထမ်းဆောင်ရန်အတွက် တပ်မတော်မှ ပါရဂူများနှင့် ဆေးမှူးများ နေပြည်တော်မှ ထွက်ခွာ



**ဝေးလံခေါင်းပါးသည့်ဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှမြင့်စိုးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။**



**အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက် ဝေးလံခေါင်းပါးသည့် ဒေသများသို့ သွားရောက် တာဝန်ထမ်းဆောင်မည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများကို မုံရွာလေဆိပ်စခန်းမ၌ တွေ့ဆုံစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၁၆**

တပ်မတော်ကာကွယ်ဦးစီးချုပ်ရုံး၏ လမ်းညွှန်ချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့ရှိ ဝေးလံခေါင်းပါး၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသများ၌ ဒေသခံပြည်သူများ၏ ကျန်းမာရေးမြှင့်တင်ရန်အတွက် ဆရာဝန်လိုအပ်ချက်ရှိသည့်ဆေးရုံများတွင် မိမိတို့၏ သဘောဆန္ဒအလျောက် သွားရောက် တာဝန်ထမ်းဆောင်ရန် ဆန္ဒပြုထားသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများပါဝင်သည့် တပ်မတော်သားဆရာဝန် ၁၈ ဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှမြင့်စိုး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်သားဆရာဝန်များအဖွဲ့တွင် မေ့ဆေးပါရဂူ တစ်ဦး၊ ရောဂါဗေဒပါရဂူ တစ်ဦး၊ ဇီဝဓာတုဗေဒပါရဂူ တစ်ဦးနှင့် ဆေးမှူး ၁၅ ဦး စုစုပေါင်း ၁၈ ဦးတို့ပါဝင်ပြီး ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ်၊ တိုက်နယ်ဆေးရုံ ကိုးခုတွင် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝေးလံခေါင်းပါး၍ သွားလာရန် ခက်ခဲသည့်ဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် တပ်မတော်သားဆရာဝန်များသည် နေ့လယ်ပိုင်းတွင် မုံရွာလေဆိပ်သို့ရောက်ရှိကြရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး လေဆိပ်ခန်းမ၌တွေ့ဆုံ၍ နယ်မြေဒေသအခြေအနေ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ညနေပိုင်းတွင် ၎င်းတို့တာဝန်ထမ်းဆောင်မည့် ဒေသများသို့ ဆက်လက်ထွက်ခွာရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်အနေဖြင့် ဝေးလံခေါင်းပါး၍ သွားလာရန်အခက်အခဲရှိပြီး ဆရာဝန်လိုအပ်ချက်ရှိနေသည့် စစ်ကိုင်းတိုင်းဒေသကြီး ချင်းပြည်နယ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ကျန်းမာရေးလိုအပ်ချက်ရှိသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေးမြှင့်တင်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်တွင် တပ်မတော်သားဆရာဝန် ၄၄ ဦးကို ပထမအကြိမ်အဖြစ်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၈ ခုနှစ်တွင် တပ်မတော်သားဆရာဝန် ၄၄ ဦးဖြင့်လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ်တွင် တပ်မတော်သားဆရာဝန် ၄၆ ဦးဖြင့်လည်းကောင်း၊ ယခု စတုတ္ထအကြိမ်အဖြစ် တပ်မတော်သားဆရာဝန် ၁၈ ဦးကိုလည်းကောင်း ၎င်းတို့ဆန္ဒသဘောထားအရ လျှောက်ထားလာသူများကို အလှည့်ကျတာဝန်ထမ်းဆောင်စေခဲ့ရာ ၂၀၁၆ ခုနှစ်မှစ၍ လက်ရှိအချိန်ထိ တပ်မတော်သားဆရာဝန် ၁၅၂ ဦးဖြင့် အဆိုပါဒေသများရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း



ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပျော်ဘွယ်စုကျေးရွာရှိ ဖားအောက်ရိပ်သာ ရွှေသစ္စာ တောရကျောင်းတိုက် ဆရာတော်ထံ မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၆**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်ရည်ရွယ်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၅ ရက်နှင့် ယနေ့တို့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မင်္ဂလာသုခကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်ရှိ ဒေးဒရဲ ဓမ္မဝါဒီကျောင်းတိုက်၊ မှော်ဘီမြို့နယ် ပျော်ဘွယ်စုကျေးရွာရှိ ဖားအောက်ရိပ်သာ ရွှေသစ္စာတောရကျောင်းတိုက်၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နဲ့ကြိုးကျောင်း ပရိယတ္တိစာသင်တိုက်၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ရှိ မဟာသန္တိကရ ရန်အောင်မြင်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ၁၈ ကျောင်း၊ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက် သုံးတိုက်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ သာသနာ့နွယ်ဝင်သီလရှင် စာသင်တိုက် တစ်တိုက်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဆံတော်ရပ်ကွက်ရှိ သီရိမင်္ဂလာရှမ်ဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ မန်းတောင်ခြေဘိုးဘွားရိပ်သာနှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ဖန်ခါးမြေဘိုးဘွားရိပ်သာတို့မှ အဘိုး၊ အဘွားများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်နှင့် မကွေးတပ်နယ်တို့မှ နယ်မြေခံတပ်မတော်သားများက အလှူငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်၊ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များမှ သံဃာတော်များကို ဆွမ်းဆန်တော်နှင့် စားသောက်ဖွယ်ရာများ အသီးသီး သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရေရှည်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် အဖွဲ့ဝင်များက ပုသိမ်မြို့ရှိ စံပြဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့်အဖွဲ့ဝင်များက တောင်ငူတပ်နယ်၊ နယ်မြေခံတပ်ရင်းရှိ စံပြဘက်စုံ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ၌လည်းကောင်း စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အသီးသီး သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရေရှည်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ပုသိမ်မြို့ရှိ စံပြဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ၌ ဥအားကြက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းမှ ရဲဗလတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူများကို ရဲဗလတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကောင်းရာကောင်းကျိုးကို ထူးချွန်ပြောင်မြောက်စွာ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသူများအား ရဲဗလတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရဲဗလတံဆိပ် ချီးမြှင့်ခြင်းခံရသူများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရဲဗလတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းခံရသူများကို ရဲဗလတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာအား အသီးသီး ပေးအပ်ချီးမြှင့်ရာ မိဘဆွေမျိုးများက လက်ခံရယူခဲ့ကြပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို မြိတ်ခရိုင်အတွင်းမှ ရဲဗလတံဆိပ်ရရှိသူများကို ရဲဗလတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ (၆၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ (၆၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ စစ်ရေးပြကွင်း၌ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်မိန့်ခွန်း ပြောကြားသည်။ ထို့နောက် (၆၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆုချီးမြှင့်ခြင်းကို တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ဆက်လက်ပြုလုပ်ရာ နယ်မြေလုံခြုံရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သင်တန်းများ၊ အားကစားပြိုင်ပွဲများနှင့် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသူများ၊ ပညာရည်ချွန်ဆုနှင့် အိမ်ထောင်သည်လိုင်း ဘက်စုံအကောင်းဆုံးဆုရရှိကြသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ဇလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး (၆၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ မိန့်ခွန်းပြောကြားစဉ်။

# ဘုရားသုံးဆူနယ်မြေအတွင်းရှိ သပြုမိုင်းတွင်းဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်




**မေး။** ဘုရားသုံးဆူနယ်မြေအတွင်းမှာရှိတဲ့ သပြုမိုင်းတွင်းကို တပ်ဘက်ကနေတိုက်လေယာဉ်တွေနဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့တယ်ဆိုပြီး သတင်းတွေမှာ တွေ့နေရပါတယ်။ ဒီမိုင်းတွင်းဟာ အစိုးရရဲ့ခွင့်ပြုချက်နဲ့ ဆောင်ရွက်နေတဲ့ မိုင်းတွင်းတွေဆိုပြီး တချို့မီဒီယာတွေက စွပ်စွဲနေပါတယ်။ ဒီဖြစ်စဉ်မှာ သေဆုံးသူတွေထဲမှာမှ နိုင်ငံခြားသားတွေပါ ပါဝင်နေတယ်လို့ မီဒီယာတချို့ကလည်း သတင်းရေးသားဖော်ပြနေတာတွေ တွေ့ရပါတယ်ရှင်။ ဒါနဲ့ပတ်သက်ပြီး ဖြစ်စဉ်အမှန်ကိုသိလိုပါတယ်။

**ဖြေ။** ပထမဦးဆုံးပြောချင်တာကတော့ ဒီဒေသမှာ ဘုရားသုံးဆူသပြုမိုင်းတွင်းဒေသမှာ အစိုးရက တရားဝင်ခွင့်ပြုထားတဲ့ သတ္တုတူးဖော်ရေးလုပ်ငန်း၊ သတ္တုရှာဖွေရေးလုပ်ငန်းမရှိဘူးလို့ ကျွန်တော်ပြောချင်ပါတယ်။ ယခင်ကတော့ရှိခဲ့ဖူးပါတယ်။ ယခင်ကတော့ အဲဒီမှာ ၂၀၁၆ ခုနှစ် မတိုင်ခင်တုန်းက ရှိခဲ့ဖူးပါတယ်။ တချို့မိုင်းတွင်းတွေရှိပါတယ်။ သဖြုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ကလုပ်တဲ့ မိုင်းတွင်းတချို့ရှိခဲ့ဖူးတယ်။ အခြားကုမ္ပဏီဘက်ကလုပ်တဲ့ မိုင်းတွင်းတချို့ရှိခဲ့ဖူးတယ်။ သူတို့ဟာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၁ရက်မှာ စာချုပ်သက်တမ်းကုန်ဆုံးခဲ့တာဖြစ်တယ်။ စာချုပ်သက်တမ်းကုန်ဆုံးတဲ့အတွက် သူတို့အနေနဲ့ ဆက်လက်ပြီး လုပ်ကိုင်ရန် အစိုးရကိုလျှောက်ထားတယ်။ အစိုးရအနေနဲ့ကလည်း မိုင်းတွင်းတွေနဲ့ပတ်သက်ပြီး စာချုပ်သက်တမ်းကုန်ဆုံးတဲ့အတွက်ကြောင့် ပယ်ဖျက်ခဲ့ပြီးဖြစ်တယ်။ ပယ်ဖျက်ခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့် အကြောင်းကြားစာအနေနဲ့ မိုင်းတွင်းတွေကိုအကြောင်းကြားပြီးဖြစ်တယ်။ မိုင်းတူးဖော်ရေး၊ သတ္တုတူးဖော်ရေး ကုမ္ပဏီကို အကြောင်းကြားခဲ့ပြီးဖြစ်တယ်။ သဖြုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ကို အကြိမ်ကြိမ် အကြောင်းကြားခဲ့တယ်။ အထောက်အထားအရ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှာ အကြောင်းကြားခဲ့တာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၁ ရက်မှာ လုပ်ငန်းဖျက်သိမ်းခဲ့တဲ့အကြောင်းကို အကြောင်းကြားခဲ့တာရှိတယ်။ အဲဒီနောက်ပိုင်းမှာ KNU တပ်မဟာ(၆)နဲ့ဆက်စပ်ပြီး အဲဒီလုပ်ငန်းတွေကိုလုပ်ကိုင်နေတာဖြစ်တယ်။ တချို့မီဒီယာတွေမှာလည်း ကျွန်တော်တွေ့ပါတယ်။ တရားဝင်ခွင့်ပြုထားတဲ့မိုင်းတွင်းဆိုပြီး စွပ်စွဲဖော်ပြနေတာရှိပါတယ်။ အဲဒီမှာလုပ်နေတဲ့သူတွေက ပိုပြီးအသိဆုံးဖြစ်ပါလိမ့်မယ်။ အဲဒီနောက်ပိုင်းမှာတော့ KNUတပ်မဟာ(၆)နဲ့ ညှိနှိုင်းပြီးတော့ တရားမဝင်သတ္တုခိုးတူးမှုလုပ်ငန်းတွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီဒေသက KNUတပ်မဟာ(၆)ရဲ့ လှုပ်ရှားမှုနယ်မြေဖြစ်တယ်။ အဲဒီနယ်မြေမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာကို ကျွန်တော်တို့သိခဲ့ပြီးဖြစ်တယ်။ အဲဒီအထက်မှာရှိတဲ့ ကနဲလေး-မော်ခီးလမ်းမှာဆိုရင် လမ်းဖောက်လုပ်ရေး အလုပ်လုပ်နေတဲ့အရပ်သား၊ (ကျား၊ မ၊ ကလေး ၁၀ ယောက်အပါအဝင်) ၄၇ ယောက်ကို KNDO အဖွဲ့က ဖမ်းဆီးသွားတာရှိတယ်။ လက်ပြန်ကြိုးတုပ်ပြီး သတ်ဖြတ်ထားတဲ့အလောင်း ၂၅ လောင်းကိုတွေ့ရတယ်။ စက်တင်ဘာ ၂၀ ရက်မှာ ကြိတ်ရွာမှာရှိတဲ့ ကင်းစခန်း၊ လုံခြုံရေးစခန်းကို KNU တပ်မဟာ(၆)နဲ့ PDF အကြမ်းဖက်တွေက တိုက်ခိုက်ခဲ့တာရှိတယ်။ အဲဒီဒေသမှာ ဥကရစ်ထစခန်းလိုဖြစ်စဉ်မျိုးတွေ အပေါ်ဘက်မှာ ဖြစ်ခဲ့တာတွေရှိတယ်။ ဘုရားသုံးဆူဒေသတစ်ဝိုက်မှာ နှောင့်ယှက်ဖျက်ဆီးခဲ့တာတွေ၊ ဘုရားသုံးဆူ လမ်းကြောင်းတစ်လျှောက်မှာလည်း တိုက်ခိုက်မှုတွေရှိခဲ့တယ်။ ဒီဒေသမှာ တရားမဝင်သတ္တုတူးဖော်ရေး လုပ်ငန်းကိုလည်း KNU တပ်မဟာ(၆)ကပဲ ဦးစီးဆောင်ရွက်နေတာဖြစ်ပါတယ်။ တချို့မီဒီယာကတက်လာတဲ့ ဓာတ်ပုံတွေမှာလည်း ပြောက်ကျားဝတ်စုံတွေ ထင်ထင်ရှားရှားနဲ့တွေ့ရပြီး KNU တပ်မဟာ(၆)ကလို့ ယူဆရတဲ့သူတွေပါတယ်။ သူတို့စွပ်စွဲချက်ပေါ့။ ကျွန်တော်တို့အနေနဲ့ကတော့ လုံခြုံရေးအရ တရားမဝင်လုပ်ကိုင်ပြီး အဖျက်အမှောင့်လုပ်ငန်းတွေ လုပ်ကိုင်နေတဲ့အတွက် လုံခြုံရေးအရဆောင်ရွက်နေတာဖြစ်ပါတယ်။ ခုနက ပြောတဲ့ နိုင်ငံခြားသားတွေ သေနေတယ်ဆိုတဲ့ သတင်းမျိုးတွေလည်းတွေ့ရပါတယ်။ ကျွန်တော်တို့အတည်ပြုနိုင်ခြင်းတော့မရှိသေးပါဘူး။ ရှိခဲ့ရင်လည်း ဒါတွေဟာတရားမဝင်လုပ်ငန်းကို လာရောက်လုပ်ကိုင်နေထိုင်သူတွေပဲဖြစ်ပါတယ်။ အဲဒီလူတွေဘယ်လိုရောက်လဲ၊ ဘယ်သူတွေကခေါ်လာလဲဆိုတာ အဲဒီနယ်မြေမှာလှုပ်ရှားနေတဲ့ KNUတပ်မဟာ(၆)မသိဘဲနဲ့ ရောက်လာစရာအကြောင်းမရှိဘူးလို့ ကျွန်တော်ပြောချင်ပါတယ်ဟု ဖြေကြားခဲ့သည်။

# မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးရာတွင် ဈေးကွက်၌ ဈေးကောင်းရသည့်အတွက် ရန်ကုန်မြို့ရှိ ဆိပ်ကမ်း ကိုးခုတွင် ကုန်စည်စီးဆင်းမှုများဖြင့် စည်ကားလျက်ရှိ



**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးရာတွင် ဈေးကွက်၌ဈေးကောင်းရရှိလျက်ရှိရာ ရန်ကုန်မြို့ရှိ ငါးဖမ်းစက်လှေများဆိုက်ကပ်ရာ ဆိပ်ကမ်းကိုးခု၌ ပင်လယ်ပြင် ရေထွက်ကုန်ပို့ဆောင်သော စက်လှေများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မြန်မာ့ပင်လယ်ပြင်အတွင်း ပွင့်လင်းရာသီအစ နိုဝင်ဘာလတွင် ငါး၊ ပုစွန်အထိအမိကောင်းမှုကြောင့် ပြည်တွင်းစားသုံးမှုအပြင် အိမ်နီးချင်းနိုင်ငံများသို့တင်ပို့နိုင်မှုဖြင့် စက်သုံးဆီဈေးနှုန်းမတည်ငြိမ်မှုကို ကျော်လွှားနိုင်ပြီး ငါးဖမ်းစက်လှေလုပ်ငန်းရှင်နှင့် အလုပ်သမားများ၊ အအေးခန်းစက်ရုံလုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိသည်။

ငါးဖမ်းရာသီအစတွင် အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်မှုနှင့်စပ်လျဉ်း၍ ပင်လယ်ငါးဖမ်းစက်လှေများအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက "ဒီကနေ့ထိ ပင်လယ်ပြင် ငါး၊ ပုစွန် အထိအမိကောင်းပြီး ငါးဈေးကောင်းတဲ့အတွက် လုပ်နိုင်သေးတယ်။ ဒီလမှာ ပုစွန်လည်းရတယ်။ ငါးလည်း မဆိုးဘူး။ ပြည်တွင်းစားသုံးဖို့ရသလို ပြည်ပပို့ကုန်အတွက်လည်း အအေးခန်းစက်ရုံတွေကိုပို့နိုင်တယ်။ ငါးပိ၊ ငါးခြောက်လည်း ရကြတယ်။ ဒီလနဲ့ ဒီဇင်ဘာလမှာ ငါးအထိအမိကောင်းပြီး ဇန်နဝါရီလမှာ လျော့သွားလိမ့်မယ်။ ရန်ကုန်ကစက်လှေတွေက ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီး ပင်လယ်ပြင်မှာ ဖမ်းဆီးတာများတယ်။ အားလုံး အခြေအနေကောင်းတယ်။ တနင်္သာရီတိုင်းဒေသကြီး မြိတ်မှာဖမ်းဆီးတဲ့ စက်လှေတွေကတော့ ငါးအထိအမိနည်းကြတယ်။ ပြည်ပပို့ကုန်ငါးတွေကို တစ်လတင်ဒါပေးထားတဲ့အတွက် ချိန်တွယ်ပြီး အအေးခန်းစက်ရုံတွေကို ပို့နိုင်ကြတယ်။ ပြည်တွင်းစားသုံးဖို့အတွက်လည်း လက်ကားဈေးဒိုင်တွေဖြန့်ပြီး ၂၀ ရာခိုင်နှုန်း ငါးပိ၊ ငါးခြောက်၊ ငါးတွေဟာလည်း လေလံလုပ်ပြီးသားဖြစ်တဲ့အတွက် ငါးပိ၊ ငါးခြောက်လုပ်တဲ့သူတွေလည်း အဆင်ပြေကြတယ်။ ငါး၊ ပုစွန်ဖမ်းဆီးတဲ့သူကတော့ ပုံမှန်ဖမ်းနေတဲ့အတွက် ပြည်တွင်းစားသုံးဖို့နဲ့ အိမ်နီးချင်းနိုင်ငံတွေကိုတင်ပို့ဖို့ရနေမှာပါ။ မြန်မာ့ရေထွက်ကုန်ဟာ နိုင်ငံရဲ့ပံ့ရိပ်တစ်ခုအဖြစ်တည်တံ့ဖို့နဲ့ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ခိုင်မာတဲ့ဈေးကွက်ကို ရရှိထားဖို့တော့ လိုပါတယ်"ဟုပြောပြသည်။

ရန်ကုန်၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ကမ်းဝေးငါးဖမ်းရေယာဉ် ၃၀၀၀ ကျော်နှင့် ကမ်းနီးငါးဖမ်းရေယာဉ် ၁၀၀၀၀ ခန့်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးရှိ ကမ်းဝေးငါးဖမ်းရေယာဉ် ၇၀၀ ကျော်အပါအဝင် ငါးဖမ်းစက်လှေ ၂၅၀၀ ခန့် ပင်လယ်ပြင်သို့ထွက်လျက်ရှိသည်။

မြန်မာ့ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော ငါးတံခွန်နှင့် ငါးသင်ဝါကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိပြီး မြန်မာ့ပင်လယ်မှ ရေထွက်ကုန် ၇၀ ရာခိုင်နှုန်းခန့်ကို တရုတ်နိုင်ငံကဝယ်ယူ၍ ပြည်တွင်းစားသုံးမှု ၁၀ ရာခိုင်နှုန်းနှင့် ငါးခြောက်အတွက် ၂၀ ရာခိုင်နှုန်းကို ပင်လယ်ပြင်မှဖမ်းဆီးရမိလျက်ရှိကြောင်း သိရသည်။

မြန်မာ့ပင်လယ်ပြင်သို့ ယခုရာသီတွင် ရန်ကုန်နှင့် မြိတ်မှ ဝါးတန်းဖြင့် ငါးသလောက်သီးသန့်ဖမ်းဆီးသော စက်လှေများ ထွက်ခွာလျက်ရှိပြီး ဈေးကောင်းရရှိသော ငါးသလောက်ကို တရုတ်နှင့် ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိကာ ကုန်ချောစည်သွတ်ဘူးပြုလုပ်၍ တတိယနိုင်ငံများသို့တင်ပို့လျက်ရှိသည်။ ပင်လယ်ပြင်မှ ရရှိသော ငါး၊ ပုစွန်များကို ခိုင်မာသော ဈေးကွက်ရရှိပါက မြန်မာ့ရေထွက်ကုန်ကဏ္ဍ တစ်ခေတ်ဆန်းသစ်လာမည့်နေ့ရက်ကို ကမ်းဝေးငါးဖမ်းစက်လှေလုပ်ငန်းရှင်များနှင့် အအေးခန်းစက်ရုံလုပ်ငန်းရှင်များက မျှော်လင့်လျက်ရှိသည်။

နိုင်ငံတော်က မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဖော်ဆောင်လျက်ရှိပြီး ခိုင်မာသောဈေးကွက်ရရှိရန် ဖော်ဆောင်လျက်ရှိရာ ပြည်တွင်းငါးပုစွန်မွေးမြူသောတောင်သူများအတွက် စီးပွားရေးအခွင့်အလမ်းကောင်းများစွာ စောင့်ကြိုလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် သပိတ်ကျင်းတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော PDF အဖွဲ့ဝင်တစ်ဦးကို ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၆**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်လည်း မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကိုပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် သပိတ်ကျင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများတက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်နှင့် စဉ့်ကူးမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသားသုံးဦး၊ အမျိုးသမီး နှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဆရာစံရပ်ကွက်နေ မီမီသင်းသည် ၎င်းအသုံးပြုသည့် "Mi Mi Thin"Facebook အကောင့်၊ ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာနေ ဇာဇာဝင်း(ခ)မဝတုတ်သည်၎င်းအသုံးပြုသည့် "Zar Zar Win"Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် မော်လိုက်ကလေးကျေးရွာနေ တင်မောင်ရွှေ(ခ)ပိုင်စိုးဦးသည် ၎င်းအသုံးပြုသည့် " Lion Man"Facebookအကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# နိုဝင်ဘာ ၁၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ဦးရေ ၆၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၂၈၆၅ ဦး |
| သေဆုံးသူ | ၁၉၄၈၆ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၂၀၆ ဦး |

**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုဝင်ဘာ ၁၅ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၈၇၃၂ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ဦးရေ ၆၀ တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တောင်ကန်ကျေးရွာအနီး၌ အရပ်ဘက်မော်တော်ယာဉ်တစ်စီးကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့က အကြောင်းမဲ့မိုင်းဆွဲတိုက်ခိုက်မှုကြောင့်အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး

**နေပြည်တော် နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တောင်ကန်ကျေးရွာအနီး၌ အရပ်ဘက်မော်တော်ယာဉ်တစ်စီးကို PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာနေ ယာဉ်မောင်း ဦးတင်သောင်း မောင်းနှင်သည့် စီနိုထရပ်အမျိုးအစား အဖြူရောင်မြေသယ်ယာဉ်သည် ယနေ့နံနက် ၆ နာရီခွဲခန့်တွင် ကင်းရွာမှ ပြင်ဦးလွင်မြို့သို့သွားရောက်ရန် ထွက်ခွာလာစဉ် တောင်ကန်ကျေးရွာအနီးသို့ အရောက် PDFအမည်ခံအကြမ်းဖက်သမားများက လမ်း၏ ဝဲယာ တောင်ဘက် နှစ်ပေခန့်အကွာမှ မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်မောင်း ဦးတင်သောင်းတွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ နယ်မြေလုံခြုံရေးဆိုင်ရာများ ဆောင်ရွက်ခဲ့ပြီး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ယာဉ်မောင်းဖြစ်သူအား မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူစေခဲ့သော်လည်း ရရှိဒဏ်ရာများကြောင့် နံနက် ၇ နာရီခန့်တွင် သေဆုံးသွားခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အပြစ်မဲ့ ရဟန်းသံဃာများ၊ ပြည်သူများနှင့် ဝန်ထမ်းများကို အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခြင်းများ မကြာခဏပြုလုပ်လျက်ရှိသကဲ့သို့ အရပ်ဘက်မော်တော်ယာဉ်များကိုလည်း အကြောင်းမဲ့မိုင်းဆွဲတိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိခြင်းကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် သေဆုံးခြင်းများဖြစ်ပေါ်လျက်ရှိကြောင်း သတင်းရရှိသည်။



PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

0 w Kv H @

# မဆုံးရှုံးသောဘဝခရီး

ပိုင်ပိုင်




(၁)

"ဟဲ့ အညို ထတော့လေ။ နေတောင်ထွက်နေပြီ"

ဒေါ်လေး၏ အလိုမကျသံနှင့် အော်နိုးသည့်အသံကြောင့် အညိုလန့်ပြီးနိုးလာသည်။ နိုးသည့်အသိစိတ်ဝင်ဝင်ချင်း မျက်စိဖွင့်မိလိုက်တော့ ဘာမှမမြင်ရ။ ရင်ထဲတွင် ဝုန်းခနဲဖြစ်သွားပြီး ငုတ်တုတ်ထထိုင်ကာ မျက်စိကိုပွတ်ကြည့်လိုက်သော်လည်း အမှောင်အတိသာ။

"ဟင် အဖေ အဖေ၊ ဒေါ်လေး ဒေါ်လေးရေ၊ လုပ်ပါအုံး။ အညို အညို ဘာမှမမြင်ရတော့ဘူး။ အီး ဟီး ဟီး"

"ဘာ ဘယ်လို အညို။ ပြစမ်း နင့်မျက်စိ။ ဟယ် မျက်စိထောင့်တွေမှာ သွေးခြည်ဥတွေပါလား။ ကြည့်စမ်း အခု ငါ့ကိုမြင်ရလား"

"ဘာမှ မမြင်ရတော့ဘူး။ မှောင်မည်းနေတာ။ အညို့မျက်လုံးကန်းသွားတာလား။ အဖေ အဖေရေ"

အညို့ရင်ထဲတွင် တုန်လှုပ်ချောက်ချားနေ၏။ ဝမ်းနည်းအားငယ်စွာ ဆောက်တည်ရာမရငိုမိသည်။ မိခင်ဆုံးချိန်တွင် အညိုငါးနှစ်သာရှိသေး၏။ အဖေ ဦးကျော်ထွန်းကို အမေ့ညီမတစ်ဝမ်းကွဲဖြစ်သူဒေါ်လေး ဒေါ်မြချိုနှင့် ဆွေမျိုးများက ပေးစားလိုက်ကြသည်။ ဒေါ်လေးက သူ့သားလေးမမွေးခင်ထိတော့ အညို့ကို ချစ်ပါသည်။ ဒေါ်လေးက သားနှစ်ယောက်မွေးပြီးသည့်နောက်မှာတော့ သည်အိမ်တွင် အညိုက သီးခြားလူသားသဖွယ်ဖြစ်လာရ၏။ အဖေကလည်း သားတွေကိုသာ ဂရုစိုက်တော့သည်။ အညိုလေးတန်းအောင်ပြီး ကျောင်းထွက်ရသည်။ ဆယ်နှစ်အရွယ်မှစပြီး အညို ပိုက်ဆံရှာရတော့သည်။ စစ်ကိုင်းမြို့နှင့် လေးမိုင်ခန့်ဝေးသော အညိုတို့ ဆွမ်းချက်ရွာကလေးတွင် ကြိမ်ဆွဲခြင်းထိုးသော အလုပ်များလုပ်ကြသည်။ ကောင်းမှုတော်ဘုရားပေါ်တွင် လက်မှုထည်များရောင်းကြသည့်ဆိုင်များက ကြိမ်ခြင်းများကို အငှားထိုးခိုင်းကြသည်။ အညိုက ကြိမ်ခြင်းလက်ခစားထိုးသည်။ အသက်အငယ်ဆုံး ကြိမ်ခြင်းထိုးတတ်သူ အညို့လက်ရာကို ကြိုက်နှစ်သက်ကြသည်။ ငွေရမှန်းသိ၍ အဒေါ်ကလည်း အညို့ကို မနားမနေပင်ခိုင်းတော့သည်။ အဖေက တောင်သူအငှားလုပ်သည်။ ယခုနောက်ပိုင်း အဖေ့ကျန်းမာရေးချို့တဲ့လာ၍ လူငှားအလုပ်လိုက်မလုပ်နိုင်တော့ပါ။ ပန်းနာရင်ကျပ်ရောဂါဖြင့် အဖေက ပိန်သွားသည်။ ဆေးကောင်းဝါးကောင်းလဲမကုနိုင်။ ဒေါ်လေးက ဂျုံယိုနို့ထမင်းကို စစ်ကိုင်းမြို့ပေါ် လှည့်ရောင်းသည်။ ဒေါ်လေးဝင်ငွေဖြင့် မိသားစုငါးဦး နေ့စဉ်စားသောက်ရန်ပင် မလောက်ငနိုင်ကြပါ။ အညိုက ဖွဲကြီးကာအလုပ်ကြိုးစားသည်။ ညဥ့်ပင် ကြိမ်ခြင်း အပ်ထည်များကို ဖယောင်းတိုင်မီးနှင့် အာရုံစိုက်ကာ ထိုးတတ်သည်။

(၂)

"ဟေ့ သမီး ဘယ်လိုဖြစ်တာလဲ။ အဖေ့ကိုပြစမ်း"

မောင်လေးက လိုက်ခေါ်၍ ရွာထိပ်လက်ဖက်ရည်ဆိုင်မှ ပြန်ပြေးလာသောအဖေက အပူတပြင်းမေးသည်။ မနက်စောစောတွင် တစ်မနက်ခင်းသာဖွင့်သော ရွာထိပ်က လက်ဖက်ရည်ဆိုင်တွင် စားပွဲထိုးသွားလုပ်ပေးနေ၍ ဖြစ်သည်။ ဒေါ်လေးသည်လည်း ဈေးတောင်းအဆင်သင့်ပြင်ထားပြီး ဈေးရောင်းမသွားနိုင်သေးပါ။ ရွာထဲမှ ဆွေမျိုးတချို့လည်း အုယားဖားယားရောက်လာကြသည်။

"အဖေ သမီးဘာမှမမြင်ရတော့ဘူး။ ခေါင်းကလဲ တူနဲ့ထုထားသလိုပဲ။ နာကျင်အုံခဲနေတယ်။ လုပ်ပါအုံး။ သမီးကိုကယ်ပါအုံး။ အီး ဟီး ဟီး"

"ဟာ ဖြစ်ရလေသမီးရယ်။ လုပ်ကြပါအုံးဟ။ ငါ့သမီးလေး ဆေးခန်းပြရအောင်။ မိချို မိချို"

"မိချို မိချိုလုပ်မနေနဲ့။ မိချိုဆီမှာ တစ်ကျပ်မှ မရှိဘူး။ အညို ညည်းနားကွင်းဖြုတ်ရောင်းပြီး ဆေးခန်းပြရမှာပဲ"

"ဟုတ်။ ဖြုတ် ဖြုတ် ဒေါ်လေး။ အဖေ သမီးကို ကူပေးပါနော် အဖေနော်"

ရောက်လာကြသည့်အမျိုးများသည်လည်း ငွေပိုမရှိ။ လက်ခစားအလုပ်လိုက်လုပ်ကြသူများသာ။ အညို့ကိုသနားပြီး မျက်ရည်ကျရုံမှလွဲ၍ မကူညီနိုင်ကြ။ အဖေက ရွာလူကြီးဘကြီးခင်မောင်ကိုခေါ်ကာ မန္တလေးမြို့ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံသို့ အညို့ကိုလိုက်ပြပေးသည်။ ဆရာဝန်ကြီးများက သေချာစစ်ဆေးလိုက်သောအခါ ဟိုက်မီးမား (မျက်လုံးတွင်းသွေးထွက်ခြင်း)မျက်ဝန်းကြားမှာ သွေးများစုပုံသည့်ရောဂါတစ်မျိုးဖြစ်သည်။ သွေးက မျက်ဝန်းနှင့်သူငယ်အိမ်တစ်ခုလုံးကိုကာလိုက်ပြီး အမြင်အာရုံဆုံးရှုံးသွားကြောင်း သိရသည်။ တစ်စုံတစ်ခုနှင့်ထိခိုက်မိခြင်းကြောင့် အသက်အရွယ်မရွေးဖြစ်တတ်ကြောင်း သိရသည်။ လွန်ခဲ့သော ဆယ်ရက်ခန့်က အိမ်ရှေ့ရှိ သစ်ကိုင်းကို ထင်းရရန် ဦးလေးကလာခုတ်သည့် အချိန်တွင် အညို့က သွားကူညီစဉ် မျက်နှာကို သစ်ကိုင်းရိုက်မိခဲ့သည်။ မျက်စိများနာကျင်သွားသည်ကို ရေဝတ်ဖြင့်သာကပ်ပြီး သက်သာသွား၍ အမှုမဲ့အမှတ်မဲ့သာနေခဲ့သည်။ ညအချိန်တွေပါ ကြိမ်ခြင်းထိုးအလုပ်မပျက်ခဲ့။ အညိုသိပ်ဝတ်ချင်သော နားကွင်းလေးဝယ်နိုင်ရန်ကြိုးစား၍ မျက်စိကို မနားမနေအာရုံစိုက်လုပ်ခဲ့သော အကျိုးဆက်ကြောင့် အညို မျက်စိကွယ်ရချေပြီ။ အသက်ဆယ့်သုံးနှစ်အပျိုဖော်ဝင်စ လှချင်ပချင်လာသော အညိုတစ်ယောက် နားကွင်းလေးကို နှစ်ရက်သာ ဝတ်ခွင့်ရလိုက်သည်။

(၃)

"တော့် ကိုထွန်း အညို့ကို ဘယ်လိုလုပ်မလဲ။ ရှင်ကလဲ ရောဂါထထနေတော့ အလုပ်မလုပ်နိုင်။ ကျုပ်ကလဲ ဈေးရောင်းကမကောင်းနဲ့"

"ဒီလိုပဲ ရှာဖွေစားရမှာပေါ့ မိချိုရာ။ ငါ့ သမီးလေးကို သနားလိုက်တာ"

မပြေလည်သော စားဝတ်နေရေးကြောင့် ပိုက်ဆံမရှာနိုင်သောအညို့ကို ဒေါ်လေးကမကြည်ဖြူတော့ပါ။

"ဟေ့ကောင် မောင်ထွန်း မင်းသမီးကို စစ်ကိုင်းက မျက်မမြင်ကျောင်းမှာ သွားထားမလား။ ငါ လိုက်ပို့ပေးမယ်"

အိမ်သို့လာပြီး အဖေ့ကိုပြောလိုက်သော ဘကြီးမောင်၏ စကားကိုကြား၍ အညိုဝမ်းသာမိသည်။ ဘဝကို ဝမ်းနည်းအားငယ်မိပြီး ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ရန်တွေးနေမိသော အညိုမှီခိုရန်နေရာ ရှိသေးပါလားဟု အားတက်မိသည်။ အိမ်ခန်းအတွင်းမှ နံရံကိုလက်ကိုင်ပြုပြီး အညိုထွက်လာသည်။

"ဘကြီးမောင်လိုက်ပို့ပါ။ အဲဒီမှာ အညိုသွားနေမယ်။ အဖေ အဖေ လိုက်ပို့နော်။ အညိုလဲ အိမ်မှာ မနေချင်တော့ဘူး"

ဒေါ်လေး၏ငြူစူမှုခံရကာ နေ့စဉ် ဝမ်းနည်းငိုနေရသော အညို။ အိမ်တွင် မနေချင်တော့ပါ။

"သမီးသွားနေချင်တယ်ဆိုတော့လဲ လိုက်ပို့ပေးပါ ဘကြီးမောင်ရယ်"

အဖေက ဝမ်းနည်းဆို့နင့်စွာပြောသည်။ နောက်ရက်တွင် အညို့ကို စစ်ကိုင်းမြို့က မျက်မမြင်ကျောင်းသို့ လိုက်အပ်ပေးသည်။ မိဘများ၏မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ဆေးစစ်လက်မှတ်များနှင့်အတူ အထောက်အထားအပြည့်အစုံပါသောအညို့ကို မျက်မမြင်ကျောင်းက လက်ခံလိုက်သည်။

(၄)

"မျက်စိအဆုံး၊ နားအရှုံး" ဟူသော စကားလို အညို့ဘဝကို အဆုံးမခံနိုင်ပါ။ မိသားစု၏ အားကိုးအားထားပြုရာ သမီးကြီးအနေနှင့် စွမ်းဆောင်ချင်ပါသေးသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ပေးထားသော မျက်မမြင်ကျောင်းတွင် လူမျိုးဘာသာမရွေး အသက်ငါးနှစ်မှ နှစ်ဆယ့်ငါးနှစ်အတွင်း အမြင်အာရုံမသန်စွမ်းသူများကို လက်ခံ၍ အတန်းပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာပါသင်ကြားပေးသည်။ အညိုက ဂျပန်နည်းပညာအကြောပြင်အနှိပ်သင်သည်။ ကျောင်း၏စည်းကမ်းနှင့် ဆရာများ၏စကားကိုလိုက်နာသည်။ လောကကြီးရှိ အရာရာကို မြင်တွေ့ခွင့်ရခဲ့ဖူးသော အညိုက မွေးရာပါ အမြင်အာရုံမသန်စွမ်းသူများကို များစွာစာနာသနားသည်။

"မမညို သစ်ရွက်က အစိမ်းရောင်တဲ့။ အစိမ်းရောင်ဆိုတာ ဘာလဲဟင်။ ပူတူး ဘာမှ မမြင်ရတာက အမည်းရောင်ဆို ဟုတ်လား"

သစ်ရွက်ကလေးကို လက်နှင့်သေချာပွတ်ကြည့်ပြီး အညို့အနားကပ်ကာမေးလိုက်သော မွေးရာပါအမြင်အာရုံမသန်စွမ်းသည့် ကိုးနှစ်အရွယ် သုံးတန်းကျောင်းသူလေး ပူတူးကို အညိုရှင်းမပြတတ်ပါ။ မျက်မမြင်စာသင်ကြားရေးတွင် ပူတူးက အတော်ဆုံးကျောင်းသူပင်ဖြစ်သည်။ အမြင်အာရုံချို့တဲ့သော်လည်း မှတ်ဉာဏ်အလွန်ကောင်းသည်။

"အင်း ပူတူးလေး အဲဒီသစ်ရွက်ကိုကိုင်လိုက်တော့ အေးတဲ့အတွေ့ကို ရတယ်မလား။ အစိမ်းရောင်ဆိုတာ အေးမြတယ်လို့ မှတ်ထားနော်"

"ဟုတ်ကဲ့ မမညို"

"ပူတူးလေး မမညိုတို့က အမြင်အာရုံမသန်စွမ်းပေမဲ့ ကျန်တဲ့အစိတ်အပိုင်းအားလုံး သန်စွမ်းတယ်လေ။ ပူတူးလေးက စာကြိုးစားနော်။ ကိုယ့်လို ဘဝတူ မျက်မမြင်လေးတွေကို စာပြန်သင်ပေးနိုင်တဲ့ ဆရာမဖြစ်အောင်လုပ်နော်"

"ဟုတ်ကဲ့ မမညို။ ခုနစ်နာရီ ထိုးတော့မယ်။ ဘုရားကျောင်းဆောင်သွားကြစို့"

မျက်မမြင်တို့ပတ်ကြသော သူ့လက်ကနာရီလေးကို စမ်းလိုက်ပြီး ပူတူးကပြောလိုက်သည်။ စီးကျလာသော မျက်ရည်ကိုသုတ်လိုက်ကာ ပူတူးနှင့် လက်ချင်းချိတ်၍ ဘုရားကျောင်းဆောင်ရှိရာသို့ လာခဲ့ကြသည်။ ဝန်ထမ်းတစ်ဆယ့်ခုနစ်ဦးကလည်း အလှည့်ကျဖြင့် မျက်မမြင်လေးများကို သင်ကြားစောင့်ရှောက်ပေးသည်။ မိန်းကလေးဆောင်ကအနောက်ဘက်၊ အလယ်တွင် ထမင်းစားဆောင်၊ အရှေ့ဘက်တွင် ယောကျ်ားလေးဆောင်များရှိသည်။ ဘုရားကျောင်းဆောင်ကတော့ ယောကျ်ားလေးဆောင်နှင့် ထမင်းစားဆောင်ကြားတွင် သီးခြားရှိသည်။ မျက်မမြင်စာသင်ကြားရေးခန်း၊ အနှိပ်ခန်းများကတစ်တန်းတည်း။ အလယ်တွင် ရုံးခန်း၊ အနောက်တွင် ဂီတညှော်ခန်းမ။ အလှူရှင်များလာရောက်ကျွေးမွေးလှူဒါန်းသည့်နေ့များတွင် အညိုတို့ အလွန်ပျော်ကြသည်။ ဂီတဝါသနာပါသူများကလည်း သူတို့အစွမ်းပြကာ တီးမှုတ်သီဆိုဖျော်ဖြေပေးသည်။ အညိုတို့က မနက်ငါးနာရီခွဲထကြ၊ ကိုယ်လက်သန့်စင်ပြီး ခြောက်နာရီတွင် မနက်စာစားကြ၊ ကိုယ့်တစ်ကိုယ်ရေဝေယျာဝစ္စဆောင်ရွက်ကြရသည်။ အတန်းကျောင်းတက်သူများကို စစ်ကိုင်းအမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ ပို့ပေးသည်။ ကျောင်းတွင် သင်ကြားသည်များကို နားထောင်မှတ်သားကာ မျက်မမြင်စာဖြင့် ရေးသားကြသည်။ အညို့လို သက်မွေးပညာသင်ကြားသူများကတော့ မျက်မမြင်ကျောင်းတွင်ပင် ဆရာများက သင်ကြားပေးသည်။ မွန်းတည့်ဆယ့်နှစ်နာရီတွင် နေ့လယ်စာကျွေး၏။ ညနေလေးနာရီတွင် ကိုယ်လက်လှုပ်ရှားအားကစား လုပ်ရ၏။ ညနေငါးနာရီထမင်းကျွေးပြီးနောက် ခုနစ်နာရီမထိုးမီထိ

စာမျက်နှာ ၂၅သို့ ➤

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ တရုတ်နိုင်ငံသို့ ကန်ဒေါ်လာသန်း ၁၃၀ ကျော်ဖိုးရှိ ရေထွက်ပို့ကုန်တန်ချိန် ၅၃၀၀၀ ကျော် တင်ပို့ရောင်းချခဲ့



**နေပြည်တော် နိုဝင်ဘာ ၁၆**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာသန်း ၁၃၀ ကျော်တန်ဖိုးရှိ ရေထွက်ပို့ကုန်တန်ချိန် ၅၃၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာန သတင်းများအရ သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှထွက်ရှိသည့် ရေထွက်ကုန်များကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ၄၀ ကျော်ထိ တင်ပို့ရောင်းချပေးနေသော်လည်း အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံသို့သာ အဓိက တင်ပို့ရောင်းချပေးနေကြောင်း၊ ရေထွက်ပို့ကုန်များကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချပေးရာတွင် ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ ခုနစ်လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၁၃၄ ဒသမ ၅၇၇ သန်း တန်ဖိုးရှိ ရေထွက်ပို့ကုန် ၅၃၁၇၄ ဒသမ ၅၈၃ တန်ထိ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ရေထွက်ပို့ကုန်များ တင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းအရည်အသွေးကြီးကြပ်ရေး၊ အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ (General Administration of Customs of thePeople's Republic of China-GACC)တွင် တရားဝင်မှတ်ပုံတင်ဆောင်ရွက်ပြီးမှသာ တရားဝင်တင်ပို့ခွင့်ရရှိကြောင်း၊ မြန်မာနိုင်ငံတွင် ငါး၊ ပုစွန်မြုပြင်ထုတ်လုပ်သည့်စက်ရုံ ၅၈ ရုံနှင့် အရင်ထုပ်ပိုးသိုလှောင်ရုံ ၂၂ ရုံက တရုတ်နိုင်ငံသို့ ရေထွက်ပို့ကုန်များ တရားဝင်တင်ပို့ခွင့်ရရှိထားကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ့ပင်လယ်ပြင်မှ ဖမ်းယူရရှိသည့် ငါး၊ ပုစွန်များကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချပေးနေခြင်းဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများမှ ငါး၊ ပုစွန်များ တင်ပို့နိုင်ရေးအတွက်ကိုလည်း မြန်မာနိုင်ငံမှ ငါးလုပ်ငန်းဦးစီးဌာနနှင့် တရုတ်နိုင်ငံ ကုန်ပစ္စည်းအရည်အသွေး ကြီးကြပ်ရေး၊ အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ (General Administration of Customs of thePeople's Republic of China- GACC) တို့ကြား ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ SKL

➤ စာမျက်နှာ ၂၄မှအဆက်

ကိုယ်ပိုင်အချိန်ပေးထား၏။ ထိုကိုယ်ပိုင်အချိန်တွင် ဝါသနာပါရာ တီးမှုတ်ကြ၊ သီချင်းဆိုကြ၊ ဝိုင်းဖွဲ့စကားပြောကြနှင့် အမှောင်ကမ္ဘာလေးတွင် ချမ်းမြေ့နေကြသည်။ ခုနစ်နာရီတွင် ဘုရားကျောင်းဆောင်တွင် တစ်စုတစ်ဝေးတည်း ဘုရားရှိခိုးပြီး အလှူရှင်များနှင့်တကွ ကျေးဇူးတင်ထိုက်သူများကို ကန်တော့မေတ္တာပို့ကြသည်။ ထို့နောက်တွင်တော့ မိမိ၏နေရာအသီးသီး၌ စနစ်တကျအိပ်ကြရသည်။

(၅)

အကြောပြင်အနှိပ်ပညာကို စိတ်ဝင်စားစွာ ကြိုးစားသင်ယူသဖြင့် သူများထက် အညိုအမြန်တတ်မြောက်ခဲ့သည်။ ကျောင်းရှိ အနှိပ်ခန်းတွင် အညိုအလုပ်ပြန်ဝင်ခဲ့၏။

"အညိုရေ။ သမီးအသက်နှစ်ဆယ်ပြည့်ပြီနော်။ ဆယ့်ရှစ်နှစ်ပြည့်ပြီးကတည်းက ကျောင်းကထွက်ပြီး အပြင်မှာ အလုပ်လုပ်လို့ရကြောင်း ဆရာမပြောခဲ့တယ်နော်။ မန္တလေးကအကြောပြင်အနှိပ်ခန်းက အညို့ကို အလုပ်လာလုပ်ပေးဖို့ ကမ်းလှမ်းလာတယ်။ သမီးသဘောနော်။ ဆရာမက သမီးပိုက်ဆံပိုရစေချင်လို့သာပြောတာပါ"

"ဟုတ်ကဲ့ဆရာမ။ အညိုသွားလုပ်မယ်။ မောင်လေးတို့ကလဲ အတန်းကြီးလာပြီ။ သူတို့ပညာတတ်ကြီးတွေဖြစ်အောင် အညို စွမ်းသလောက်ငွေရှာမယ် ဆရာမ"

"အေးကွယ်။ အမြင်အာရုံမသန်စွမ်းတော့ပေမဲ့ ကိုယ်ကာယတွေ သန်စွမ်းနေပြီး လူသားတွေကို အကျိုးပြုနိုင်တဲ့ အညိုတို့လို လူတွေကို ဆရာမ ဂုဏ်ယူပါတယ်"

အညိုလည်း ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူမိသည်။ ကျောင်းအနှိပ်ခန်းတွင် အညိုရသောနှိပ်ခမှခွဲခြမ်းကာ ကျောင်းအတွက် ရန်ပုံငွေလှူနိုင်ခဲ့သည်။ အဖေ့ကိုလည်း ဆေးကုရန်နှင့် အိမ်စရိတ်ထောက်နိုင်ခဲ့၏။ ယခုတော့ဖြင့် မောင်လေးတို့ပညာရေးအတွက် အညိုကြိုးစားငွေရှာရန် မန္တလေးရှိ အကြောပြင်အနှိပ်ခန်းတွင် အလုပ်ဝင်ခဲ့၏။

အညို၏ ပညာနှင့်စေတနာထားမှုကြောင့် လာရောက်အနှိပ်ခံကြသောလူများ အကြောရောဂါများသက်သာပျောက်ကင်းကြသလို အညိုလည်း ဝင်ငွေကောင်းလာသည်။ တစ်ခါတစ်ရံတော့လည်း အမှောင်ထုကြီးအောက်တွင် အညိုဝမ်းနည်းစွာ ငိုနေမိတတ်သည်။ မျက်မမြင်ကျောင်းမှ ဝိုးတဝါးအမြင်အာရုံရှိသူ မမူအေးကို အညိုနှင့် အတူနေရန်အဖော်ခေါ်ထားခဲ့သည်။

(၆)

မျက်စိမြင်ခဲ့ဖူးသော မျက်မမြင်တစ်ယောက်ဖြစ်သည့် အညိုသည် မြင်ဖူးခဲ့သည့်အရာရာကို မြင်ခွင့်ဆုံးရှုံးရသည့်အဖြစ်မှာ နာကျင်ကြေကွဲဖွယ်ပင်။ သည်အရာက ဘာအရောင်လေးဟု သူများ၏အပြောနှင့် မှန်းဆမြင်ယောင်မိသည်။ သိပ်လှသောသဘာဝရှုခင်းများကို အတွေးဖြင့် ပြန်လည်ပုံဖော်မြင်ယောင်သည်။ နေ့ညမရှိပိန်းပိတ်နေသည့် အမှောင်ထဲတွင် အညိုဘဝကို အဆုံးမခံနိုင်။ စိတ်ဓာတ်ကျမသွားစေရန် ကိုယ့်ကိုယ်ကိုယ်အားပေးရင်း စေတနာပါပါ အလုပ်ကြိုးစားခဲ့သည်။

အညို့အတွက် အားပေးဖော်ဘဝတူ မျက်မမြင်ကျောင်းဆရာလေး ရှိလာ၍ ဘဝကို ရှေ့ဆက်ရန် ရဲဝံ့လာခဲ့၏။

(၇)

သည်လိုနှင့်ပင် အညို့အသက်သုံးဆယ်ပြည့်ခဲ့ပါပြီ။ မောင်လေးနှစ်ယောက်လည်းဘွဲ့ရပြီး ကိုယ်စီအလုပ်များရကြပြီ။ အညိုသည်လည်း အကြောပြင်အနှိပ်ပညာသင်တပည့်များစွာဖြင့် အမြင်အာရုံမှလွဲ၍ အဆင်ပြေနေ၏။

တရိပ်ရိပ်မောင်းနေသောကားပေါ်တွင် အညိုငြိမ်သက်စွာလိုက်ပါလာ၏။ ကားမောင်းသမားက လမ်းတစ်လျှောက်မြင်လေရာရာများ အညို့ကိုပြောပြသည်။ အညို ရွာအနားသို့ရောက်လာလေလေ ရင်ထဲလှိုက်ဖိုလာလေလေပင်။ အညို့အိမ်ရှေ့ကားရပ်လိုက်သည်နှင့် ဖုန်းကြိုဆက်ထားသောကြောင့် အဖေနှင့် ဒေါ်လေးက ပြေးလာ၍ထွက်ကြို၏။ အညိုက အိမ်၏အရိပ်မှ တစ်ဆယ့်ခုနစ်နှစ်တာ ခွဲခွာခဲ့သော်လည်း ဘယ်နေရာတွင် ဘာရှိသည်ကို အသေးစိတ်မှတ်မိနေသည်။ ဆွေမျိုးများကလည်း အညိုပြန်လာမည်ကြားထား၍ အိမ်တွင်ရောက်နှင့်နေကြသည်။

"ငါ့သမီးကြီးက ဖြူဖွေးလှပနေလိုက်တာကွာ"

အညို့လက်ကို လာတွဲကာ ဝမ်းသာအားရနှုတ်ဆက်လိုက်သော အဖေ့အသံက ဆို့နင့်နေဟန်။

"အဖေ အိမ်ထဲအရင်ဝင်ရအောင်။ အညို အဖေ့ကို တိုးတိုးလေး ပြောစရာရှိလို့"

"ဟေ့ ဟေ့ ခဏ အပြင်မှာနေခဲ့ကြအုံး"

ကျွက်စီ ကျွက်စီနှင့် လိုက်နှုတ်ဆက်စကားပြောနေကြသော အမျိုးများကို အဖေက အော်ပြောပြီး အညို့လက်ဆွဲကာ အိမ်ထဲဝင်ခဲ့သည်။

"အဖေ အညို့ကို အိမ်ထောင်ပြုခွင့်ပေးပါ"

"ဟေ ဖြစ်ပါ့မလားသမီး။ ညည်း ညည်းက"

"ဘာလဲ။ အညိုက မျက်မမြင်တစ်ယောက်ဖြစ်နေလို့လားအဖေ။ အညို လက်ထပ်မဲ့သူကလဲ ဘဝတူမျက်မမြင်ကျောင်းဆရာတစ်ယောက်ပါ။ သမီးတို့ အမြင်အာရုံမသန်စွမ်းလည်း ဘဝတစ်ခုတူထောင်ကြဖို့ စွမ်းဆောင်နိုင်တယ်အဖေ။ ခွင့်ပြုပေးပါနော်"

"ဟေ"

ဝမ်းခေါင်းသံနှင့် တအံ့တသြ "ဟေ"ဟု အာမေဍိတ်ပြုပြီး "အေးဟ" ဟုပါ ရိုးရှင်းပွင့်လင်းယုံကြည်စွာခွင့်ပြုလိုက်သောအဖေ့အသံကြောင့် အညို ကြည်ကြည်နူးနူးပျော်ရွှင်စွာရယ်မောလိုက်မိပါ၏။

## ဆောင်းနှင်းသက်သေ

\- ရှစ်ခွင်တိုင်းက မှုန်ပြာရီ
မြန်းကာချီတဲ့ လေနုသွေး၊
ဖော်မဲ့သူ မောင့်အသည်းမှာဖြင့်
ရတက်ပွေ နှင်းငယ်ရိုက်တော့
ချမ်းခိုက်လို့အေး။

\- ရွာအဝင် လမ်းဖွေးဖွေးရယ်က
မယ်ပြေးလို့ လာမယ်ထင်
လွမ်းရစိတ်တွင်၊
သဇင်ပန်းလှ ကဟန်ပြင်
မောင့်ရင်ခွင် လွမ်းစိတ်တိုး၊
ငွေပုလဲတွေ ဝဲခိုဝိုင်းပါတဲ့
မယ်ကြိုက်ရာ ဒိနတ်ပန်းက
နန်းထိုက်သည့်မျိုး။

\- မင်းသူရိန် ရောင်ဝါညှိုးပါလို့
အလင်းတိုး မပေါက်ပေ၊
နှင်းမှုန်ငယ် မြူတံတိုင်းက
သိုင်းလျက်ကာနေ၊
မောင့်အချစ် မယ်သိစေ
ဖွေးလျက်ပေ မြူမှုန်အလား၊
နှင်းစက်တွေ စဉ်သာအေးသလိုပ
မယ့်ကိုလေ တစ်သက်ပေါင်းဖို့
ဆောင်းသက်သေထား။ ။

**ရှုလိုင်ဖွား(မလမ)**

# နမ့်စန်မြို့နယ် ပုတ်ပြန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**နမ့်စန် နိုဝင်ဘာ ၁၆**


ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ပုတ်ပြန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းနှင့် ဝန်ထမ်းများက ကုမ္ပဏီတာဝန်ခံအင်ဂျင်နီယာများနှင့်အတူ ပုတ်ပြန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နမ့်စန်ခရိုင် ဦးစီးမှူး ဦးခွန်မြင့်သောင်းက ကျေးလက်ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့ခိုင်မြဲစေရေးထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

ပုတ်ပြန်ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် တစ်မိုင် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေသားတင်သဲဖြုန်းခင်းခြင်းလုပ်ငန်းနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်တွင် အရှည် ၂၂ ပေ၊ အကျယ် ငါးပေ၊ အမြင့် ငါးပေရှိ Box Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀၅ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများက ဇွန်လဒုတိယပတ်မှ စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက ပြောပြ၍ သိရသည်။

**သံသာ**

# အရီဇိုးနားပြည်နယ် လမ်မွန်တောင်တွင် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိ



**ဝါရှင်တန် နိုဝင်ဘာ ၁၆**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် တက်ကန်မြောက်ဘက်ပိုင်းရှိ လမ်မွန်တောင်တွင် နိုဝင်ဘာ ၁၅ ရက်က တောမီးပြင်းထန်စွာလောင်ကျွမ်းခဲ့ပြီး တောမီးလောင်ကျွမ်းမှုသည် ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း အရီဇိုးနားပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု Kgun9 သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် မီးခိုးငွေ့များမှာ တက်ကန်ဧရိယာထိ ပျံ့နှံ့ရောက်ရှိနေပြီး တောမီးအချိန်မီထိန်းချုပ်နိုင်ခြင်းမရှိပါက လေထုညစ်ညမ်းမှုပမာဏမြင့်တက်လာဖွယ်ရှိနေကြောင်း၊ တောင်ပေါ်တွင် လောင်ကျွမ်းနေသည့် တောမီးဖြစ်သည့်အတွက် တောမီးကိုမြေပြင်မှ ထိန်းချုပ်နိုင်ရေးမှာ အသွားအလာ ကန့်သတ်ချက်များရှိနေပြီး လေကြောင်းအကူအညီကို ရယူသွားရဖွယ်ရှိနေကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် ကိုရိုနာဒိုနေရှင်နယ်သစ်တောဥယျာဉ်သို့ပါ ကူးစက်လောင်ကျွမ်းနေသည့်အတွက် အရီဇိုးနားပြည်နယ် မီးသတ်တပ်ဖွဲ့က တောမီးအမြန်ဆုံးထိန်းချုပ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင် အင်အားအမြောက်အမြား သုံးစွဲထားရကြောင်း သိရသည်။

“နှစ်စဉ်နှစ်တိုင်း တောမီးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရသလို တောမီးကြောင့်လဲ ပျက်စီးဆုံးရှုံးမှုတွေမြင့်မားခဲ့ပါတယ်။ မိုးလေဝသအခြေအနေကြောင့်လဲ တောမီးလောင်ကျွမ်းမှုက အခြေအနေပိုဆိုးလာတာဖြစ်ပါတယ်။ အခုလဲ လမ်မွန်တောင်မှာ တောမီးလောင်ကျွမ်းမှုတွေဖြစ်ပွားနေတယ်။ သစ်တောဥယျာဉ်အတွင်းကိုလဲ ကူးစက်လောင်ကျွမ်းနေတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေကလဲ တောမီးကိုအမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ကြိုးစားပေးနေပါတယ်”ဟု ကိုရိုနာဒိုနေရှင်နယ် သစ်တောဥယျာဉ်အာဏာပိုင်အဖွဲ့အစည်းမှ ပြည်သူ့ဆက်ဆံရေးအရာရှိဖြစ်သူ စတာဖာရယ်လ်က ပြောကြားခဲ့ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် လမ်မွန်တောင်တွင် သစ်တောမြေ ၉၂ ဧကထိ လောင်ကျွမ်းပျက်စီးခဲ့ပြီး တောမီးထိန်းချုပ်နိုင်ခြင်းမရှိသေးသည့်အတွက် ပျက်စီးနေသည့် သစ်တောမြေဧရိယာ မြင့်မားလာဖွယ်ရှိနေကြောင်း အရီဇိုးနားပြည်နယ် မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ် ရေလွှမ်းမိုးမှုကြောင့် ပျက်စီးမှုများအတွက် ပံ့ပိုးငွေပေးအပ်မည်

**နယူးဒေလီ နိုဝင်ဘာ ၁၆**

အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ် ရေလွှမ်းမိုးမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို စစ်တမ်းကောက်ယူပြီးစီးပြီဖြစ်၍ ပျက်စီးမှုများအတွက် ပံ့ပိုးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က နိုဝင်ဘာ ၁၅ ရက်က ပြောကြားခဲ့သည်ဟု Pakistan Today သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ပန်ဂျပ်ပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို နိုဝင်ဘာ ၁၅ ရက်က အသေးစိတ်စာရင်းကောက်ယူပြီးစီးပြီဖြစ်သောကြောင့် ပျက်စီးမှုအတွက် ပံ့ပိုးငွေများကို ပေးအပ်သွားမည်ဖြစ်ကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ညွှန်ကြားရေးမှူးချုပ် ပန်ဂျက်ဖိုက်ဆယ်ဖာရစ်က ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

စာရင်းကောက်ယူမှုလုပ်ငန်းများကို ပါကစ္စတန်တပ်မတော်ကပါ ပါဝင်ဆောင်ရွက်ခဲ့ပြီး အိန္ဒိယအခွန်ဦးစီးဌာန၊ မြို့ပြတည်ဆောက်ရေးအဖွဲ့ဝင်များနှင့် ပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သောပူးပေါင်းအဖွဲ့များဖြင့် အချင်းဖြစ်ပွားရာနေရာများသို့ သွားရောက်၍ စာရင်းကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရေလွှမ်းမိုးမှုကြောင့် အိမ်ခြေစုစုပေါင်း ၅၅၄၅၂ လုံးပျက်စီးခဲ့ပြီး တစ်စိတ်တစ်ပိုင်းသာပျက်စီးသောအိမ်များအတွက် ရူပီး ၅၀၀၀၀ နှင့် အလုံးစုံပျက်စီးသွားသောအိမ်များအတွက် ရူပီး သုည ဒသမ ၂ သန်းစီ ပေးအပ်မည်ဖြစ်ကာ သေဆုံးခဲ့သောတိရစ္ဆာန် ၆၅၂ ကောင်အတွက် တိရစ္ဆာန်အကြီးတစ်ကောင်သေဆုံးမှုအတွက် ရူပီး ၇၅၀၀၀ နှင့် အကောင်ငယ်တစ်ကောင်အတွက် ရူပီး ၅၀၀၀ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးမြေဧက ၄၃၀၀၀၀ ပေါ်ရှိ ပျက်စီးသွားသော ကောက်ပဲသီးနှံများအတွက်လည်း အစိုးရက လယ်ငါးဧကအထက် ပျက်စီးသူများကို ငွေကြေးပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူ ၈၀ ဦးရှိခဲ့ရာ ရူပီး ၈၀ သန်းကို ၎င်းတို့၏ မိသားစုများကို ခွဲဝေပေးမည်ဖြစ်ပြီး ဒဏ်ရာရသူ ၅၅ ဦးအတွက် ရူပီး ၄၀၀၀၀ စီ ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။ AZH

# တူရကီနိုင်ငံက ၂၀၃၀ ပြည့်နှစ်တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု လက်ရှိပမာဏ၏ ၄၁ ရာခိုင်နှုန်းလျှော့ချနိုင်ရန် ဆောင်ရွက်သွားမည်

**အင်ကာရာ နိုဝင်ဘာ ၁၆**

အီဂျစ်နိုင်ငံတွင် ကျင်းပပြုလုပ်နေသည့် ကုလသမဂ္ဂရာသီဥတုဖောက်ပြန်မှုဆိုင်ရာ ညီလာခံ (COP27)တွင် တူရကီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး မူရက်ကူရမ်က ၂၀၃၀ ပြည့်နှစ်အရောက်တွင် တူရကီနိုင်ငံအတွင်း ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ လက်ရှိပမာဏ၏ ၄၁ ရာခိုင်နှုန်းကို လျှော့ချနိုင်ရန်အတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်သလို ကုလသမဂ္ဂအဖွဲ့အစည်း၏ ညွှန်ကြားချက်များကိုလည်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်မည်ဟု ပြောကြားခဲ့ကြောင်း IOL သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တူရကီနိုင်ငံသည် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ သုညမှတ်သို့ ရောက်ရှိရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း COP27 ညီလာခံတွင် ကတိပေးပြောကြားခဲ့သည်။

တူရကီနိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုနှုန်းမြင့်မားသည့်နိုင်ငံများစာရင်းတွင် ပါဝင်နေသည့်နိုင်ငံဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်က တူရကီနိုင်ငံ၌ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့တန်ချိန် ၅၂၃ ဒသမ ၉ သန်းထိ ထုတ်လွှတ်ခဲ့သည်။ ၎င်းပမာဏသည် တူရကီနိုင်ငံ၏ ရာသီဥတုဖောက်ပြန်မှုကို ဆိုးရွားစွာ ဖြစ်ပေါ်စေနိုင်သည့်ပမာဏတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် တူရကီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး ရည်မှန်းချက်အောင်မြင်ရေးအတွက် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချနိုင်ရေး အလေးထားဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။



လက်ရှိအနေအထားအတိုင်းဆက်သွားမည်ဆိုပါက ၂၀၃၀ ပြည့်နှစ်အရောက်တွင် တူရကီနိုင်ငံ၌ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့သည် တစ်နှစ်လျှင် တန်ချိန်ပေါင်း ၁ ဒသမ ၁၇၅ ဘီလီယံတန်ထိ ထုတ်လွှတ်ဖွယ်ရှိနေကြောင်း တူရကီသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **ခိုင်းဆက်**

# အရှေ့အာဖရိကနိုင်ငံများ မိုးခေါင်ရေရှားပါးမှုကြောင့် ငတ်မွတ်ခေါင်းပါးမှုဒဏ်ရင်ဆိုင်နေရ

**ဝါရှင်တန် နိုဝင်ဘာ ၁၆**

ရာသီဥတုဖောက်ပြန်မှုကြောင့် အာဖရိကတိုက် အရှေ့ဘက်ပိုင်းနိုင်ငံများတွင် မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ဆိုးရွားစွာရင်ဆိုင်နေရပြီး မိုးခေါင်ရေရှားပါးမှုကြောင့် ၎င်းနိုင်ငံများတွင် ငတ်မွတ်ခေါင်းပါးမှုဒဏ်ရင်ဆိုင်နေရပြီး သေဆုံးသူမြင့်တက်နေသည့်အတွက် နိုင်ငံတကာ၏အကူအညီကိုအရေးပေါ်လိုအပ်နေပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံ နယူးယောက်အခြေစိုက်အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ(IRC)က ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အာဖရိကတိုက် အရှေ့ဘက်ပိုင်းရှိ နိုင်ငံများတွင် နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံးမိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်နေရသူ သန်းနှင့်ချီ၍ရှိနေကြောင်း၊ အငတ်ဘေးဒုက္ခဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရသော နိုင်ငံများမှာ အီသီယိုးပီးယားနိုင်ငံ၊ ကင်ညာနိုင်ငံ၊ ဆိုမာလီယာနိုင်ငံတို့ဖြစ်ကြောင်း၊ အငတ်ဘေးဒုက္ခသည်များကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းကလည်း ကူညီပံ့ပိုးပေးရန် အခက်အခဲများရှိနေသည့်အတွက် အင်အားကြီးနိုင်ငံများအနေဖြင့် အဆိုပါနိုင်ငံများကို အမြန်ဆုံးကူညီပေးရန် IRC က တိုက်တွန်းခဲ့သည်။

“အာဖရိက အရှေ့ဘက်ပိုင်းနိုင်ငံတွေမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် အငတ်ဘေးဒုက္ခနဲ့ ရင်ဆိုင်နေရပါတယ်။ အစာအာဟာရချို့တဲ့မှုကြောင့် သေဆုံးသူ သန်းနဲ့ချီပြီးမြင့်တက်လာတယ်။ အရေးပေါ်အခြေအနေကို ရောက်နေပါတယ်။ အင်အားကြီးနိုင်ငံတွေအနေနဲ့ လူသားချင်းစာနာထောက်ထားတဲ့အနေနဲ့ အငတ်ဘေးဒုက္ခနဲ့ ရင်ဆိုင်နေတဲ့ ဒုက္ခသည်တွေကို အမြန်ဆုံးကူညီပေးကြဖို့ တိုက်တွန်းချင်ပါတယ်”ဟု IRC ၏ ဥက္ကဋ္ဌဖြစ်သူ ဒေးဗစ်မီလီဘန်းက ပြောကြားခဲ့သည်။ **ခိုင်းဆက်**

# အင်္ဂလန်နိုင်ငံ ပြည်နယ်နှစ်ခုတွင် ရေကြီးရေလျှံမှုကာကွယ်ရန် စတာလင်ပေါင် ၆ ဒသမ ၇ သန်းအသုံးပြုမည်

**လန်ဒန် နိုဝင်ဘာ ၁၆**

အင်္ဂလန်နိုင်ငံ North East Lincolnshire နှင့် Doncaster ပြည်နယ်တို့တွင် ရေကြီးရေလျှံမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စတာလင်ပေါင် ၆ ဒသမ ၇ သန်း အသုံးပြုသွားမည်ဟု ယနေ့တွင် ထုတ်ပြန်ထားကြောင်း Doncaster Free Press သတင်းဌာနက ရေးသားဖော်ပြထားသည်။

အင်္ဂလန်နိုင်ငံ North East Lincolnshire နှင့် Doncaster ပြည်နယ်နှစ်ခုအတွက် သဘာဝပတ်ဝန်းကျင်၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဌာနက ပံ့ပိုးသော စတာလင်ပေါင် ၆ ဒသမ ၇ သန်းကို လက်ခံရရှိမည်ဖြစ်ပြီး ရေကြီးရေလျှံမှုပြဿနာများကို ဖြေရှင်းရာတွင် အစားထိုးဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများတွင် ရေရှည်တည်တံ့သော လမ်းဘေးရေနုတ်မြောင်းများနှင့် ကျောင်းများအနီးတစ်ဝိုက်ရှိ ရေနုတ်မြောင်းများကို စဉ်ဆက်မပြတ် ပြင်ဆင်ဆောင်ရွက်ခြင်းများ ပါဝင်မည်ဖြစ်ပြီး အဆိုပါစီမံကိန်းကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ခြောက်နှစ်ကြာအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်ပြုပြင်ထားသော ရေနုတ်မြောင်းစနစ်ကို အသုံးပြုခြင်းသည် ရေလွှမ်းမိုးမှုဒဏ်ကို လျှော့ချပေးရုံမျှမက သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေးကိုပါ မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

“ဒီဒေသမှာ ရေလွှမ်းမိုးမှုဖြစ်နိုင်ခြေနဲ့ နောက်ဆက်တွဲဆိုးကျိုးတွေ လျှော့ချပေးနိုင်တဲ့ လုပ်ငန်းစဉ်တစ်ရပ်ကိုကူညီဖို့ ဒီရန်ပုံငွေကို ချီးမြှင့်ခံရတာ ဝမ်းသာပါတယ်။ ရေစက်ဝန်း ရေရှည်တည်တံ့ရေးနဲ့ စီမံခန့်ခွဲရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းတွေကို ပံ့ပိုးပေးဖို့အတွက် ဒေသအတွင်းရှိ ကျောင်းတွေနဲ့လဲ ပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု North East Lincolnshire ကောင်စီမှ သဘာဝပတ်ဝန်းကျင်နှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာတာဝန်ခံအရာရှိ စတီးဝပ်ဆွင်ဘန်းက ပြောကြားခဲ့ကြောင်း သိရသည်။

AZH

# ဘာသာခြားခင်ပွန်း၏ အမွေပစ္စည်းအပေါ် ဇနီးများ၏အမွေဆက်ခံခွင့်

**စိန်လှိုင်ပိုလ်**

အစ္စလာမ်ဘာသာဝင်တစ်ဦးသည် ဗုဒ္ဓဘာသာဝင် ဇနီးနှင့် လက်ထပ်ပေါင်းသင်းပြီးနောက် အစ္စလာမ် ဘာသာကိုးကွယ်သူ အမျိုးသမီးတစ်ဦးနှင့် ထပ်မံ၍ လက်ထပ်ပေါင်းသင်းသည်။ ခင်ပွန်းကွယ်လွန်သွားသော အခါ ကျန်ရစ်သည့်ပစ္စည်းကို ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေအရ အမွေဆက်ခံခွင့်ရှိသည်။ ထို့အတူ ကျန်ရစ်သူ ဘာသာ ခြား ဇနီးသည်သည်လည်း ၁၉၅၄ ခုနှစ် အထူးအက် ဥပဒေအရ အမွေဆက်ခံခွင့်ရှိ၊ မရှိဟူသောပြဿနာ ပေါ်ပေါက်ခဲ့ဖူးသည်။ သိသင့်သိထိုက်သော ဥပဒေ ဗဟုသုတဖြစ်သဖြင့် လမ်းညွှန်စီရင်ထုံးတစ်ခုကို ရည် ညွှန်းကိုးကားရေးသားတင်ပြပါမည်။

**အမှုဖြစ်စဉ်အကျဉ်း**

ဒေါ်အမာ(ခ) ဒေါ်မိုင်မွန်သည် ဦးစုလတန်နှင့် ပထမဆုံး အိမ်ထောင်ကျခဲ့ဖူးသည်ဟုဆိုသည်။ ဦးစုလတန်နှင့် ပေါင်းသင်းစဉ် မောင်ထွန်းကြည် (ခ) အီဗရာဟင်၊ မောင်သန်းထွန်း(ခ) မူဆာ၊ မသန်းကြည် (ခ) အမာဂျန်နှင့် မခင်ညွန့် (ခ) မခတီဇာတို့ကို မွေးဖွားခဲ့သည်။ ဒေါ်အမာသည် ၁၉၅၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ဦးစုလတန်နှင့် အစ္စလာမ်တရားတော် နှင့်အညီ တရားဝင်ကွာရှင်းခဲ့သည်။ ဒေါ်အမာသည် ၁၉၅၆ ခုနှစ် ဧပြီ ၉ ရက်တွင် ဦးအီဆာ (ခ) ဦးမောင် လှနှင့် အစ္စလာမ်တရားတော်အရ နေကာရ်ဖတ်ပြီး လက်ထပ်ခဲ့သည်။ **ဦးအီဆာ(ခ) ဦးမောင်လှသည် ဒေါ်ထွေး(ခ) ဒေါ်ဟဝါဘီနှင့် မူလကတည်းကလက်ထပ် ထိမ်းမြားပေါင်းသင်းခဲ့ဖူးပြီး** မောင်စိုးမောင်(ခ) အစ္စမိုင်ဟူသော သားတစ်ဦးရခဲ့သည်။ (၁) တရားပြိုင် ဒေါ်ထွေးသည် ဦးအီဆာနှင့်အတူနေထိုင်ခြင်းမရှိဘဲ အခြားတွင် သွားရောက်နေထိုင်စဉ် ဒေါ်အမာသည် ဦးအီဆာနှင့် လက်ထပ်ခဲ့ခြင်းဖြစ်သည်။

ဒေါ်အမာသည် ဦးအီဆာနှင့် လက်ထပ်ပေါင်းသင်း စဉ် အမှတ်(၂) တရားပြိုင် မောင်တင်မြင့် (ခ) ဟာမိဒ် ကို မွေးဖွားခဲ့သည်။ အရေးအခင်းပြီးသည့်နောက် ဦးအီဆာသည် မူလဇနီး ဒေါ်ထွေးနှင့် ပြန်လည်ပေါင်း သင်းခဲ့သည်။ ဒေါ်အမာသည် တရုတ်-ဗမာ အရေး အခင်းမဖြစ်မီ နှစ်နှစ်ခန့်ကပင် ဦးအီဆာအိမ်ပေါ်မှ ဆင်းသွားခဲ့သည်။ ထို့နောက် ဦးအီဆာ၊ ဒေါ်ထွေး၊ ဦးစိုးမောင်နှင့် ဇနီးဖြစ်သူ ဒေါ်ကြူကြူတို့နှင့် မောင် တင်မြင့်တို့သည် စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း နေအိမ်တွင် နေထိုင်ခဲ့ကြသည်။ ဦးအီဆာသည် ၁၉၈၅ ခုနှစ် မေ ၂၅ ရက်တွင် ကွယ်လွန်ခဲ့သည်။ ဒေါ်အမာသည် ဦးအီဆာကွယ်လွန်သည့်အချိန်ထိ တရားဝင်ကွာရှင်းပြတ်စဲမှုမရှိကြောင်း၊ ဦးအီဆာနှင့် ဒေါ်ထွေးတို့၏သားဖြစ်သူ မောင်စိုးမောင်သည် အမှတ်(၃) တရားပြိုင် ဒေါ်ကြူကြူနှင့် အိမ်ထောင်ကျ ပြီး အမှတ်(၄) မှ အမှတ် (၉) ထိ တရားပြိုင်များကို မွေးဖွားခဲ့သည်။

ဦးအီဆာ ကွယ်လွန်သွားသည့်အချိန်တွင် တရား လို ဒေါ်အမာနှင့် အမှတ်(၁) တရားပြိုင် ဒေါ်ထွေး ဟူသော ဇနီးနှစ်ဦး၊ ဦးစိုးမောင်၊ ဦးတင်မြင့်ဟူသော သားနှစ်ဦးတို့သည် ဦးအီဆာကျန်ရစ်သော ပစ္စည်းများ အပေါ် အစ္စလာမ်တရားဥပဒေအရ အမွေဆက်ခံပိုင် ခွင့်ရှိကြောင်း၊ မောင်စိုးမောင် ကွယ်လွန်သွားခဲ့ရာ ဇနီး ဒေါ်ကြူကြူနှင့် သားသမီးများ အမှတ်(၄) မှ အမှတ် (၉) ထိ တရားပြိုင်များသည် အစ္စလာမ် တရားဥပဒေအရ အမွေဆက်ခံပိုင်ခွင့်ရှိလာကြောင်း၊ ဗားကရာလမ်း အမှတ် (၂၅၁) ဟုခေါ်တွင်သော အဆောက်အအုံနှင့် ၎င်းအဆောက်အအုံတည်ရှိ သည့် မြေကွက်တစ်ကွက်တို့ကို ဦးစိုးမောင်အမည်ဖြင့် အငှားချထားခဲ့သော်လည်း အမွေပုံပစ္စည်းသာဖြစ် ကြောင်း၊ **ဦးအီဆာ ကျန်ရစ်ခဲ့သောပစ္စည်းများအပေါ် တရားလို ဒေါ်အမာနှင့် အမှတ်(၁) တရားပြိုင်တို့က ရှစ်ပုံတစ်ပုံစီ၊ ဦးအီဆာ၏သားနှစ်ဦးဖြစ်သူ ဦးစိုးမောင်နှင့် အမှတ်(၂) တရားပြိုင် ဦးတင်မြင့် တို့က ရှစ်ပုံခုနစ်ပုံ အမွေဆက်ဆံခွင့်ရှိကြောင်း၊ ထို့ကြောင့် ရုံးတော်မှ တရားလိုရထိုက်သည့်ဝေစုကို ပဏာမဒီကရီချမှတ်ခွဲဝေပေးရန်** အဆိုပြုစွဲဆိုခဲ့သော အမှုဖြစ်သည်။

**ရန်ကုန်တိုင်းတရားရုံး** တရားမကြီးမှုအမှတ်- ၆၁/၉၅ တွင် ဒေါ်အမာ(ခ) ဒေါ်မိုင်မွန်က ဒေါ်ထွေး (ခ) ဒေါ်ဟဝါဘီ-ဦးတင်မြင့် (ခ) ဦးဟာမိဒ်၊ ဒေါ်ကြူ ကြူ (ကိုယ်တိုင်နှင့် တရားပြိုင် (၆) မှ (၉) တို့၏ အုပ်ထိန်းသူ)၊ မအေးအေးသန်း၊ မကြည်ကြည်မြင့်၊ မောင်ထွန်းထွန်းဝင်း၊ မသန်းသန်းကြည်၊ မောင် သန့်ဇော်မြင့်နှင့် မောင်စိုးနိုင်(ခ) အာယာဒ်အီဗရာဟန်တို့အပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာတွင် အမှုအတွင်း ဒေါ်အမာ ကွယ်လွန်သွား၍ ၎င်း၏ သားသမီးများဖြစ်သော ဦးအီဗရာဟင်၊ ဦးသန်းထွန်း၊ ဒေါ်အမာဂျန်နှင့် ဒေါ်ခင်ညွန့်တို့ကို တရားဝင်ကိုယ် စားလှယ်အဖြစ် ထည့်သွင်းစွဲဆိုခဲ့သော်လည်း **တိုင်း တရားရုံးက တရားလိုစွဲဆိုသောအမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့သည်။**

ဦးအီဗရာဟင်ပါ-၄ ဦးတို့က တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခဲ့ရာ မူလအမှုတွင် တရားပြိုင်အမှတ် (၂) ဖြင့် ပါဝင်သော ဦးတင်မြင့် (ခ) ဦးဟာမိဒ်ကလည်း မိမိ၏မိခင် ဒေါ်အမာ (ခ) ဒေါ်မိုင်မွန် အခွင့်အရေး ဆုံးရှုံးကြောင်း၊ မိမိ၏အမွေဆက်ခံခွင့်ကိုလည်း ပိတ် ဆို့ခြင်းခံရကြောင်းဖြင့် ကျန်တရားပြိုင်များနှင့် အယူခံ တရားလိုများကို အယူခံတရားပြိုင်အဖြစ်ထား၍ အယူခံဝင်သည်။ တရားရုံးချုပ်က အယူခံမှုနှစ်မှု စလုံးအပေါ် လက်ခံကြားနာစီရင်ဆုံးဖြတ်ခဲ့သည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

တိုင်းတရားရုံးက တရားလိုဒေါ်အမာသည် အစ္စလာမ်ဘာသာဝင် မွတ်ဆလင်လူမျိုးဖြစ်ကြောင်း၊ အမှတ် (၁) တရားပြိုင် ဒေါ်ထွေးသည် ဗမာလူမျိုး ဗုဒ္ဓဘာသာကိုးကွယ်သူဖြစ်ကြောင်း၊ ကွယ်လွန်သူသည် အစ္စလာမ်ဘာသာဝင် မွတ်ဆလင်လူမျိုးတစ်ဦးဖြစ် သောကြောင့် တရားလိုသည် သာမန်အားဖြင့် ကွယ်လွန်သူ၏အမွေကို ဆက်ခံခွင့်ရှိကြောင်း "သို့ရာ တွင် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူး ထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေပြဋ္ဌာန်း ပြီးသည့်နောက်ပိုင်းတွင် ဗုဒ္ဓဘာသာဝင်မိန်းမနှင့် အစ္စလာမ်ဘာသာဝင်ယောကျ်ားတို့ လက်ထပ်ထိမ်းမြား ကြလျှင် ၎င်းတို့၏ အမွေဆက်ခံရေး၊ အမွေခွဲရေးတို့ကို ဗုဒ္ဓဘာသာဓမ္မသတ်နှင့်အညီသာလျှင် ဆုံးဖြတ်ရမည် ဖြစ်ကြောင်း"သုံးသပ်၍ တရားလိုစွဲဆိုသောအမှုကို ပလပ်ခဲ့ကြောင်း တရားရုံးချုပ်က ဦးစွာစိစစ်ခဲ့သည်။



သက်သေခံအထောက်အထားများအရ ဒေါ်ထွေး သည် ဗမာဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပြီး ဦးအီဆာနှင့် ဒေါ်ထွေးတို့ ပေါင်းသင်းနေထိုင်ကြသူသည် ဗုဒ္ဓ ဘာသာဓမ္မသတ် (မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ) လင်မယားအရာမြောက်မည် ပေါင်းဖက်နေထိုင်ပြုမှု ကြပုံမျိုးဖြစ်သည့်အတွက် ဦးအီဆာနှင့် ဒေါ်ထွေးတို့ သည် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူး ထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေအရ ထိမ်း မြားခဲ့ကြသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း တရားရုံး ချုပ်က စိစစ်သုံးသပ်ခဲ့သည်။

အဆိုပါဥပဒေပုဒ်မ-၂၄ နှင့် ၂၆ ပါ ကိစ္စများအလို့ ငှာ မိသားစုဆိုသည့်စကားရပ်တွင် တရားဝင်မယား သို့မဟုတ် မယားများနှင့် တရားဝင်သားသမီးများ ပါဝင်သည်ဖြစ်ရာ **အစ္စလာမ်ဘာသာဝင် ဒေါ်အမာ (ခ) ဒေါ်မိုင်မွန်သည် တရားဝင်မယားတစ်ဦးဖြစ်သည့် အတွက် ဦးအီဆာ (ခ) ဦးမောင်လှ၏ မိသားစုဝင် ဖြစ်ကြောင်း အငြင်းပွားဖွယ်ရာမရှိ။ သို့ဖြစ်ရာ ကွယ်လွန်သူ ဦးအီဆာ၏ အမွေဆက်ခံမှုတွင် ဗုဒ္ဓ ဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေ ဆက်ခံမှုအက်ဥပဒေပုဒ်မ-၂၆ အရ ဦးအီဆာ၊ ဒေါ်အမာ၊ ဒေါ်ထွေးနှင့် ၎င်းတို့၏ သားသမီးသားစု အားလုံးသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးချည်း ဖြစ်ဘိသကဲ့သို့၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း** တရားရုံးချုပ်က ဆင်ခြင် သုံးသပ်ခဲ့သည်။

၁၉၅၄ ခုနှစ် အထူးအက်ဥပဒေသည် ဗုဒ္ဓဘာသာ ဝင် မိန်းမကို တရားဝင်ထိမ်းမြားပြီးသည့် မယားအဖြစ် အသိအမှတ်ပြုသည်။ အခြားတရားဝင်မယားများရှိနေ လျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တန်းတူရည်တူ လင်၏အမွေကို ဆက်ခံခွင့်ရှိသည့် တရားဝင်မယားပြိုင် အဖြစ်ကို ပေးသည်။ အထူးဥပဒေကပေးသောအခွင့် အရေးကို တရားရုံးက နုတ်ပယ်၍မရကြောင်း **ဒေါ်ကြည်ကြည်နှင့် မစ္စ(စ်)မေရီဂိန် အမှု ၁၉၇၁ ခုနှစ် မ.တ.စ စာ-၅၂ ကို** ရည်ညွှန်းခဲ့သည်။ အခြား ဘာသာကိုးကွယ်သူ ကွယ်လွန်သူ၏ တရားဝင်မယား ကို အမွေဆက်ခံခွင့်မရှိဟု တားမြစ်ထားခြင်းမဟုတ် ကြောင်း၊ အခြားဘာသာဝင်ဖြစ်သည့် တရားဝင်မယား သည် ဗုဒ္ဓဘာသာမြန်မာလူမျိုးအနေဖြင့် မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ ရထိုက်ခွင့်ရှိသည့်အမွေကို ဆက်ခံရရှိခွင့်ရှိရမည်ဖြစ်ကြောင်း တရားရုံးချုပ်က တိကျပြတ်သားစွာသုံးသပ်ခဲ့သည်။

ဒေါ်အမာနှင့် ဒေါ်ထွေးတို့သည် တရားဝင်မယား များဖြစ်ပါလျက် တိုင်းတရားရုံးက အစ္စလာမ်ဘာသာ ဝင် ခင်ပွန်း ဦးအီဆာ ကွယ်လွန်သည့်အခါ ကျန်ရစ် သည့်ပစ္စည်းများကို ဗုဒ္ဓဘာသာဓမ္မသတ်အရ ဗုဒ္ဓ ဘာသာကိုးကွယ်သူ ဇနီး ဒေါ်ထွေးကသာ ဆက်ခံ ပိုင်ဆိုင်မည်ဖြစ်ရာ တရားလိုအနေဖြင့် ခံစားခွင့်ရှိ သည့် အမွေပစ္စည်းတစ်စုံတစ်ရာ ကျန်ရစ်ခြင်းမရှိတော့ ဟု သုံးသပ်ဆုံးဖြတ်ခြင်းမှာ မှန်ကန်သည်ဟုမဆိုနိုင် ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

ဦးအီဆာသည် မယားနှစ်ယောက်နှင့်ပေါင်းသင်း စဉ် လက်ထက်ပွားပစ္စည်းများ ဖြစ်ထွန်းခဲ့ကြောင်း ထင်ရှားသည်။ ဒေါ်အမာ အဆိုပြုတင်ပြသည့် နောက် ဆက်တွဲ (က) စာရင်းအမှတ်စဉ် (၂) ပါ ဂရန်မြေ ကွက်တစ်ကွက်နှင့် အဆောက်အအုံတစ်လုံးမှာ ကွယ် လွန်သူ ဦးအီဆာအမည်ဖြင့် ကျန်ရစ်သောပစ္စည်းဖြစ် ကြောင်း ပေါ်ပေါက်သည်။ အမွေစီမံခန့်ခွဲပေးစေလို မှုတွင် အမှုသည်များသည် အမွေဆိုင်ဖြစ်ပြီး စီမံ ခန့်ခွဲပေးရန် အမွေပစ္စည်းကျန်ရစ်ပါက တရားရုံးသည် အမွေဆိုင်များ၏ အမွေစုများကို ဥပဒေနှင့်အညီ သတ်မှတ်ပေးပြီး **ပဏာမဒီကရီချမှတ်၍ အမွေပစ္စည်း များနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရမည်ဖြစ်သည်။ မည်သည့်ပစ္စည်းများသည် အမွေပစ္စည်းများဖြစ် ကြောင်း၊ မည်သည့်ပစ္စည်းများသည် မည်သူပိုင်ဖြစ် ကြောင်း ပဏာမဒီကရီမချမှတ်မီ တရားရုံးက စုံစမ်း စစ်ဆေးဆုံးဖြတ်ရန် မလိုကြောင်း** တရားရုံးချုပ်က မှတ်ချက်ပြုခဲ့သည်။

တိုင်းတရားရုံးက **ကွယ်လွန်သူ ဦးအီဆာကျန်ရစ် သော ပစ္စည်းများဖြစ်သည်ဟု အဆိုပြုထားသော ပစ္စည်းနှစ်မျိုးအနက် အမှတ်စဉ်(၁) ပစ္စည်းမှာ ဦးစိုး မောင် အမည်ပေါက်နေသဖြင့် ဦးစိုးမောင်ကျန်ရစ် သောပစ္စည်းဖြစ်ကြောင်း၊ ကွယ်လွန်သူ ဦးအီဆာ ကျန်ရစ်သော ပစ္စည်းမဟုတ်ကြောင်း ကောက်ယူ ဆုံးဖြတ်ခြင်းသည် ပဏာမဒီကရီချမှတ်ခြင်းမပြုမီ ဆုံးဖြတ်ရန်မလိုဘဲ ဆုံးဖြတ်ခြင်းဖြစ်စေရာ တိုင်း တရားရုံး၏ဆုံးဖြတ်ချက်သည် မှန်ကန်သည်ဟု မဆို နိုင်ကြောင်း** တရားရုံးချုပ်က ဥပဒေနှင့်အညီ မှတ်ချက်ပြုခဲ့သည်။

ထို့ကြောင့် အယူခံမှုနှစ်မှုစလုံးကို တရားရုံးချုပ်က ခွင့်ပြုလိုက်သည်။ တရားလိုစွဲဆိုသောအမှုကို စရိတ် နှင့်တကွ ပလပ်သော ရန်ကုန်တိုင်းတရားရုံး၏စီရင် ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။ **တရားလို ဒေါ်အမာ (ခ) ဒေါ်မိုင်မွန်သည် ကွယ်လွန်သူ ဦးအီဆာ (ခ) ဦးမောင်လှ ကျန်ရစ်သည့်ပစ္စည်းများ အနက် ဦးအီဆာနှင့်ပေါင်းသင်းစဉ် ဖြစ်ထွန်းသည့် လက်ထက်ပွားပစ္စည်းမှ ထက်ဝက်နှင့် ဒေါ်ထွေး(ခ) ဒေါ်ဟဝါဘီနှင့် ဦးအီဆာတို့၏ လက်ထက်ပွားပစ္စည်း များ၏ သုံးပုံတစ်ပုံကို ဝေစုရထိုက်ကြောင်း တရား ရုံးချုပ်က ပဏာမဒီကရီချမှတ်လိုက်သည်။**

ဤအမှုတွင် တရားရုံးချုပ်က စီရင်ဆုံးဖြတ်ထုံးဖွဲ့ လိုက်ခြင်းကြောင့် ပြည်သူများအနေဖြင့် ဗဟုသုတ များစွာရရှိသည်။ လိုရင်းအချုပ်အားဖြင့် အစ္စလာမ် ဘာသာဝင်ကိုးကွယ်သူ ခင်ပွန်းကွယ်လွန်သွားပါက ကျန်ရှိသည့်လက်ထက်ပွားပစ္စည်းကို တရားဝင် လက်ထပ်ပေါင်းသင်းထားသော ဗုဒ္ဓဘာသာဝင်ဇနီး သာမက အစ္စလာမ်ဘာသာကိုးကွယ်သူဇနီးသည် သည်လည်း အချိုးကျခံစားပိုင်ခွင့်ရှိကြောင်း ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ၏ ဆိုလိုရင်းအနှစ်သာရ ကို ကောင်းစွာသိရှိနိုင်ကြပြီဖြစ်သည်။ (ဦးအီဗရာဟင် (ခ) ဦးထွန်းကြည်ပါ-၄ ဦးတင်မြင့် (ခ) ဦးဟာမိဒ်နှင့် ဒေါ်ထွေး (ခ) ဒေါ်ဟဝါဘီပါ-၉ ဦးအီဗရာဟင် (ခ) ဦးထွန်းကြည်ပါ ၁၀၂/၂၀၀၀ ပြည်နှစ် တရားမအယူခံ မှုအမှတ်-၂၇၂ နှင့် ၂၇၃ စီရင်ထုံး)ကို ရည်ညွှန်း ကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# မော်လမြိုင်မြို့နယ်တွင် တည်ဆောက်မည့် တန် ၆၀ ကျ ဆန်ကြိတ်ခွဲစက်ကို ၂၀၂၃ ခုနှစ် မိုးစပါးအမီ ကြိတ်ခွဲနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်



ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်ရှိ တန် ၆၀ ကျ ဆန်ကြိတ်ခွဲစက်ရုံကို တွေ့ရစဉ်။

**မော်လမြိုင် နိုဝင်ဘာ ၁၆**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တွင် တည်ဆောက်မည့် တန် ၆၀ ကျ ဆန်ကြိတ်ခွဲစက်ကို ၂၀၂၃ ခုနှစ် မိုးစပါးအမီ ကြိတ်ခွဲနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးအောင်ကြည်သိန်းထံမှ သိရသည်။

မွန်ပြည်နယ်သည် ပြည်ပသို့ ဆန်တင်ပို့နိုင်ရန် ကောင်းမွန်သည့် အခြေအနေများ ရှိနေသောကြောင့် လိုအပ်နေသည့် ခေတ်မီဆန်စက်ကြီးများ တည်ဆောက်နိုင်ရန်အတွက် စီစဉ်နေခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် တစ်ရက်လျှင် တန် ၆၀ ကျ ဆန်ကြိတ်ခွဲစက်တည်ဆောက်ရန် မြေနေရာကို မော်လမြိုင်မြို့နယ် သမဝါယမအသင်းစုပိုင်ဆိုင်သည့် မြေနေရာတွင် သတ်မှတ်ထားပြီး ရှယ်ယာခေါ်ခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုကတော့ စီစဉ်ဆောင်ရွက်နေဆဲ အခြေအနေဖြစ်ပါတယ်။ နောက်နှစ် မိုးစပါးအချိန်မီကြိတ်ခွဲနိုင်အောင်ပေါ့။ လာမဲ့ ၂၀၂၃ မိုးရာသီအတွက်စပါးတွေကို အချိန်မီကြိတ်ခွဲနိုင်အောင် အတတ်နိုင်ဆုံး စီစဉ်နေပါတယ်"ဟု မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးအောင်ကြည်သိန်းက ပြောပြသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်းစားနပ်ရိက္ခာများ ဖူလုံစေရေးအပြင် ထွက်ရှိသည့်စပါးများ အလေအလွင့်မရှိစေရန်နှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိအောင် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်နှင့် ပေါင်းစပ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ်တွင် ၂၀၂၁ ခုနှစ်က မိုးစပါး ၆၁၈၁၇၆ ဧကစိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ၆၅၉၆၅၈ ဧက စိုက်ပျိုးနိုင်ခဲ့ရာ ယခင်နှစ်ထက် ၄၁၂၈၂ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဦးအောင်ကြည်သိန်းက ပြောပြ၍ သိရသည်။ ASH

# ကောင်းကင်ဓာတ်ပုံအသုံးပြု သီးနှံအထွက်နှုန်း ဆန်းစစ်အကဲဖြတ်စင်တာဆောက်လုပ်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၆**

စားနပ်ရိက္ခာဖူလုံမှုကိုခန့်မှန်း ဆောင်ရွက်နိုင်ရန် ကောင်းကင်ဓာတ်ပုံအသုံးပြုသီးနှံအထွက်နှုန်း ဆန်းစစ်အကဲဖြတ်စင်တာ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ နိုဝင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် စားနပ်ရိက္ခာဖူလုံမှုကို ခန့်မှန်းဆောင်ရွက်နိုင်ရန်အတွက် ကောင်းကင်ဓာတ်ပုံအသုံးပြု သီးနှံအထွက်နှုန်း ဆန်းစစ်အကဲဖြတ်စင်တာ အဆောက်အအုံကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ကောင်းကင်ဓာတ်ပုံအသုံးပြု သီးနှံအထွက်နှုန်း ဆန်းစစ်အကဲဖြတ်စင်တာအဆောက်အအုံကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း (၂၀၂၂) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်မည့် အဆောက်အအုံ၏ အရွယ်အစားမှာ အလျားပေ ၄၀၊ အနံပေ ၇၀၊ အမြင့် ၂၄ ပေဖြစ်ပြီး ရေ၊ မီး၊ မိလ္လာ အစီအစဉ်များ ထည့်သွင်းဆောက်လုပ်သွားမည့် သွပ်မိုး၊ RC နှစ်ထပ်အဆောက်အအုံဖြစ်ကြောင်း၊ အဆိုပါ အဆောက်အအုံကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ကာ လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တင်ဒါလျှောက်လွှာပုံစံများကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ရုံးချုပ်ရုံးအမှတ်(၄၃) နေပြည်တော်တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှစတင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိတ်ပါဝင်စားသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် တင်ဒါအဆိုပြုလွှာများကို အဆိုပါရုံးတွင် ဝယ်ယူတင်သွင်းနိုင်မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက် ညနေ ၄ နာရီတွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ကြောင်း၊ တင်ဒါအဆိုပြုလွှာများဝယ်ယူမှုနှင့် အဆိုပါ ကောင်းကင်ဓာတ်ပုံအသုံးပြု သီးနှံအထွက်နှုန်း ဆန်းစစ်အကဲဖြတ်စင်တာ အဆောက်အအုံ၏ အသေးစိတ်အချက်အလက်များ၊ စည်းကမ်းချက်များနှင့်ပတ်သက်၍ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ရုံးအမှတ်(၄၃) နေပြည်တော်သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

SKL

# မိုးကောင်းမြို့နယ် ကျေးရွာနှစ်ရွာတွင် စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**မိုးကောင်း နိုဝင်ဘာ ၁၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်လျက်ရှိသော အင်ကြွင်းကုန်းကျေးရွာနှင့် နန့်လှိုင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၁၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသောင်းထိုက်နှင့် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူဝင်းနှင့် တာဝန်ရှိသူများက အင်ကြွင်းကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသူများ၏ မြေပြင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီဝင်များက ရှင်းလင်းတင်ပြခဲ့ရာ ခရိုင်ဦးစီးမှူးက ကဏ္ဍအလိုက် ဖြည့်သွင်းရသည့် စီမံကိန်းငွေစာရင်းပုံစံများ ဖြည့်သွင်းထားရှိမှုတို့ကို စစ်ဆေးသည်။

ဆက်လက်၍ တာဝန်ရှိသူများက နန့်လှိုင်ကျေးရွာတွင် VDP စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာခန်းမ



ဆောင်တည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

မိုးကောင်းမြို့နယ် အင်ကြွင်းကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒုတိယနှစ်စက်ဝန်း ရန်ပုံငွေကျပ် ၃၂ ဒသမ ၅၅ သန်းဖြင့် အသင်းသား ၁၄၇ ဦးက မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး နန့်လှိုင်ကျေးရွာတွင် VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် အလျား ၄၅ ပေ၊ အနံ ၁၈ ပေနှင့် အမြင့် ၁၂ ပေရှိ ကျေးရွာခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းများကို ဩဂုတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ခန့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချစ်ဦးကို**

# လားရှိုးမြို့နယ် စယ်အင့်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**လားရှိုး နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စယ်အင့်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သီရိမမစိုးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ စယ်အင့်ကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ စယ်အင့်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အစေ့ထုတ်ပြောင်းစိုက်ပျိုးသည့် အသင်းသားဦးရေ ၄၀ ကို ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း၊ စီမံကိန်းချေးငွေများကို ကျေးရွာရှိ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း လားရှိုးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သီရိမမစိုးက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(မျှော်ဘွယ်)**

# ပခုက္ကူမြို့နယ်၌ သံဖြင့်လူသုံးကုန်ပစ္စည်းပြုလုပ်ခြင်းနှင့် သံဂဟေဆက်သင်တန်းဆင်းပွဲကျင်းပ

**ပခုက္ကူ နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ လူငယ်များ အလုပ်အကိုင်ရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သံဖြင့်လူသုံးကုန်ပစ္စည်းပြုလုပ်ခြင်းနှင့် သံဂဟေဆက်သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းနိုင်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်ထွန်းက သင်တန်းတွင် သံဖြင့်လူသုံးကုန်ပစ္စည်းပြုလုပ်နည်း အမျိုးမျိုးနှင့် ဂဟေဆက်ခြင်းအတတ်ပညာများကို စာတွေ့၊ လက်တွေ့သင်ကြားခဲ့ပြီးဖြစ်၍ အဆိုပါအတတ်ပညာများကို လက်တွေ့အသုံးချပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းနိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ထွန်းတို့က တက်ရောက်လာကြသော သင်တန်းသားဦးရေ ၂၀ ကို သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းတွင်အသုံးပြုခဲ့သည့် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်ထိ ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချခဲ့ပြီး ပခုက္ကူမြို့နယ်အတွင်းရှိ ဘောလုံးခုံကျေးရွာ၊ ရွာပင်ကျေးရွာ၊ စိုတွင်းကျေးရွာ၊ ကျွဲတဲကျေးရွာနှင့် ဘဲကြီးကျေးရွာတို့မှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြကြောင်း ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့်သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ညောင်လေးပင်မြို့နယ် ငါးကြီးအိုင်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**ညောင်လေးပင် နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For Work စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် ချောင်းရင်းအုပ်စု ငါးကြီးအိုင်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ငါးကြီးအိုင်ကျေးရွာ၌ Cash For Work စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန်နှင့် လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ငါးကြီးအိုင်ကျေးရွာ၌ လမ်းအရှည်ပေ ၂၄၉၀၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို Cash For Work စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းလွင်(မကွေး)**

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၆-၉-၂၀၂၂** ရက်နေ့မှစတင်၍ **၂၂-၁၂-၂၀၂၂** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဒီဇင်ဘာလ ၂၉ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့် အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

FDA အမှတ်-1907 PC 0040

ထာဝရလှပသော အပြုံးအတွက်

DENTOMEC

သွားဆရာဝန်များ၏ထောက်ခံချက်ရရှိထားပါသည်။




ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၆၈၀၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၀၀၉၀၇၇

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

ရတနာပုံခန်းမ











ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ပဒေသာကပွဲ၊
နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ ၊တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများငှားရမ်းခြင်းနှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး၊
ဖုန်း-၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉ ၆၇၈၉၉၉၉၁၊ ၀၉ ၆၇၈၉၉၉၉၂

## ရွှေမိုက်နှင့်ရွှေသက်န်းကပ် တင်ဒါ/လေလံကြော်ငြာ

၁။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် တုရင်တောင်စွယ်တော်မြတ်စေတီတော်ကြီးအား လုံးတော်ပြည့် ရွှေသက်န်းကပ်လှူခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ လက်ရှိရွှေမိုက်များကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။ ရွှေသက်န်းကပ်လှူခြင်းလုပ်ငန်းလုပ်ကိုင်လိုသူများသည် (၉)လက်မပတ်လည်ကြေးပြားတစ်ချပ်ပေါ်တွင် ရွှေချပြီး နမူနာနှင့်အတူ တင်ဒါတင်သွင်းနိုင်ပါသည်။

၃။ လေလံနှင့်တင်ဒါလျှောက်လွှာများကို (၁၃၈၄)ခုနှစ်၊ ပြာသိုလပြည့်ကျော်(၉)ရက်၊ (၁၆-၁၂-၂၀၂၂)၊ သောကြာနေ့ နံနက်(၀၉၀၀)နာရီအချိန်တွင် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပြီး လေလံတင်ဒါပွဲကို (၁၃၀၀)နာရီ တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ တင်ဒါလေလံအတွက် အသေးစိတ်စည်းကမ်းချက်များကို ရုံးချိန်အတွင်း တုရင်တောင်စွယ်တော်မြတ် စေတီတော်ဂေါပကရုံးသို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တုရင်တောင်စွယ်တော်မြတ်စေတီ ဘဏ္ဍာတော်ထိန်း၊**
**ဂေါပကအဖွဲ့၊ ညောင်ဦးမြို့**
**ဖုန်း၊ ၀၉-၂၀၄၂၆၀၀၊ ၀၉-၂၅၈၃၁၂၅၃၃**

## “သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း”

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်နေ ဟာဂျီ ဦးတွတ်၊ ဟာဂျီမ ဒေါ်နှင်းရီ (၅/စကန(နိုင်)၁၅၈၁၈၀)တို့၏ သားဖြစ်သူ ကိုစောနိုင်ဦး (၅/စကန(နိုင်)၁၅၅၂၅၅)သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ**
**ဟာဂျီမ ဒေါ်နှင်းရီ (၅/စကန(နိုင်)၁၅၈၁၈၀)**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့နယ်၊ ဆင်ခေါင်းကြီး(အ.မ.က)၊ ပထမတန်းတွင် ပညာသင်ကြားနေသော မယွန်းပြည့်ရတီအောင်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးကျော်စိုးလင်း (၉/ပဥလ(နိုင်)၀၅၃၅၃၅) ဖြစ်ပါကြောင်း။

**ဦးကျော်စိုးလင်း**
**(၉/ပဥလ(နိုင်)၀၅၃၅၃၅)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အရှေ့ရပ်ကွက်၊ အကွက်(၄၂၉)၊ ဦးပိုင်(၈/) မြေဧရိယာ အရှေ့အနောက်(၂၀)ပေ၊ တောင်မြောက် (၃၅)ပေအကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်သုံးစွဲခွင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရောက်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဝန်ခံကတိပြုသူ ဒေါ်အိမွန်(ဘ)ဦးသိန်းဇော်(၉/မရတ(နိုင်)၁၁၉၀၀၀)ထံမှ ကျွန်ုပ် ဦးမင်းမင်း (ဘ) ဦးတင်မြင့် (၉/မနတ(နိုင်)၀၀၇၆၄၀)နှင့် ကိုရန်အောင်ထက် (ဘ) ဦးအုန်းမြင့် (၉/မဟမ(နိုင်)၀၂၁၇၉၈)တို့ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါရောင်းချသည့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ကြေညာသူများ**

**ဦးမင်းမင်း(၉/မနတ(နိုင်)၀၀၇၆၄၀)** **ကိုရန်အောင်ထက်(၉/မဟမ(နိုင်)၀၂၁၇၉၈)**

**ဖုန်း/ ၀၉-၄၅၅၅၂၇၀၂၇**

## ပျောက်ဆုံးကြောင်း

ထန်းတပင်မြို့နယ် ကင်းမွန်ချုံကျေးရွာနေ ဦးသိရိဝံ့ဇန (ဘ) ဦးစောခိုင်းမွန်း (၉/ခမစ(သ)၀၀၃၇၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၇၄၆၈၇၇၆၅**

## ပျောက်ဆုံးကြောင်း

ဝါးခယ်မမြို့နေ ကျော်ဝေယံမင်း(ဘ) ဦးကျော်ငြိမ်း (၁၄/ဝခမ(နိုင်)၂၀၅၄၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၉၅၈၅၆၈၆၄၂**

## ပျောက်ဆုံးကြောင်း

လမ္မတ္တာမြို့နယ်နေ သက်ပိုင်အောင် (ဘ) ဦးအောင်မြင့်ဦး (၁၄/ပစလ(နိုင်)၀၂၀၂၂၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၈၀၁၇၁၈၃၇**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေများ မတည်ထူထောင်ပေးခဲ့ပြီး ကျန်ရှိသည့်ငွေများမှ MSME လုပ်ငန်းများနှင့် မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထား...

❖ MSME လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက စည်းမျဉ်းစည်းကမ်းများရေးဆွဲ၍ ငွေကြေးများ ချေးငှားပေးရန် အဆင်သင့်ရှိ...

**(အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဇက်တင်ဘာ ၂၃ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# တပ်မတော်( ကြည်း၊ ရေ၊ လေ )အားကစားပြိုင်ပွဲများ ဒုတိယနေ့ ဆက်လက်ကျင်းပ





၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၆**

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ဒုတိယနေ့အဖြစ် ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများတွင် ဆက်လက်ကျင်းပပြုလုပ်သည်။

တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများဖြစ်သည့် လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက်ရှုံးထွက်ပွဲစဉ် လက်ဝှေ့ပြိုင်ပွဲများကိုလည်းကောင်း၊ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲမှ အမျိုးသား၊အမျိုးသမီး မီတာ ၃၀၀၀ တားဆီးကျော်အပြေးပြိုင်ပွဲ၊ အမျိုးသားတုတ်ထောက်ခုန်ပြိုင်ပွဲ၊ အမျိုးသားကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး **စာမျက်နှာ ၁၆ ကော်လံ ၄☆**

**ဝေးလံခေါင်းပါးသောဒေသများရှိ တိုက်နယ်ဆေးရုံများတွင် သွားရောက်တာဝန်ထမ်းဆောင်ရန်အတွက် တပ်မတော်မှ ပါရဂူများနှင့် ဆေးမှူးများ နေပြည်တော်မှ ထွက်ခွာ** စာမျက်နှာ - ၂၀

**မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးရာတွင် ဈေးကွက်၌ဈေးကောင်းရသည့်အတွက် ရန်ကုန်မြို့ရှိ ဆိပ်ကမ်း ကိုးခုတွင် ကုန်စည်စီးဆင်းမှုများဖြင့် စည်ကားလျက်ရှိ** စာမျက်နှာ - ၂၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏(၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV HD)၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Websiteနှင့် မြန်မာ့အသံရေဒီယို၊သဇင် FM၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြားFM ၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FMတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**